www.burmeseclassic.com



www.burmeseclassic.com

# ရွှန်းရမိမိုး

## နှလုံးသား
## ကံစမ်းမဲ

BURMESE CLASSIC .com

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ငပွေးတစ်ကောင်ပါ။ ရည်းစားတွေ သက်စေ့မက ပတ်လည်ရှုပ်နေရမှ စားဝင်အိပ်ပျော်တယ်။ ဘေးမှာ ကောင်မလေးတစ်ယောက်ယောက်ရှိနေမှ အဲဒီနေ့က နေသာထိုင်သာရှိတယ်။ ဒါပေမဲ့ အဲဒီရည်းစားတွေထဲမှာမှ တစ်ယောက်သော သူကိုတော့ ကျွန်တော် အချစ်ဆုံးပဲဗျာ။ သူ မရှိရင် ကျွန်တော် သေသွားနိုင်တယ်။ ဒါပေမဲ့ဗျာ ကျွန်တော့်ဘာလို့ သူ့ကိုစိတ်ဆင်းရဲအောင်တွေချည်းပဲ လုပ်မိနေလဲ မသိဘူး။ သူ့ကို ကျွန်တော်အရမ်းအနိုင်ယူတတ်တယ်။ ရင်ထဲက တစိမ့်စိမ့် ချစ်နေရက်နဲ့ စကားကြမ်းကြမ်းတွေနဲ့ပဲ ပစ်ပေါက်နေမိတယ်။

ကျွန်တော်ကြောင့် သူ ...

မျက်ရည်ကျခဲ့ရတဲ့ရက်တွေ မနည်းဘူး။

စောနုဝေဝပ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အရှက်ကွဲခဲ့ရတဲ့ အဖြစ်အပျက်တွေ အများကြီးပဲ။

ဘုရားစူး ကျိန်ရဲပါတယ်ဗျာ။

ကျွန်တော် သူမကလေးကို တကယ်ချစ်တာပါ။

ညို့(စေါ)

ထက်ပိုင်ထွဋ်





ကျွန်တော့်ဘဝမှာ ရည်းစားဆိုလို့ မူးလို့ရှူစရာတောင် မရှိခဲ့ပါဘူး။ မိန်းကလေးတစ်ယောက်နဲ့ မတွေ့ခင်ထိ ကျွန်တော်ဟာ ကမ္ဘာပေါ်မှာ မိန်းမဆိုတာ ရှိတယ်လို့တောင် မထင်ခဲ့တဲ့ကောင်ပါ။

ဒါပေမဲ့ ...

သူမနဲ့တွေ့တော့ ကျွန်တော့်နှလုံးသားတစ်ခုလုံး ပြောင်းဆန်သွားတယ်။ Love at first sight ! ပဲဗျာ။

ကျွန်တော့်ဘဝက သူမ ...

ကျွန်တော့်ရဲ့စက္ကန့်တိုင်းက သူမ ...

ကျွန်တော့်ရဲ့အရာရာတိုင်းကို သူမပဲ ပိုင်စိုးစေ။

ကျွန်တော် အရှမ်းအလိုလိုက်ခဲ့တဲ့ ကျွန်တော့်ချစ်သူလေးက ကျွန်တော့်ကို အရှမ်းနိုင်စားတယ်။



www.burmeseclassic.com

ဒါပေမဲ့ သူ့နှုတ်ခမ်းလေး အမြဲပြုံးနေရင် ကျွန်တော် ကျေနပ်တယ်။

ကျေနပ်စွာ ချစ်မွဝတဲ့ ကျွန်တော့်နှုတ်သမီးလေးပါပဲဗျာ

**မောင်ဟိန်း(ဓေါ်)**

**ဟိန်းကမ္ဘာ**





ကျွန်မဘဝမှာ ကျွန်မကို ဖိနပ်ကြိုးချည်ပေးတဲ့ချစ်သူ တစ်ယောက်ရယ် ...

ကျွန်မက ဖိနပ်ကြိုးချည်ပေးရတဲ့ ချစ်သူတစ်ယောက် ရယ် ရှိတယ်။

ကျွန်မကို တစ်ယောက်က ဖိနပ်ကြိုးချည်ပေးနေတိုင်း ကျွန်မက ဖိနပ်ကြိုးချည်ပေးရတဲ့တစ်ယောက်ကို အမြဲသတိရတတ်တယ်။

ကျွန်မက တစ်ယောက်ကို အနိုင်ကျင့်မိတိုင်း ကျွန်မကို နိုင်စားလွန်းတဲ့ တစ်ယောက်ကို သတိရတယ်။

ကျွန်မ ချစ်သူနှစ်ယောက်က အဖြူနဲ့အမည်း ဖြစ်နေတယ်။

www.burmeseclassic.com



ဒါပေမဲ့ ကျွန်မလို အရွှးက အမည်းရောင်ကိုမှ ရှုးရှုးမှုးမှုးကို မက်မောသတဲ့လေ။

ရယူခြင်းထက် ပေးဆပ်ပြီး ချစ်ရတာကိုမှ ပိုပြီး တပ်မက်မိသတဲ့။

ကဲ ... နောက်ဆုံး ကျွန်မ သူတို့ကို ဘယ်လိုရွေးချယ်မယ် ထင်သလဲ ? ။

မြရောင်ချိုချို





ထက်ပိုင်ထွင့် ဆိုတာ ပန်းတိုင်းနားတဲ့လိပ်ပြာတဲ့။ ဘယ်ပန်းကိုမဆို အချစ်တွေ ဝေမျှတတ်သတဲ့။ ဘယ်ပန်းအပေါ်မဆို မေတ္တာထားနိုင်သတဲ့။ သူပြောသလိုဆိုရင် တစ်ယောက်ဆိုတစ်ယောက် ပိတောက်ဆိုပိတောက် ချစ်တတ်တဲ့ သူတွေကပဲ အတ္တသမားကြီးတွေလို့လို့။

သစ္စာမဲ့တဲ့သူတွေဟာ ပလီပလာ ပညာစကားတွေနဲ့ သူတို့အပြစ်တွေကို ရှောင်ကွင်းတတ်တာ ဓမ္မတာပဲလေ။

အဲဒီလို ထက်ပိုင်ထွင့်အကြောင်း မြရောင်ကြားဖူးနေတာ ကြာပါပြီ။

ဘာလို့လဲ ဆိုတော့ မြရောင်ရဲ့အစ်မဝမ်းကွဲတွေ၊ မြရောင်ရဲ့ သူငယ်ချင်းတွေထဲမှာလည်း ထက်ပိုင်ထွင့်နဲ့ ပတ်သက်ဖူးတဲ့ ပန်းကလေးတွေ ရှိနေလို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မြရောင် ထက်ပိုင်ထွဋ်ကို အပြင်မှာ မမြင်ဖူးပေမယ့် သူငယ်ချင်းရဲ့ဖုန်းထဲမှာ မြင်ဖူးသည်။ ထက်ပိုင်ထွဋ်က သူ့ရဲ့ ရည်းစားတွေကို ဓာတ်ပုံပေးလေ့ မရှိဘူးတဲ့။ အဲဒီသူငယ်ချင်းတောင် သူ့ဖုန်းနဲ့ အတင်းရိုက်ယူလာလို့။

ဖုန်းထဲမှာ နှုတ်ခမ်းကို ခပ်မဲ့မဲ့နဲ့ ဘေးတစောင်းပုံပဲ မြင်ရတာမို့ မျက်နှာကို သေချာမမြင်ရ။ ဒါပေမဲ့ အဲဒီ မပီမပြင် မြင်ရတာတောင် ရုပ်ကအတ္တကြီးမယ့် ရုပ်ကြီးမှန်း သိသာ၏။ ငပွေး ငရှုပ်ရုပ်မျိုး။ မြရောင် ကြည့်လို့မရ။

သို့သော် ကြည့်မရသော ထိုသကောင့်သားနဲ့ မြရောင် တည့်တည့်တိုးရတာလည်း မြရောင့်သူငယ်ချင်း သူ့ရည်းစား ကြောင့်ပဲ။

မြရောင်နဲ့ထက်ပိုင်ထွဋ်ရဲ့ရည်းစား နီလာတို့ တော်ဝင် စင်တာကို ရှော့ပင်းထွက်ရင်း ထက်ပိုင်ထွဋ်နဲ့ တည့်တည့်တိုးတာ လေ။ ထုံးစံအတိုင်းပဲပေါ့။ ထက်ပိုင်ထွဋ်က တစ်ယောက်တည်း တော့ မဟုတ်ဘူး။

"ကိုထွဋ်"





"ဟာ ... နီလာ၊ ဟဲ ဟဲ"

ထက်ပိုင်ထွဋ် ဘေးက ကောင်မလေးက သူမတို့ နှစ်ယောက်ကို အကဲတခတ်ခတ်။

"သူက ဘယ်သူလဲ ကိုထွဋ်"

"ဖူးဖူးတဲ့"

"သူက ဘယ်သူလဲ ကိုကို"

"နီလာတဲ့"

ကဲ ... ဘယ်လောက်သွေးအေးတဲ့ သတ္တဝါလဲ။ ရည်းစားနှစ်ယောက်ကြားမှာ ဗျာမများပဲ အေးအေးအေးဆေး ဓာတ်လမ်းရိုက်နေသည်။ မြရောင် ပထမတော့ သူ့မျက်နှာကို သေချာမကြည့်မိ။

သို့သော် သူ့ရဲ့အေးဆေးနိုင်မှုကို အံ့ဩကာ ဘယ်လို လူမျိုးပါလိမ့်ဟု အကဲခတ်မိတော့မှ ...

အိုး ... ညို့ဓာတ်အပြည့်ရှိတဲ့ မျက်ဝန်းအကြည့်တွေ နဲ့ သူမကို ကြည့်နေတာပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ... ဒီလူတော်တော်ဆိုးပါလား။ ရည်းစား နှစ်ယောက်ကြား ဗျာများရမယ့်အစား ဘေးက သူမကို ငမ်းနေ သေးတယ်။ မလွယ်ပါလား။

"ကိုထွင်း"

"ကိုကို"

"Please ... Please ကိုယ့်ကို ပရက်ရှာမပေးကြနဲ့ကွာ၊ တောင်းပန်တယ်၊ ဖူးဖူးရော နီလှာပါ ကိုယ်တကယ် အား နာတယ်၊ အဲဒါကြောင့် ကြိုက်သလို ဆုံးဖြတ်ပါလို့ပဲပြော ရတော့မှာပဲ။ ကိုယ်က အပြစ်ရှိသူဆိုတော့ မင်းတို့ဆုံးဖြတ် တာကိုပဲ ခံရတော့မှာပဲ။ ကိုယ့်ကိုရိုက်ချင်ရိုက်၊ ပက်ပက် စက်စက် ပြောချင်ပြော၊ ကိုယ်ခံပါ့မယ်ကွာ"

မိန်းကလေးနှစ်ယောက် ဘာလုပ်မယ် ထင်သလဲ။ သူ့ကို ဘာမှမပြောတော့ဘဲ လှည့်ထွက်သွားကြတယ်လေ။





"အား"

မြရောင် အိပ်မက်ဆိုးကြီး မက်နေတယ်။ လန့်နိုး လာတော့ လူတစ်ကိုယ်လုံး ချွေးတွေရွှဲလို့။

မြရောင် ရင်တွေတုန်လိုက်တာ။ ခုတင် ဘေးက စားပွဲပေါ်မှာ အဆင်သင့်တင်ထားတဲ့ ရေဘူးကို လှမ်းဆွဲကာ အားရပါးရ သောက်ပစ်လိုက်မှ ကြောက်စိတ်ပြေသွားတော့တယ်။

အိပ်မက်ကို ပြန်စဉ်းစားလိုက်တော့ ထက်ပိုင်ထွန်း ရဲ့မျက်နှာကြီး ပေါ်လာတယ်။

အိပ်မက်ထဲမှာ ထက်ပိုင်ထွန်းက သူမကို Propose လုပ်နေသတဲ့လေ။

နေ့လယ်ကတွေ့ခဲ့တဲ့ ညို့မျက်ဝန်းတွေနဲ့ ရှုန်းရှုန်း စားစားကြည့်ပြီး မြရောင်ကို ချစ်တယ်လို့ ပြောလိုက်တဲ့အချိန်မှာ မြရောင် ကြောက်လန့်တကြားနဲ့ လန့်နိုးလာခဲ့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေ။ သူ့မျက်လုံးတွေကို မြရောင် တစ်ညနေလုံး မြင်ယောင်နေမှတော့ အိပ်မက်က မက်ပြီပေါ့။

ဘုရား ... ဘုရား ... သူက ပန်းတိုင်းနားတတ်တဲ့လိပ်ပြာဆိုပဲ။ မြရောင်ရော သူနားမယ့် ပန်းတစ်ပွင့်လား။

ဟင့်အင်း ...။ မြရောင်ကတော့ ဘယ်တော့မှ သူ့ရဲ့စာရင်းတစ်ခု မဖြစ်စေရ။

သူ့ကို မြရောင် စတွေ့ဖူးလိုက်ရတဲ့ ပုံစံကိုကြည့်ပြီး မြရောင် အရမ်းကြောက်သွားခဲ့တာလေ။

မိန်းကလေးနှစ်ယောက်ကြားကနေ မြရောင်ကိုကြည့်တဲ့ အကြည့်တွေ။

သူ့အကြည့်တွေက ညှို့ဓာတ်အပြည့်နဲ့ ဆွဲဆောင်မှုအား ကောင်းလွန်းလှပါသည်။

နီလာတို့ ဖူးဖူးတို့မရှိဘဲ သူနဲ့ ဒီလိုနှစ်ယောက်တည်းစ,ဆုံခဲ့ရင်တောင် မြရောင်ကို ဒီအကြည့်တွေက ဖြားယောင်းသွားနိုင်၏။





သို့သော် သူနဲ့ဆုံလိုက်ရတဲ့ အခြေအနေကိုက မလှပ။

ဒီတော့ မြရောင်က သူ့အကြည့်တွေကို ရွံစရာအကြည့်တွေလို့ပဲ သတ်မှတ်သည်။

မတွေ့ခင်ကတည်းက နီလာ့ဆီကရော၊ တခြားသူတွေဆီကပါ ကြားရတဲ့သတင်းတွေက မလှပ။

သို့သော် သူ့အကြောင်း သိသိနဲ့ပဲ မိန်းကလေးတွေက ဘာကြောင့် သူ့ကို အဆက်မပြတ်နိုင်ကြပါလိမ့်။ စဉ်းစားစရာပဲ။

မြရောင်သည် သူ့ကြောင့် တစ်ရေးနိုးလာပြီး သူ့အကြောင်း စဉ်းစားရင်း တစ်ညတာ ကုန်ဆုံးကာ မိုးစင်စင်လင်းသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုင်ထွဋ်သည် ဒီနေ့ တကယ်ကို ကြွေစဥ်လေး တစ်ယောက်နဲ့ တွေ့လိုက်ရသည်။

နီလာနဲ့ပါလာတဲ့ ကောင်မလေး။ မျက်လုံးပြူးပြူး နှုတ်ခမ်းဖူးဖူးလေးနဲ့ ချစ်စရာလေး။

ဝတ်စားထားပုံလေးကလည်း ကရေးအထာလေး။

ဆံပင်နှစ်ဖက်ခွဲစည်းကာ ဖဲကြိုးချည်ထားတာက လည်း ဒီခေတ်အထာနဲ့ဆို ရယ်ချင်စရာလေးပေါ့။

ဒါပေမဲ့ ထိုငတိမလေးက သူ့ထက် သိပ်တော့မငယ် လောက်ပါဘူး။

ဝတ်စားတာကိုက ကလေးအထာ ဖြစ်နေတာ။ အသားဖြူဖြူနဲ့ မပိန်ရုံလောက်ကလေး သွယ်တာမို့ ကြည့်ကောင်း ပြီး စမတ်ကျကျ ဝတ်လိုက်ရင် တော်တော်အထာကျမှာပင်။





ခုတော့ လူပုံကလေးနဲ့ ဝတ်စားပုံကမမိုက်။ ဒါပေမဲ့ ချစ်စရာလေးပါ။ ဘယ်လိုချစ်စရာကောင်းမှန်းကို မသိ။ စွဲမက် စရာကောင်းအောင် မလှဘဲ မှတ်မှတ်ရရ ဖြစ်နေမိတာ။ သတိရ နေမိတာတော့ ထူးဆန်းသည်။

သူ့ပတ်ဝန်းကျင်မှာ ဒီကောင်မလေးထက် လှတာ တွေ၊ အပျံတစ်ရာမက ပျံလန်နေသေးတဲ့ အလှပဂေးတွေရှိပါသည်။ သို့သော် သူ အမှတ်တရနဲ့ စွဲလမ်းရလောက်တဲ့သူ မရှိခဲ့။

သူမကတော့ သူ့ကိုဆွဲဆောင်နိုင်သလိုပဲ။ သူ့လက် တွေက ဖုန်းခလုတ်တွေပေါ် အလိုလိုရောက်သည်။

"ဟဲလို ... နီလာလား။ ဟေး ... ကိုယ်ပါကွ၊ စကားမပြော ချင်တော့ဘူးလား ...

အေးပေါ့၊ ကိုယ့်ဘက်က လွန်သွားတာကိုး။ ကိုယ် တောင်းပန်ပါတယ်ကွာ။ ကိုယ် နီလာ့ကို ချစ်ပါတယ်။ ဖူးဖူးကိုလား ... ဟင်း ... ဟင်း ... ဒီလိုပါပဲ နီလာရယ်"

ဟိုကောင်မလေးအကြောင်း မေးချင်သဖြင့် နီလာ့ကို အရင်အချိုကျွေးနေရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နီလာ့ကို အာလာပသလ္လာပတွေ ပြောနေရသေး သည်။

"ဩော် ... ဒါနဲ့ By the way နီလာလေး၊ နေ့လယ်က နီလာလေးနဲ့ပါလာတဲ့ ကောင်မလေးက ဘယ်သူလဲ"

"လုပ်ပြီ ... လုပ်ပြီ၊ ကိုထွဋ်နော် ... ဘာလဲ၊ စိတ်ဝင်စား ပြန်ပြီလား"

"မဟုတ်ပါဘူးကွာ။ ကိုယ်က သိချင်ရုံသက်သက်ပါ။ အဟင်း ... နီလာနဲ့ ဖူးဖူးတို့ကြားမှာ ဒုက္ခများနေတဲ့ ကိုယ့်ပုံကိုကြည့်ပြီး ကိုယ့်ကို တော်တော်အမြင်ကတ်နေပုံ ရတယ်ကွ။ အဲဒါကြောင့် သိချင်တာ"

"ဟင်း ဟင်း ... ကိုထွဋ် စိတ်ဝင်စားနေလည်း စောစော စီးစီးသာ စိတ်လျှော့လိုက်နော်၊ မြရောင်က ကိုထွဋ်အကြောင်း သိပြီးသား"

"ဟုတ်လား ... ဘာတွေသိထားလို့လဲ၊ ပြောပါဦး"

"ကိုထွဋ် ရှုပ်တဲ့အကြောင်းပေါ့"





"ဒါလား ... အဟင်း ... မိန်းကလေးတွေက ကိုယ်ရှုပ်မှန်း သိသိနဲ့ကို ကိုယ့်ကိုမမုန်းနိုင်ကြပါဘူး"

"ဟွန်း ... ကိုထွဋ်နော်၊ တော်တော်မာန်တက်နေတယ်"

"ဟား ဟား ... စတာပါကွာ။ ကောင်မလေးနာမည်က မြရောင်တဲ့လား"

"မပြောပြဘူး"

"လုပ်ပါကွာ၊ ဖုန်းနံပါတ်လေးပဲပေး"

"မပေးနိုင်ဘူး။ ကိုထွဋ်နော် နီလာ ဒီလောက်သဘောထား မကြီးနိုင်ဘူး။ ကိုထွဋ် သိပ်ရက်စက်တာပဲ"

"နီလာလေးက လိမ္မာပါတယ်ကွာ"

"သိဘူး။ နီလာ ဖုန်းချလိုက်တော့မယ်"

လေလှိုင်းဆက်သွယ်ရေးက ရုတ်တရက် ပြတ်တောက်သွားခဲ့သည်။ ထက်ပိုင်ထွဋ် ပခုံးတွန့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုင်ထွဋ်အတွက် ဖုန်းနံပါတ်တစ်ခုဆိုတာ ခက်ခဲတဲ့ကိစ္စမှ မဟုတ်တာ။

နီလာနဲ့ချိန်းပြီး ရုပ်ရှင်သွားကြည့်ကြ၏။ ရုပ်ရှင်ရုံထဲမှာ နီလာ့ကို နေကြာစေ့ခွာပေးရတာနဲ့ မုန့်ခွံ့ကျွေးရတာနဲ့ သေချာဂရုစိုက်ပြ၏။

"ကိုထွဋ်နော် ... ဟိုတစ်ယောက်အကြောင်း လုံးဝပြောမပြဘူးနော်၊ အချိုလာမကျွေးနဲ့"

"မမေးပါဘူးကွာ။ နီလာ့ကို အဲဒီကိစ္စမေးမိလို့ စိတ်မကောင်းဖြစ်ပြီး ခုလို ပြန်ချော့နေရတာ။ လက်စနဲ့ ဖူးဖူးနဲ့တွေ့ခဲ့တဲ့ကိစ္စကိုပါ တောင်းပန်ရင်းပေါ့"

"ဟင့် ... လူလည်။ စိတ်မကောင်းဖြစ်အောင်လုပ်လိုက်၊ ပြန်ချော့လိုက်နဲ့"





"အဲဒါက ပိုပြီးပျော်စရာကောင်းတာလေ နီလာလေးရဲ့။ တစ်သမတ်တည်း သွားရရင် ပျင်းစရာကောင်းတယ်"

"တတ်တယ်"

ထက်ပိုင်သည် နီလာ့ကို အပီချွေးသိပ်ရင်း နီလာ့ဖုန်းလေးကိုယူကာ ဖုန်းထဲမှာ မြရောင်ဖုန်းနံပါတ်ကို မသိမသာ ရှာမိသည်။

"သူများဖုန်းကို ဘာလုပ်တာလဲ"

"ဒီမှာ Chain လှလှလေးတွေ့လို့ ဝယ်လာတာလေ။ အဲဒါလေး တပ်ပေးမလို့"

နီလာ့လို ငအမလေးလောက်ကတော့ အေးဆေးလှည့်ပတ်ပစ်လိုက်လို့ရသည်။

နီလာ့ဖုန်းထဲက မြရောင်ဖုန်းနံပါတ်ကို မှတ်ပြီး Chain လေး တပ်ပေးလိုက်သည်။

အဲဒီနေ့က ရုပ်ရှင်လည်း ဘာကိုပြလို့ ပြသွားမှန်းပင် မသိလိုက်။



www.burmeseclassic.com

www.burmeseclassic.com



ညကျတော့ မြရောင်ဆီ ဖုန်းခေါ်လိုက်သည်။

"ဟဲလို"

"မြရောင်လား"

"ဟုတ်ပါတယ်။ ဘယ်သူလဲ မသိဘူး"

"ကိုယ့်နာမည်ကို ပြောလိုက်ရင် မလန့်သွားဘူးလို့ အာမ ခံနိုင်ရင် ပြောပြမယ်"

"ဘာလဲ၊ ရှင် ဘာတွေ ကြောင်နေတာလဲ၊ ဖုန်းသရဲလား မသိဘူး"

ပြောပြီး မြရောင်က ဖုန်းချသွားသည်။ သူကထပ် ခေါ်လိုက်တော့ မကိုင်တော့။ သူကလည်း ဇွဲကောင်းကောင်းနဲ့ကို ဆက်ခေါ်သည်။-

"ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ကျွန်မ ဒီည ဖုန်းတစ်ခုချိန်း ထားလို့၊ ဖုန်းပိတ်လို့မရလို့။ ရှင် ထပ်မနှောင့်ယှက်နဲ့တော့"

"ဖုန်းချိန်းထားလို့။ ဘယ်သူနဲ့လဲ"

"ဘယ်သူဖြစ်ဖြစ် ရှင့်အပူလား"





"စိုးရိမ်လို့ပေါ့၊ တော်ကြာ ပြိုင်ဘက်ဖြစ်နေရင် ဘယ်လို လုပ်မလဲ"

"ကျွန်မအဖေနဲ့ ချိန်းထားတာရှင့်။ ရှင် ပေါက်ကရပြော မနေနဲ့"

"ဟား ... တော်ပါသေးတယ်၊ ကဲ ... ကဲ ဒါဆိုလည်း ကိုယ် ဖုန်းချပေးပါ့မယ်၊ ဪ ... မြရောင်ချိုချို ကိုယ့် နာမည်လည်း မှတ်ထားပါဦး။ ထက် ... ပိုင် ... ထွဋ် ... တဲ့"

ပြောပြီး ဖုန်းခလုတ်တွေကို ဖိနှိပ်ပစ်လိုက်၏။ ခုလောက်ဆို ဟိုကောင်မလေးမျက်လုံး ပုစွန်ဆိတ်မျက်လုံးက နေ ဖီးကွက်မျက်လုံး ဖြစ်နေလောက်ပြီ။

ထက်ပိုင်တို့က အတွေ့အကြုံအရ ခုလောက်ဆို ကောင်မလေး အရမ်းစိတ်လှုပ်ရှားနေမယ်ဆိုတာ သိပြီးသား။

တစ်ပတ်လောက် နှပ်ထားလိုက်ဦးမယ်၊ ဖုန်းမဆက် သေးဘူး။

မိန်းကလေးတစ်ယောက်ကို စလိုက်မယ်ဆိုရင် စွန် လွှတ်နည်းအတိုင်း လိုက်သင့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလောက် ဖြေလျှော့ပေးလိုက်၊ ကိုယ့်ဘက်ကို နည်းနည်းပြန်ဆွဲလိုက်နဲ့ စိတ်ဝင်စားမှုရအောင် ယူရသည်။

စ,လိုက်လိုက်ချင်း ဖုန်းတွေအတင်းဆက်၊ အတင်းသွားတွေ့ဆို ဟုန်သွားလိမ့်မည်။ ပြီးတော့ ငတိမတွေက မူဦးမည်။

ဒီတော့ ကိုယ်က ပါးနပ်မှ အမူမခံရမှာလေ။

ထက်ပိုင်ထွဋ်က မြရောင်ရဲ့မျက်လုံးပြူးလေးကို မြင်ယောင်ပြီး ထိုမျက်လုံးပြူးပြူးလေးတွေကို သိမ်းပိုက်ဖို့ အကွက်ရှာနေမိသည်။

အရမ်းလည်တဲ့မိန်းမတွေနဲ့ အရမ်းနုံတဲ့မိန်းမတွေဆိုရင် သာမာန်အင်ထရီတွေနဲ့ ဝင်လို့မရဘူးလေ။

သူတို့ စိတ်ဝင်စားအောင် ဇယားလေး ရှာပေးမှ။

မြရောင်ပုံစံလေးက အရမ်းလည်တဲ့ပုံ မပေါက်ဘူး။ သာမန်အဆင့်တောင် မရှိဘူး။ အချစ်ရေးကိစ္စနဲ့ ပတ်သက်ရင် ဘာအတွေ့အကြုံမှ မရှိနိုင်သော အရိုးခံ အနုံဇယားလေးဆိုတာ သိသာသည်လေ။





အဲဒီလို မိန်းကလေးမျိုးတွေက အကြောက်အလန့်ကြီးတတ်ကြသေးရဲ့။ ထိုကြောက်လန့်မှုကြောင့်ပဲ တော်ရုံနဲ့ ရည်းစားမထားရဲကြ။ ထက်ပိုင်ထွဋ်တောင် မြရောင်ကိုရဖို့ တော်တော်ကြိုးစားရမည်။



www.burmeseclassic.com

www.burmeseclassic.com



မြရောင်သည် ထက်ပိုင်ထွဋ် မြရောင်ဖုန်းနံပါတ်ကို ဘယ်လိုရသလဲဆိုတာ စဉ်းစားမရအောင် ဖြစ်နေသည်။

သို့သော် နီလာ့ကိုလည်း မမေးရဲပါ။ မိမိဆီကို ထက်ပိုင်ထွဋ် ဖုန်းဆက်တာ နီလာ မသိစေချင်။

နီလာ့ကို မျက်နှာပူလို့ပါ။

နီလာ့ခမျာ ထက်ပိုင်ထွဋ်ကို ချစ်ရှာလွန်းလို့ ထက်ပိုင်ထွဋ် ပွေးသမျှ သည်းခံရှာသူပါ။ မတော်တဆ ထက်ပိုင်ထွဋ် သူမရဲ့သူငယ်ချင်းအရင်းကြီးဖြစ်သော မြရောင်ဆီ ဖုန်းဆက်မှန်း သိသွားရင် ဘယ်လောက် စိတ်ဆင်းရဲမလဲ။

ပြီးတော့ မြရောင်ကလည်း ထက်ပိုင်ထွဋ်ကို ကြောက်ပါသည်။ မြရောင် ဆိုတာက နီလာ့ တစ်ဝက်လောက်တောင်





စတိုင်လ်ရှိသူ မဟုတ်။ အရပ်ကပုပု၊ မျက်လုံးကပြူးပြူးနှင့် မြရောင်ဟာ ဘယ်လိုမှ မိန်းမလှစာရင်းမဝင်ပါ။

သို့သော် ထက်ပိုင်ထွဋ်လို အိုင်တွေ့တိုင်း ခြေဆေးချင်သူ သကောင့်သားကတော့ မြရောင်လို မလှမပလေးကိုတောင် အလွတ်မပေးချင်။ မုန်းစရာ။

မြရောင်သည် ဘယ်လိုတွေးတွေး ထက်ပိုင်ထွဋ်ကို ရွံမုန်းကြီး မုန်းနေခဲ့ပါသည်။

ထက်ပိုင်ထွဋ်ကတော့ ဖုန်းတစ်ခါဆက်ပြီး ပျောက်ချက်သား ကောင်းနေသည်။

ဒီလိုပါပဲ။ သင်းက ဖုန်းနံပါတ်တွေ့တိုင်း ဆက်တတ်သည့် လူစားမျိုး ထင်ပါရဲ့။

တစ်ရက်၊ နှစ်ရက်ကနေ သုံးရက်ကြာလာတော့ မြရောင် ထက်ပိုင်ထွဋ် ဖုန်းဆက်တာကို မေ့မေ့ပျောက်ပျောက်ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

မှတ်မိနေသော ဖုန်းနံပါတ်တစ်ခုက သူမဖုန်း Screen မှာ ပေါ်လာပြန်သည်။

မြရောင် မကိုင်ဘဲ ဖုန်းပိတ်ပစ်လိုက်သည်။ ဒီလူ တော်တော်ဆိုးတာပဲ။

သူ ဖုန်းဆက်တဲ့အချိန်မှာ မြရောင်နဲ့ နီလာ အတူရှိနေခဲ့တာလေ။ နီလာ သိမှာစိုးလို့ ဖုန်းကို အမြန်ပိတ်လိုက်ရတယ်။

သို့သော် သူမ ကံမကောင်းပါ။ သူက သူမနဲ့ နီလာရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် လျှောက်လာသည်။

"ဟယ် ... ကိုထွဋ်၊ ဘယ်လာတာလဲ"

"ကော်ဖီဆိုင် လာမှတော့ ကော်ဖီလာသောက်တာပေါ့ကွာ၊ နီလာတို့နဲ့ လာဆုံတာ အတော်ပဲ"

"ဘာလဲ ... ဒီနေ့တော့ တစ်ယောက်တည်းပေါ့"





"မြင်တဲ့အတိုင်းပဲ၊ သနားရင် ကိုယ်နဲ့အတူ ကော်ဖီသောက်ပေး"

"နီလာက ကိုထွဋ်ကို ဘယ်တုန်းက ငြင်းနိုင်လို့လဲ"

"ဟား ... ဟား"

ခပ်ဟဟ ရယ်နေတဲ့ ထက်ပိုင်ထွဋ်က နီလာမသိအောင် မျက်စိမှိတ်ပြသည်။ မြရောင် သူ့ကို မုန်းလိုက်တာ။ မြရောင် မျက်စောင်းထိုးလိုက်မိတော့ သူက ကော်ဖီစားပွဲအောက်ကနေ မြရောင် ခြေထောက်ကို တက်နင်းတယ်။

"အ"

နာလိုက်တာ။

"ဘာဖြစ်တာလဲ မြရောင်"

"ဘာ ... ဘာမှမဖြစ်ပါဘူး နီလာ။ နင် နေချင်နေခဲ့ဟာ။ ငါ ပြန်တော့မယ်"

"နင် ဖြစ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

"အေး ... ဒါဆို ငါ ကိုထွင့်နဲ့ နေခဲ့မယ်"

သူ သူမကို လိုက်ပတ်သက်နေတာကို နီလာ့ကို မပြောရက်ခဲ့တာ သူမ မှားသွားလား။ မသိတော့ဘူးကွယ်။





မြရောင်ချိုချို ဆိုတာ ဘွားအေဖြစ်သူ ဒေါ်ချိုချိုရဲ့ အသည်းကျော်လေးပါ။

မြရောင်တို့ဖေဖေက ဘွားရဲ့တစ်ဦးတည်းသောသား ဖြစ်ပြီး၊ ဖေဖေကလည်း သားသမီးရယ်လို့ မြရောင် တစ်ယောက်ပဲ မွေးတာမို့ တစ်ဦးတည်းသော မျိုးဆက်ကလေး မြရောင်ကို ဘွား က ချစ်တာမဆန်း။

မြရောင်တို့မိသားစုက ဘွားနဲ့ပဲ အတူနေကြတာဖြစ် သည်။

ဖေဖေနဲ့မေမေက ဘွားရဲ့လက်ငုပ်လက်ရင်း စီးပွား ရေးဖြစ်သော ရွှေဆိုင်နဲ့ ပန်းထိမ်လုပ်ငန်းကိုပဲ ဆက်လုပ်သည်။

ဘွားက ငွေတိုးချေးသည့်အလုပ်ကိုလုပ်၏။ စီးပွားရေး လုပ်ငန်းရှင် တော်တော်များများက ဘွားကို အားကိုးကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးလုပ်ငန်းရှင်များ ရုတ်တရက် ငွေအကျ
အတည်းဖြစ်လာရင် ဘွားဆီပြေးလာကြရပြီ။ သုံးရက် သို့မဟုတ်
တစ်ပတ် စသဖြင့် ဘွားဆီက ငွေလှည့်သုံးကြရသည်။

တချို့လည်း လနဲ့ချီပြီး ကြာသည်လည်းရှိသည်
ဘွားကတော့ အတိုးကို သူများထက် လျှော့ယူသဖြင့် စီးပွားရေ
သမား တော်တော်များများက ဘွားဆီပဲ လာကြသည်။ ဘွား
ငွေလာလှည့်သူတွေထဲမှာ တကယ့် Great ကုမ္ပဏီကြီးတွေတော
ပါသည်။

သို့သော်လည်း ဘွား ဒီလောက်ချမ်းသာမှန်း အတွ
သိအစင်းသိသူလောက်သာ သိကြပါသည်။

ပြည်လမ်းမပေါ်မှာ ခြံကျယ်ကြီးနဲ့နေပေမယ့် ဘွ
ရဲ့ရှေးဆန်လှသော အိမ်အိုကြီးက မထည်ဝါပါ။

မြရောင်ရဲ့ဖေဖေက အိမ်ကြီးကို ပြန်ပြင်ဆောက်
သော်လည်း ဘွားက လက်မခံ။ ဘွားရဲ့ခင်ပွန်း ဘိုးဘိုး စိတ်ကြို
ဆောက်ခဲ့တဲ့ အိမ်ကြီးကို ဘွား သက်ရှိထင်ရှားရှိနေသရွေ့ မပြ
ရတဲ့။





ဘာပဲဖြစ်ဖြစ် မြရောင်ကတော့ မြရောင်ကို အလို
လိုက်ပြီး မုန့်ဖိုးတွေအများကြီးပေးတတ်တဲ့ ဘွားကိုချစ်သည်။

ငယ်ငယ်ကတည်းက မြရောင် လိုချင်တာတစ်ခုခု
ရှိရင် ဘွားရင်ခွင် ခေါင်းတိုးဝင်လိုက်ရုံပင်။

"မြေးလေးရေ"

"ရှင် ... ဘွား၊ လာပါပြီ"

"ဘွားကို စာရင်းဝိုင်းလုပ်ပေးဦး"

"ဟုတ်"

ဘွားရဲ့ငွေချေးထားတဲ့စာရင်းတွေ၊ ဖျက်စရာရှိတာ
ဖျက်၊ သွင်းစရာရှိတာသွင်း၊ တစ်လလုံးရဲ့ချေးငွေအတိုးစာရင်း
ထည့်။ စသဖြင့် လကုန်ရင် စာရင်းချုပ်နေကြပါ။

"ဟင် ... ဒီကုမ္ပဏီက ဒီလယူတာ စိပ်လှချည်လား ဘွား။
အမောင့်တ်လည်း များတယ်"

"ဟုတ်တယ်၊ ဒီလ သူတို့ Showroom အသစ်ဖွင့်တာက
ပိုက်ဆံချေးပြီး ဖွင့်ရတာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"စီးပွားရေးသမားတွေကတော့ ဒီလိုပါပဲ ပြေးရယ်။ ငွေ
ကောင်းကောင်းကစားတတ်လို့ စီးပွားရေးသမား ဖြစ်ကြတ
ပေါ့။ သူတို့က အဘွားကိုပေးရတဲ့ အတိုးထက် ပိုပြီးအကျိ
အမြတ်ရနိုင်လို့ ရင်းကြတာလေ"

"အဲလိုနဲ့ မနိုင်မနင်းဖြစ်ပြီး ဒေဝါလီခံရတဲ့လူတွေလည်
ရှိတာပဲနော် ဘွား"

"ရှိတာပေါ့ ပြေးရဲ့၊ တစ်ခါတလေကျတော့လည်း ဘ
လောက်ပဲ လုပ်တတ်ပစေ၊ ကံမလိုက်လို့ ရှုံးသွားတာ
လည်း ရှိတတ်တယ်"

မြရောင်က ဘွားစကားကို မှတ်သားနေမိ၏။ ဘ
အရာမဆို ကံဉာဏ်ဝီရိယ သုံးနားညီမှ ဘဝတြိဂံက ပုံစံတ
လှပစမြဲပဲလေ။





"မြရောင်ချိုချို"

"ဟင်"

သူ မြရောင် အိမ်နားမှာ လာစောင့်ကြည့်နေပါလား။ မြရောင်က အိမ်ကနိုင်းတဲ့ မီဘုတ်ကို အဖော်ခေါ်ပြီး စာအုပ်ငှားဖို့ ထွက်လာတာ။

သူ့ကားကို မြ ရောင်တို့ခြံထောင့်မှာ ရပ်ထားပြီး သူကပါ ခြေလျင်ယှဥ်လျှောက်လာသည်။

"ရှင် ဘာလိုက်လုပ်တာလဲ"

"စာအုပ်ဆိုင် သွားမှာမို့လား။ လိုက်ခဲ့မယ်လေ"

"ရှင် ဘာသဘောနဲ့ လမ်းထဲထိ ခြေလာရှုပ်နေရတာလဲ"

"မြရောင်ချိုချိုကို တွေ့ချင်လို့ပေါ့။ မြရောင်ချိုချိုက ကိုယ့် ဖုန်းတွေကိုမှ မကိုင်တာ။ ဒီတော့ လူကို တိုက်ရိုက်စကား ပြောခွင့်ရဖို့ ကြိုးစားရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ ပြောစရာအကြောင်းမှ မရှိတာ"

"မြရောင်ချို့ချို့မှာ မရှိပေမယ့် ကိုယ့်မှာရှိတယ်ကွ။ မြရောင်ကိုယ့်ဖုန်းတွေကို မကိုင်ရင်တော့ ကိုယ်မြရောင်ရှိရာဆီ အမြဲလာမိမယ်ထင်တယ်၊ ကိုယ့်မှာ ပြောစရာရှိလာတိုင်းပေါ့"

"ရှင် ... ရှင်"

"ဘယ်လိုလဲ၊ ကိုယ် ဖုန်းဆက်ရင် ကိုင်မှာလား မြရောင်ချို့ချို့"

"ရှင်က အကျပ်ကိုင်တာပဲ"

ထက်ပိုင်ထွဋ်က ပခုံးတွန့်လိုက်သည်။

"ရှင် ဆက်လိုက်မလာနဲ့တော့"

"ဒါဆို ကိုယ် ညရှစ်နာရီ ဖုန်းဆက်လိုက်မယ်။ ဆက်ဆက်ကိုင်နော်၊ မကိုင်ရင် ကိုယ် ဒီည မြရောင်ချို့ချို့တို့အိမ်ကို လာမလည်ဘူးလို့ အာမ,မခံဘူး"

"တောက်"





ထက်ပိုင်ထွဋ်က ပခုံးတွန့်ကာ လှည့်ထွက်သွားသည်။

"မိဘုတ်မ"

"ရှင်"

"အိမ်ကို ဒီအရူးလိုက်လာတဲ့အကြောင်း ပြန်မပြောနဲ့နော်။ တော်ကြာ ငါ အဆူခံရလိမ့်မယ်"

"ခုနက အစ်ကိုကြီးက အရူးလား မမ။ အရူးက ချောတယ်တော့"

အရေးထဲ ငထူမက အထအနကောက်ကာ့ သဘောကျနေသေးသည်။

မြရောင် သင်းကို စိုတ်တိုလိုက်တာနော်။ မြရောင်ကို သက်သက် အနိုင်ကျင့်တာ။ ဖုန်းဆက်လာမှ ပက်ပက်စက်စက်ကို ပြောပစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ညရှစ်နာရီထိုးကာနီးတော့ မြရောင် အခန်းထဲဝင်လာခဲ့သည်။ အခန်းတံခါးကို လော့ခ်ချထားလိုက်သည်။

တော်ကြာ ဖုန်းပြောနေတုန်း အိမ်ကတစ်ယောက်ယောက် ဝင်လာမှာ စိုးလို့ပါ။

ရှစ်နာရီအတိ။

ဖုန်းကို သရဲသဘက်လို စိုက်ကြည့်နေမိသည်။

တစ်စက္ကန့်။

နှစ်စက္ကန့်။

ဆယ်စက္ကန့်။

တစ်မိနစ်။

နှစ်မိနစ်။

ဆယ်မိနစ်။





ရှစ်နာရီဆယ့်ငါး။

ဖုန်းက တုတ်တုတ်တောင်မလှုပ်။

ဖုန်းများ ပိတ်နေလား။ ဘက်ထရီဒေါင်းနေလား။ ဆက်သွယ်မှုဧရိယာပြင်ပများ ဖြစ်နေလား။ ကိုယ့်ဖုန်းကို ကိုယ်ပြန်စစ်နေမိသည်။ အားလုံး အိုကေ။

ဒါဆို သင်း တမင်မဆက်တာပေါ့။ ရှစ်နာရီတောင်ခွဲတော့မည်။

ဒီလူက ဘာလဲ။ မြရောင် ဒေါသထွက်လာသည်။

မြရောင်ကို စမ်းတာလား။ ဒါမှမဟုတ် လွယ်လွယ်ပြောသွားတာလား။

မြရောင် သူ့အကြောင်း မရည်ရွယ်ဘဲ တွေးမိနေသည်။ ဒါက မိန်မကျမ်းကျေသူကြီးရဲ့ တက္ကနစ်တစ်ခုဆိုတာ မြရောင် မရိပ်မိ။

မြရောင်လို ရိုးရိုးသားသားလေးက ဘယ်လိုလုပ်ရိပ်မိပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



မြရောင် သိပ်မုန်းတဲ့ ပန့်ခ်သီချင်းသံ ထွက်လာသည်။ သူ့ကိုမုန်းလို့ မြရောင်မုန်းတဲ့ သီချင်းကို သူ့ဖုန်းအတွက် Ring Tone မှတ်ထားမိသည်။

ရှစ်နာရီပြောပြီး ရှစ်နာရီခွဲမှ ဆက်သဖြင့် မြရောင် သူ့ဖုန်းကိုမကိုင်။ မြရောင် မကိုင်တော့ သူကလည်း ဆက်မခေါ်ပါ။ မြရောင် ရင်ထိတ်သွား၏။ မတော် ... သူ အိမ်ကိုရောက်လာရင်ဒုက္ခ။ မြရောင် ဗျာများနေတုန်း Massage တစ်စောင် ဝင်လာ၏။

"ကိုယ့်ကို ခုချက်ချင်း ဖုန်းပြန်ခေါ်ပါ မြရောင်ချိုချို"

သူ့ရဲ့အမိန့်ပေး Massage ကို မြရောင် မုန်းလိုက်တာ။ သို့သော် မြရောင် ဖုန်းပြန်မခေါ်ဘဲ မနေရဲ။

ဖုန်းခလုတ်တွေကို စိတ်မပါစွာ နှိပ်လိုက်ရ၏။

"ဟဲလို မြရောင်ချိုချို။ ခုန ဘာလို့မကိုင်တာလဲ"

"ရှင်ဆက်မယ်ပြောတာ ရှစ်နာရီလေ။ ရှင် ရှစ်နာရီက ခေါ်ရင် ကျွန်မ ကိုင်မှာပေါ့"





"ဟုတ်လား ... ဆောရီးကွာ။ ရှစ်နာရီမှာ ကိုယ့်ဆီကောင်မလေးတစ်ယောက် ဖုန်းဆက်နေတာ။ သူက ရှစ်နာရီခွဲမှ ဖုန်းချတာနဲ့ မြရောင်ချိုချိုဆီ ဆက်တာ နောက်ကျသွားတယ်"

"ဟင်း ... ကဲ ရှင် ဘာကိစ္စလဲ။ ဘာအတွက် ဖုန်းဆက်တာလဲ"

"ပြောစရာရှိလို့ပေါ့ မြရောင်ချိုချို။ ဒါပေမဲ့ ဖြစ်နိုင်ရင် လေလှိုင်းသံနဲ့ မပြောချင်ဘူး။ မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီးပြောရင် ကောင်းမလားလို့။ မြရောင်ချိုချို VZO သုံးလား"

"ဘာမှမသုံးဘူး"

"ဟုတ်လို့လား"

"ကဲ ... ရှင် ပြောစရာရှိ ပြော။ ဘာမှ ထွေလီကာလီ လျှောက်မေးမနေနဲ့"

"မြရောင်ချိုချိုကို မြင်မြင်ချင်း စိတ်ဝင်စားတဲ့အကြောင်း ပြောချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"မြရောင်ချိုချိုက ပြောဆိုလို့ ပြောတာလေ၊ ကိုယ် မြရောင်ချိုချိုကို ချစ်တယ်"

"ရှင် ... ရှင် ..."

ထက်ပိုင်ထွန့်က ပြောပြီးတာနဲ့ ဖုန်းချသွား၏။ မြရောင် ထပ်ခေါ်တော့ ဖုန်းပိတ်သွားသည်။





မြရောင်သည် သင်းကို ဒီလောက်အထိ နှုတ်လွယ်မယ်၊ ရဲတင်းမယ် မထင်ခဲ့။

သို့သော် ရုတ်တရက်ကြီးကို မြရောင် ရည်းစားစကား အပြောခံလိုက်ရသည်။

လွန်ခဲ့တဲ့တစ်ပတ်က ဖုန်းဆက်သည်။

ဒီနေ့ ရုတ်တရက် မြရောင် စာအုပ်ထွက်ငှားရာသို့ ရောက်လာကာ ဒီည ဖုန်းပြောဖို့ အကျပ်ကိုင်သည်။

ဟော ... ဖုန်းဆက်တော့ ရည်းစားစကား ပြောသွားသည်။ လွန်လှပြီ။ တော်တော်လွန်သည်။

သူနဲ့ မြရောင် စပြီးဆုံတဲ့ အဖြစ်ကိုပဲကြည့်။ သူ့မှာ ရည်းစားနှစ်ယောက်ကြား ဗျာများနေရင်း မြရောင်ကို တွေ့ဖူးခဲ့တာဖြစ်သည်။ ထိုရည်းစားနှစ်ယောက်မှာ တစ်ယောက်က မြရောင်ရဲ့သူငယ်ချင်းအရင်းကြီး။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို သင်းက မျက်နှာပြောင်တိုက်သည်။ မြရောင် သိတာတော့ သိပါသည်။ သင်းအကြောင်း အပုပ်နံ့တွေကိုလည်း ကြားဖူးပါသည်။ သို့သော် ပြောမယုံ ကြုံမှသိ ဆိုသလို ကြားဖူးထားတာထက်ကို ပိုဆိုးနေသည်။

သင်းကို လိပ်ပြာတဲ့။ ပန်းတိုင်းနားသတဲ့။ မြရောင်ကတော့ သင်းကို လှပချစ်စရာကောင်းတဲ့ လိပ်ပြာလေးတွေနဲ့မနှိုင်းချင်။ သင်းဟာမည်းညစ်ရုပ်ဆိုးတဲ့ ပိတုန်းလိုကောင်စား။ ဝတ်ရည်စုပ်ရုံတင်မဟုတ်၊ ပွင့်ချပ်ပါ ခြွေချင်တဲ့ ပိုးယုတ်မျိုး။

မြရောင် သူ့ကို တော်တော်မုန်းတီးနေမိသည်။ သို့သော် သူကတော့ မြရောင်ကို ရည်းစားစကားပြောပြီးကတည်းက ဖုန်းလည်းမဆက်တော့။

အရိပ်အယောင်လည်း မမြင်ရ။

ကြုံလို့ရောသွားတဲ့ ကြုံရောလား မသိ။ ရည်းစားစကားကို မိန်းကလေးမြင်တိုင်း လွယ်လွယ်ပြောပြီး အဖြေတောင်းဖို့တောင် သတိမရတော့သည့် လူမျိုးလား။





ဒါမှမဟုတ် သူ့ရဲ့အမှတ်စဉ်တွေများလွန်းလို့ မြရောင်အလှည့်ကျသေးတာလား။

ဘယ်လိုစဉ်းစား စဉ်းစား မြရောင် အကောင်းမြင်ပေးလို့မရ။

မြရောင်သည် တစ်ချိန်လုံး သူ့အကြောင်း စဉ်းစားကာ ဒေါသတွေ ထွက်နေသည်။

ဒီနေ့ ပိုပြီးစိတ်ဆိုးစရာကောင်းသည့်ကိစ္စနဲ့ ကြုံရသည်။

မြရောင် ဒီနေ့ တော်ဝင်ပလာဇာက ဘွားဘွားအသိဆိုင်မှာ ဘွားဘွားမှာထားသော ပိုးချိတ်သွားယူပေးရင် ထက်ပိုင်ထွဋ်ကို မြရောင် မမြင်ဘူးသော ကောင်မလေးတစ်ယောက်နှင့် တွဲလျက် တွေ့ရသည်။

ထက်ပိုင်ထွဋ်ကလည်း မြရောင်ကို တွေ့သည်။ မျက်နှာချင်းဆိုင် တည့်တည့်တိုးတာကိုး။

မြရောင်ကို ထက်ပိုင်ထွဋ်က ပြုံးပြပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုင်း ... မြရောင်ချိုချို၊ ရှော့ပင်လား"

တစ်ချက်ကလေးတောင် ရပ်မပျက်ဘဲ နှုတ်ဆက်သည့် သင်းကို ပြတိုက်တောင် ပို့ဆင့်ပါသည်။

မြရောင် ဘာမှမပြောဘဲ သင်းကို ရှောင်ထွက်လာတော့ သင်းက ရုတ်တရက် မြရောင်လက်ကို လှမ်းဆွဲလိုက်သည်။

"လွှတ်စမ်း ... ရှင် ဘာလုပ်တာလဲ"

"ကိုယ်မေးထားတာမှ မင်း မဖြေရသေးဘဲ မြရောင်ချိုချို"

"တောက် ... ရှင့်ကို ဖြေစရာ ဘာအကြောင်းမှ မရှိဘူး"

သူက မြရောင်ရဲ့ပခုံးနှစ်ဖက်ကို ခပ်ဖိဖိဆုပ်ကိုင်ထားပြီး ...

"မင်း ကိုယ့်ကို ချစ်တယ်လို့ မဖြေရင် ဒီတော်ဝင်စင်တာထဲမှာ မင်းကို မနမ်းဘူးလို့ ကိုယ် အာမ,မခံဘူး"

"ဘာ"

မြရောင်ရဲ့သွေးလှည့်ပတ်မှုတွေ ရုတ်တရက် ရပ်တန့်သွားခဲ့သည်။





မြရောင် ဘယ်လိုမှ ထင်မှတ်မထားသောစကား။ မြရောင် ဘယ်လိုမှ မထင်ထားသော အကျပ်ကိုင်မှု။

"ကိုကို"

ကောင်မလေးက ထက်ပိုင်ထွန်း လက်မောင်းကို ငိုမဲ့မဲ့နှင့် လှုပ်ပါသည်။

"ဆောရီး ဘေဘီ၊ မင်းဘာသာ ပြန်လိုက်တော့၊ ကိုယ် ဒီမှာ ကိစ္စလေးရှိသေးလို့"

"ကိုကို ... ဘာတွေလုပ်နေတာလဲ၊ ဘာသဘောနဲ့ ဒီလို လုပ်တာလဲ"

"ဒီမှာ ဘေဘီ။ ဘေဘီ့ကို ဘာမှရှင်းမပြနိုင်ဘူး။ ဘေဘီ ပြန်လိုက်တော့ ... နော်"

"ဒီမှာ ကိုထက်ပိုင်ထွန်း၊ ဘေဘီ့ကို ဒီလိုခေါက်လို့ မရဘူး"

"ဒါဆို ဘေဘီ ကြိုက်သလိုလုပ်ကွာ"

"ကဲဟယ် ... ဖြန်း"

"ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"ဟင်"

"အို"

တော်ဝင်စင်တာထဲက လူတွေဆီက အာမေဋိတ်သ
မျိုးစုံထွက်လာသည်။ ထက်ပိုင်ထွင့် မျက်နှာပေါ်မှာ လက်ဖြ
ချောင်းရာ ထင်သွား၏။

"မှတ်ပြီလား ထက်ပိုင်ထွင့်၊ မိန်းကလေးတိုင်းက ရှင်လှည့
တိုင်း ခံမယ်ထင်မနေနဲ့။ ရှင်လှည့်လို့ရတဲ့အထဲမှာ ဘော
မပါဘူး"

"ဟုတ်ပါပြီ ဘောဘီ။ ကျေနပ်ပြီလား။ ကျေနပ်ပြီဆိုရ
Go တော့။ ဂျောင်းတော့။ မင်း သွားလိုက်တော့"

"သွားမှာပါ ... သွားမှာ၊ ရှင့်နားမှာ တစ်စက္ကန့်ဆက်နေ
မှာတောင် သနတယ်"

ပြောပြီးတာနဲ့ ဘောဘီက လှည့်ထွက်သွား၏။ ထက်
ပိုင်ထွင့်က ပခုံးတစ်ချက် တွန့်လိုက်ပြီး ...





"ကဲ ... မြရောင်ချိုချို၊ ရှင်းလိုက်ရတာတော့ များသွားပြီ။
ကိုယ့်ကို အဖြေပေးတော့"

"ဟင် ... ဘာဆိုင်လို့လဲ"

"ကိုယ့်ပါးက အရိုက်ခံနိုင်သလို အနမ်းလည်း ခံနိုင်တယ်
နော်။ ကဲ ... ကိုယ့်ကို အဖြေပေး။ အဖြေမပေးရင် ကိုယ်
ဖက်နမ်းလိုက်မှာနော်"

"ဟင် ... မလုပ်နဲ့"

သူမတို့ကို ဝိုင်းကြည့်နေတဲ့ လူတွေက မနည်း။
ထက်ပိုင်ထွင့်ဆိုတဲ့လူက မလုပ်ရဲတာမရှိ။ မျက်နှာပြောင်တိုက်
တတ်ပုံကလည်း အတုမရှိ။ အတုမရှိ။ မတော်လို့များ မြရောင်ကို
တကယ်နမ်းရင် ...

"ကဲ ... မြရောင်ချိုချို"

မြရောင် တော်တော်လန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် မြရောင်ကို အနိုင်ကျင့် အကျပ်ကိုင်ကာ
အဖြေကို အတင်းတောင်းသွားသည်။

လှုပ်ပုံအလယ်မှာ အရှက်ကွဲမှာကြောက်သော မြရောင်
က သူ့ကိုမပုန်ကန်ရဲစွာ ခေါင်းညိတ်လိုက်ရတဲ့အဖြေ။

မြရောင် သူ့ကိုဘယ်လိုမှမချစ်ပါ။ သို့သော် အဖြေ
ပေးပြီးပြီ။ ပေးပြီးသားအဖြေကို ပြန်ပယ်ဖျက်၍ ရမည်မထင်

သူ့ကိုတစ်စက်မှ မေတ္တာမရှိတာကိုတောင် အဖြေ
ရအောင်ယူသွားနိုင်သူကို ပေးပြီးသားအဖြေကို ပြန်နုတ်ဖို့မလွယ်
ဘူးလေ။

သို့သော် မြရောင်သည် သူနဲ့တွေ့ရမှာ ကြော
သည်။ မြရောင်ကို အမြဲအနိုင်ကျင့်တတ်သော သူ့ရဲ့အသံကိုကြ
ရမှာတောင် ကြောက်သည်။





ဒီလိုလူကိုမှ ချစ်သူတော်ရသည့်အဖြစ်။ သို့သော်
သူ့မှာ မြရောင် တစ်ယောက်တည်းမှ မဟုတ်တာလေ။ သူ့ရဲ့
တခြားကောင်မလေးတွေအတွက်လည်း သူ အချိန်ပေးရဦးမှာဆို
တော့ မြရောင်ဆီကို သိပ်ပြီးဆက်သွယ်ချိန် ရမှာမဟုတ်ပါဘူး။

မြရောင် အဖြစ်က ရယ်ရသည်။

မနှစ်သက်သူကိုမှ ချစ်သူတော်ထားရသဖြင့် ထို
ချစ်သူ ဆက်သွယ်လာမှာကို ကြောက်နေရသည့်အဖြစ်။

သို့သော်...

မြရောင် ဆန္ဒမပြည့်ပါ။

ညဘက်မှာပဲ သူ ဖုန်းဆက်လာပါသည်။

"ဟယ်လို"

"ချစ်သူလေး ဘာလုပ်နေလဲ"

သူ့အသံကြီးက အော်ဂလီဆန်လိုက်တာနော်။

"အိပ်တော့မလို့"

"အာ...အိပ်တော့မလို့လဲ၊ ခုမှ ရှစ်နာရီပဲ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နနာရီဖြစ်ဖြစ် ကိုယ်အိပ်ချင် အိပ်မှာပေါ့။ ဒါပဲ ဖုန်းချလိုက်တော့မယ်"

"စကားပြောပုံက မညင်သာလိုက်တာနော်၊ မဖြစ်သေးပါဘူး။ ညင်ညင်သာသာ ပြောတတ်အောင် သင်ပေးဦးမှပါ"

"ရှင်နော်"

"ကဲ ... မြရောင်ချိုချို၊ မနက်ဖြန် ဆယ့်နှစ်နာရီ ကန်ပေါင် ... Moon ကိုလာခဲ့။ နေ့လယ်စာ အတူစားကြစို့"

"မလာဘူး"

"ဘာဖြစ်လို့လဲ"

"မအားဘူး"

"အားအား မအားအား လာခဲ့။ ကိုယ်စောင့်နေမယ်။ ကိုယ်စောင့်နေတာကို မလာရင် လျော်ကြေးကြီးကြီး ပြန်တောင်းတတ်တယ်နော်၊ အိုခေ"

"အိုး ... တကယ်မှ မအားတာ"





"ဘိုင်"

သူက နှုတ်ဆက်ပြီး ဖုန်းပိတ်သွားသည်။ အဲလို အနိုင်ပိုင်းတတ်တာတွေကို မုန်းတာ။ မြရောင် ပြန်ခေါ်တော့ ဖုန်းက စက်ပိတ်ထားပြီ။

ဒီလူတော့နော် ...။

စိတ်ကုန်လိုက်တာ တကယ်ပါပဲ။

မနက်ဖြန် ...။

မနက်ဖြန် ဘယ်လိုသွားရပါ့။ မျက်နှာတောင် မကြည့်ချင်ပါဘူးဆို။

တကယ်ပါပဲကွယ် ... ဒီလူနဲ့ ပတ်သက်လာရင် စိတ်ကိုညစ်ရသည်။

ပျော်စရာကိုမကောင်း။ ထက်ပိုင်ထွဋ် ဆိုသော လူတစ်ယောက်နှင့် မဆုံခင်က မြရောင်ဘဝမှာ စိတ်ညစ်စရာဆိုတာ ချို့နဲ့လားလို့ မေးရလောက်အောင် ပျော်ရွှင်ဖွယ်ရာ ဘဝကလေးကို ပိုင်ဆိုင်ခဲ့ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



မြရောင်သည် ကိုယ့်အဖြစ်ကို ဘယ်သူ့ကိုမှ ရင်ဖွင့်ရဲဘဲ သူ့ကို ကြောက်နေမိကာ သူ့အနိုင်ကျင့်သမျှ ခံနေရပါသည်။





အင်းလျားရှေ့က Moon ရဲ့ ကားပါခ်မှာ ကားဖြူလေးတစ်စီး ထိုးဆိုက်လာတာကို တွေ့တော့ ထက်ပိုင်ထွန်း လေတစ်ချက် ချွန်လိုက်သည်။

ဒီကလေးမ တော်တော်ပြောစကား နားထောင်တာပဲ။ သူ့ကို ကြောက်နေပုံလေး အထင်းသားနဲ့။

သူမ ဒေါသထွက်ရင် မျက်လုံးက ပိုပြူးလာသလိုပဲ။ ပြီးတော့ အဲဒီမျက်ပြူးလေးမှာ သူ့ကိုကြောက်ရိပ်တွေက အထင်းသား ပေါ်လွင်နေ၏၊

ထက်ပိုင်ကလည်း ညစ်တစ်တစ်နှင့် ကြောက်မှန်းသိရင် ပိုပြီးနိုင်ချင်သည်လေ။

သူမလေး သူ့ကို အလျှော့မပေးလေ ပိုပြီးအနိုင်ယူချင်လေပဲ။



www.burmeseclassic.com

www.burmeseclassic.com



တခြားမိန်းကလေးတွေကိုမှ ချစ်ခင်ယုယချင်သေးသည်။ သူမကိုဆို ဘယ်လိုနိုင်ချင်မှန်းမသိ။

မြရောင်ချိုချို ဆိုင်ထဲဝင်လာပြီ။ ကြည့်ပါဦး ရည်းစားနဲ့လာတွေ့တဲ့ပုံတဲ့။ မျက်နှာက ပြောင်သလင်းခါကာ အဆီပြန်နေသေးသည်။

ဆံပင်တွေကို ဖြစ်သလို စုချည်ထားပြီး အိမ်နေရင်းတီရှပ်အနွမ်းလေးနဲ့ ဂျင်းစကတ်ကို ဖြစ်သလိုဝတ်ထားသည်။

ညှပ်ဖိနပ်ကလည်း စလစ်ပါအပါးလေး။

ဘယ်လိုမှ အချိုးမပြေ စတိုင်လ်မကျသည့် အပြင်အဆင်။ သူနဲ့ယှဉ်ရင် အလုပ်ရှင်နဲ့ အလုပ်သမားပုံစံတောင်ပေါက်နေဦးမည်။

ရယ်ချင်လျက်က စိတ်တော်တော်ပျက်မိသေးသည်။ တကယ့်ကို စိတ်မပါဘဲ လာရသည့် အချိုးအချိတ်ကို ပြတာလေ။

သူက အပေါ်ထပ်မှာပါ။ အဲဒါကို သူ့ဆီဖုန်းမဆက်ဘဲ အောက်ထပ်မှာ ပတ်ရှာနေပုံရသည်။ တကယ့် ကောင်မလေး။





ရှာပစေ။ မတွေ့တဲ့အဆုံး အပေါ်ထပ်ကို တက်လာမှာပဲ။

တော်တော်ကြာမှ အပေါ်ကို ရောက်လာ၏။ ဖုန်းနဲ့ကားသော့ရယ်၊ ပိုက်ဆံအိတ်လေးရယ်ကိုင်ပြီး သူ့ရှေ့လာရပ်သည်။

"ထိုင်လေ"

"မထိုင်တော့ဘူး။ ဘာကိစ္စလဲ"

"ဩော် ... ရည်းစားကိုချိန်းပြီး နေ့လယ်စာ အတူစားမလို့ပါဆို။ ထိုင်ဆို မြန်မြန်ထိုင်ကွာ။ ရှုပ်မပျက်နဲ့"

ဆောင့်ဆောင့်အောင့်အောင့်နဲ့ ဝင်ထိုင်သည်။

"နဲလည်း ကျိုးသွားဦးမယ်"

ရယ်စရာပြောလည်းမရယ်။ ဘယ်လိုစက်ရုပ်မလေးပါလိမ့်။

"ဘာစားမလဲ။ မှာလေ"

"ထမင်းလိပ်"

"ပြီးတော့ရော"



www.burmeseclassic.com

www.burmeseclassic.com



"သီးစုံအချိုပွဲ။ ဒါပဲ တော်ပြီ"

သူက သူ့ဘာသာ ဝက်လက်ထမင်းပေါင်းတစ်ပွဲ မှာစားပြီးသားမို့ သူမအတွက် မှာပေးလိုက်၏။

"ကိုရီးယားထမင်းသုပ် မစားဘူးလား"

"ဟင့်အင်း"

"ကိုယ်နဲ့တွဲလာတဲ့ ကောင်မလေး တော်တော်များများက ကိုရီးယားထမင်းသုပ် စားကြတယ်။ ဒီဆိုင်က ကိုရီးယား ထမင်းသုပ် တော်တော်ကောင်းတယ်တဲ့"

သူ တမင် သူမစိတ်ဆင်းရဲစေမယ့်၊ မခံနိုင်မယ့် စကားမျိုး ရွေးပြောမိသည်။

"ဟုတ်လား။ ကျွန်မကတော့ အစပ်မကြိုက်ဘူး။ အစပ်ကို နည်းနည်းမှ မစားနိုင်ဘူး။ ရှင့်ကောင်မတွေနဲ့တော့ တူမှာ မဟုတ်ဘူး"

ထက်ပိုင်ထွန်း အပြုံးတစ်ချက် နက်သွား၏။

"ကိုရီးယားထမင်းသုပ်တစ်ပွဲ"





ဘုရားရေ ... သင်း သူမကို အနိုင်ကျင့်ပြီး စားခိုင်းတော့မယ်။ မြရောင် ထိုင်ခုံက ထလိုက်တော့ သူက မြရောင်လက်ကို ဖမ်းဆွဲထား၏။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က မြရောင် မစားနိုင်တဲ့ အင်မတန်စပ်တဲ့ ကိုရီးယားထမင်းသုပ်ကို အတင်းစားခိုင်းတယ်။

"မြရောင်ချိုချို ဘာသာ စားမလား၊ ကိုယ် ခွံ့ရမလား"

"ကျွန်မမှ မစားနိုင်တာ၊ ထက်ပိုင်ထွဋ် ... ရှင် မယုတ်မာနဲ့"

"ဟ ... ကိုယ့်ချစ်သူကို ဒီလိုပြောရလား။ အပြောအဆိုတွေတော့ သင်ရဦးမယ် ထင်တယ်"

သူကပြောရင်း ထမင်းသုပ်တစ်ဇွန်းခပ်ကာ သူမ မျက်နှာကို မေးအောက်ကပင့်ကိုင်ပြီး အတင်းခွံ့သည်။ သူမနှုတ်ခမ်းတွေ တင်းတင်းစေ့ထားတာကို ဇွန်းနှင့်အတင်းဖိသဖြင့် နာတာကို မခံနိုင်ဘဲ ပါးစပ်ဟကာ စားလိုက်ရတော့သည်။





မြရောင် မျက်ရည်တွေ ကျလာသည်။ နှုတ်ခမ်းလည်းနာသည်။ စပ်လည်း အင်မတန်စပ်သည်။ အသည်းထဲကလည်း နာကြည်းသည်။

မြရောင် သူ့ကို စိမ်းစိမ်းစူးစူး စိုက်ကြည့်ပစ်လိုက်သည်။ မြရောင် အကြည့်တွေမှာ သူ့ကို အင်မတန်မုန်းတီးသည့် အရိပ်တွေဖြင့် ပြည့်နှက်နေသည်။

သို့သော် သူက မြရောင်ကို ထမင်းသုပ်တွေ တစ်ဇွန်းပြီးတစ်ဇွန်း ထပ်ခွံ့သည်။ စပ်လွန်းလို့ နာရည်တွေကျပြီး နှပ်တွေပါ ထွက်လာမှ အခွံ့ရပ်ကာ သီးစုံအချိုပွဲတွေထဲက ဖရဲသီးတစ်စိပ်ခပ်ကာ ခွံ့ကျွေးသည်။

"မစားဘူး ထက်ပိုင်ထွဋ်၊ ကျွန်မကို အသည်းခိုက်တဲ့အထိ စပ်အောင်လုပ်ပြီးမှ အချိုနဲ့ဖြေဖို့ ရှင် မကြိုးစားနဲ့၊ ရှင်နဲ့ ပတ်သက်ရင် ပေးစပ်ရမယ့်ဝဋ်ကြွေးတွေရှိလို့ ဒီနေ့လို အရှင်လတ်လတ် ငရဲခံရတယ်လို့ပဲ ကျွန်မ သတ်မှတ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတာနဲ့ ထရပ်ကာ ထွက်လာလိုက်သည်။

သူမ ကားဆီရောက်ပြီး တံခါးဖွင့်ကာ ဝင်ထိုင်ရုံရှိသေး နောက်ကပါလာသော သူက ကားတံခါးကို ဆုပ်ကိုင်ကာ မျက်နှာငုံ့ပြီး သူမပါးကို လှဲစ်ခနဲ နမ်းလိုက်သည်။

"ဟင် ... ရှင် ... ရှင်"

"မြရောင်ကို ဖရဲသီးမစားလို့ ဒဏ်ခတ်တာ။ ဘယ်လိုလဲ ဖရဲသီးထက် ချိုတယ်မို့လား"

"ရှင်"

ကားတံခါးကို ပိတ်ပေးပြီး လှည့်ထွက်သွားသူကို ဘာမှပြောချိန်မရလိုက်တော့။





တစ်ခါမှ မစားဘူးသော အစပ်တွေစားပြီး မြရောင် ဗိုက်တွေအရမ်းနာလာကာ ဝမ်းတွေသွားပြီး ဝမ်းကိုက်ပါတော့သည်။

ဆရာဝန်ပင့်ကာ ဆေးတွေထိုး၊ ဆေးတွေသောက်၊ ဓာတ်ဆားရည်တွေ သောက်ရတော့သည်။

မြရောင် သူ့ကိုမုန်းလိုက်တာ။ သူ ဖုန်းဆက်မှာစိုး၍ မြရောင် ဖုန်းကိုလည်း ပိတ်ထားလိုက်သည်။

သို့သော် မြရောင် ဝမ်းကိုက်သွားတာကို နီလာ့ဆီကတစ်ဆင့် သူ သိသွားသည်။

သူနဲ့ မြရောင်ရဲ့ပတ်သက်မှုကို မသိသော နီလာက ဘာရယ်မဟုတ် အမှတ်တမဲ့ ပြောမိသွားတာပါ။

ထက်ပိုင်ထွဋ် စိတ်မကောင်းဖြစ်သွား၏။ သူကတော့ ဘာရယ်မဟုတ်ပါ။ သူမကို နိုင်စားရတာ ပျော်စရာကောင်းလို့



www.burmeseclassic.com

www.burmeseclassic.com



တမင်လုပ်လိုက်တာ။ ဒါပေမဲ့ ခုလို ထိခိုက်သွားဖို့လောက်အ
တော့ မရည်ရွယ်ပါ။

သူ့ကို အမြဲစက်ဆုပ်နေပုံရပြီး ချစ်ကြင်နာရိပ်တ
စက်မရှိသော ကောင်မလေးကို သူကလည်း ချော့မော့ကြင်နာ
စိတ်ကူးမရှိပါ။

သူ့ကို မုန်းနေမုန်းသိလေ အစွဲတိုက်ကာ ပိုပြီးမုန်
အောင် နှိပ်စက်ချင်လေပင်။ သူမ စိတ်ညစ်နေရင် သူ ပျော်သည်
သူမကိုအနိုင်ရလိုက်ရင် သူ ပျော်သည်။

သို့သော် သူ့ကြောင့် ခုချိန်ထိ ဘယ်သူ့ကိုမှ ထိခိုက
နစ်နာလောက်တဲ့အထိ သူ မလုပ်ဘူးပါ။

ခုလို မြရောင်ချိုချို ဆေးရုံတက်ရတဲ့အဆင့်ထိ ဖြ
သွားသဖြင့် သူ တော်တော်စိတ်မကောင်း။ တခြားမိန်းကလေးတွေ
ဆိုရင်တောင် အလိုက်သင့်လေး ဆက်ဆံနိုင်ပါရက် မြရောင်ချို
ကို ဘာလို့ ဒီလောက်ထိ နှိပ်စက်လိုက်မိပါလိမ့်ဟု နောင်တလည်
ရသည်။





ထို့ကြောင့် မြရောင်ချိုချိုကို အဆက်အသွယ် လုပ်
တော့လည်း ဖုန်းပိတ်ထားသည်။

သူမအိမ်ကိုလည်း မသွားချင်။ ခုချိန်ထိ သူရဲ့မြောက်
မြားလှစွာသော ရည်းစားတွေရဲ့အိမ်ကို သူ မသွားဖူးပါ။

ထို့ကြောင့် မြရောင်တို့လမ်းထဲကို ကားပတ်မောင်း
ရင်း မြရောင်ကို တွေ့ရလို တွေ့ရငြား ရှာမိ၏။

မြရောင်သည် အိမ်ထဲက အိမ်ပြင်တောင် မထွက်နိုင်
ဘူး ထင်ပါရဲ့။

အရိပ်ကလေးတောင် မတွေ့ရ။ ဖုန်းကလည်း
ပုံးဝကို ပိတ်ထားသဖြင့် သူ့မှာ သူမကို တွေ့ချင်စိတ်တွေက
ပျံ့တက်လာသည်။

ရုပ်တည်ကြီးနဲ့ အိမ်ထဲဝင်တွေ့ချင်စိတ်တွေ ပေါက်
လာသော်လည်း သူ့စိတ်က သူ့ခြေထောက်တွေကို ခွင့်မပြုပါ။

သူဆိုတဲ့ ထက်ပိုင်ထွဋ်ဟာ ယနေ့အချိန်ထိ ဘယ်
ရည်းစား၊ ဘယ်မိန်းကလေးရဲ့အိမ်ကိုမှ မသွားဘူးပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ထိ ဘယ်မိန်းကလေးကိုမှ လက်ထပ်ဖို့ ကူးမရှိတဲ့အတွက် မိန်းကလေးတွေရဲ့ အိမ်ကလူတွေနဲ့လ မဆုံစည်းချင်။

လွယ်လွယ် ရှန်းထွက်မရမှာ စိုးတာကြောင့် ရည်းစားရဲ့အိမ်ကိုမှ အဝင်အထွက် မလုပ်တာ။

ထို့အတွက်လည်း သူ့ကိုယ်သူ လိပ်ပြာသ သည်။

သူ့ကြောင့် ဘယ်မိန်းကလေးကိုမှ ထိခိုက်န အောင် သူ မလုပ်ဘူးပါ။

ယုတ်စွအဆုံး မိန်းကလေးတွေနှင့် ဆိတ်ကွယ် တောင် နှစ်ယောက်တည်း ချိန်းမတွေ့ပါ။

သမီးရည်းစားတို့ ဘာသာဘာဝ လက်ကိုင်၊ ခုံး ပါးနမ်းတာလောက်တော့ ရှိပါသည်။

သို့သော် ထိုအရာတွေကိုလည်း လူရှေ့သူရှေ့မှ ပြုလေ့ရှိသူပါ။





ဥပမာ ... စားသောက်ဆိုင်မှာ တစ်ခုခုစားသောက်နေရင်း ကောင်မလေးပါးကို ဖျတ်ခနဲ နမ်းတာမျိုး၊ ကားမောင်းရင်းဖြစ်စေ၊ လမ်းလျှောက်ရင်းဖြစ်စေ ကောင့်မလေးကို လှစ်ခနဲ နမ်းတာမျိုးပဲ လုပ်လေ့ရှိကာ အရသာခံပြီး အသားယူနမ်းတာမျိုး သူ ဘယ်တော့မှမလုပ်။

ထို့ကြောင့်လည်း မိန်းကလေးတစ်ယောက်ကို သူ ဆက်မတွဲချင်တော့ရင် အလွယ်တကူ ရှောင်ထွက်သွားလို့ ရတာပင်။

သို့သော် ...

မြရောင်ချိုချိုကိုတော့ နစ်နာအောင် လုပ်မိပြီ။ မြရောင်ချိုချိုကို ဆိုရင် နှိပ်စက်ချင်၊ အနိုင်ယူချင်စိတ်တွေက ဘယ်လိုပေါ်ပေါက်လာမှန်းကို မသိ။ တခြားမိန်းကလေးတွေကို အဲလို တစ်ခါမှ မလုပ်ဖူးဘူး။

ဝမ်းကိုက်ရောဂါကို သူ ခံစားဖူးသဖြင့် မြရောင်ချိုချို အတွက် တော်တော်စိတ်မကောင်း ဖြစ်မိတာပင်။



www.burmeseclassic.com

www.burmeseclassic.com



သူ ခြိမ်းခြောက် အကျပ်ကိုင်လိုက်တိုင်း မျ... ပြုုးလေးနဲ့ ကြောက်နေတာကိုလည်း သူ တော်တော်သဘော... မိတာကြောင့် ခုလို ဖြစ်ရတာပင်။

သို့သော် သူမအိမ်ကိုလည်း သွားချင်၊ သွား... လည်း သူ့စိတ်က ခွင့်မပြုပါ။

ဒီလိုနဲ့ သူမတို့လမ်းထဲ ကားပတ်မောင်းနေမိ... ဘယ်နခါမှန်း မသိတော့။

ငွေပို့ရန်၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့လိုလျှင်
အမှတ်-၉/၁၁၊ စ-လွှာ(ဂ)၊ ဗေဒါဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။





မြရောင် ဖုန်းကိုလုံးဝမဖွင့်။ သို့သော် မြရောင်ကိုတော့ ခြံထဲမှာ ပန်းရူးနေတာ တွေ့ရသည်။ မြရောင်တို့ခြံထဲမှာ နှင်းဆီပင် တော်တော်များများ စိုက်ထားပြီး ဂရုတစိုက်ပြုစုထားသဖြင့် နှင်းဆီဖူးကြီးတွေက စိုအိကာ အပင်တွေသန်ပြီး အပွင့်တွေလှပါသည်။

နှင်းဆီပန်းသည် ဘွားရဲ့အသည်းကျော်ဖြစ်ပြီး တစ်အိမ်လုံး နှင်းဆီတွေ ဝေနေအောင်ထိုးကာ နှင်းဆီရနံ့တွေ ထုံလွှမ်းနေမှ အဘွားက စိတ်ကြည်လင် လန်းဆန်းသတဲ့လေ။

ထို့ကြောင့် အိမ်မှာ မြရောင်က ပန်းအိုးတွေပန်းမန္တမ်းရေး တာဝန်ယူရသည်။



www.burmeseclassic.com

www.burmeseclassic.com



မြရောင်တို့ ခြံထဲမှာ စိုက်ထားတဲ့ နှင်းဆီပင်အ
အတွက်က အိမ်ရှိပန်းအိုးအားလုံးအတွက် ပန်းအဆက်မပြတ်
တာဝန်ယူနိုင်ပါသည်။

ထက်ပိုင်ထွဋ်သည် မြရောင်ကိုတွေ့တော့ မျက်
မလွှဲနိုင်။ သို့သော် မြရောင်နှင့် သူကလည်း အတန်ငယ်လှမ်
နေသည်။ မြရောင်က ခြံဝနှင့် တော်တော်လှမ်းသော ပန်းပင်
မှာ ပန်းခူးနေတာပါ။

သို့သော် နောက်ဆုံးမှာတော့ သူ့စိတ်တွေကို
အရှုံးပေးလိုက်ရတော့သည်။

"တီ ... တီ"

ကားဟွန်းကို ခပ်ဖိဖိတီးလိုက်သည်။ မြရောင်က
လှုပ်တောင်မလှုပ်။ ပန်းဆက်ခူးနေမြဲ။

"တီ တီ တီ ... တီ တီ"

ခြံတံခါး ရုတ်တရက် ပွင့်လာကာ ...

"ဘယ်သူနဲ့ တွေ့ချင်လို့လဲကွယ်"





ခြံစောင့်ဖြစ်ဟန်တူသော ဦးလေးကြီးတစ်ယောက်
ရဲ့မျက်နှာ ပေါ်လာကာ ...

"ကျစ်"

သူ ခြံထဲမဝင်ချင်ပါဘူး ဆိုမှကွာ။

"ကျွန်တော် မြရောင်ချိုချိုနဲ့ တွေ့ချင်လို့ပါ"

"ဩော်"

ဦးလေးကြီးက တံခါးဖွင့်ပေးပြီး ...

"ဝင်ပါ ကလေး"

မြရောင်ကို ခေါ်ပေးမယ်ထင်တာ။ မခေါ်ပေးဘဲ
ခြံထဲဝင်ဖို့ ခြံတံခါးကို ရက်ရက်ရောရော ဖွင့်ပေးနေသည်။ မထူး
တော့။ ကားကို ခြံထဲတဖြည်းဖြည်းချင်း လိမ့်ဝင်ခဲ့ရတော့သည်။

မြရောင်နား ရောက်တော့ ကားကိုရပ်လိုက်သဖြင့်
မြရောင်က လှည့်ကြည့်ကာ ...

"ဟင် ... ထက်ပိုင်ထွဋ်"

"ဘာလို့ ဖုန်းပိတ်ထားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာလာလုပ်တာလဲ"

"တွေ့ချင်လို့ပေါ့။ ဖုန်းကလည်း ပိတ်ထားသေးတယ်။ ဒီတော့ လာမတွေ့လို့ ဘယ်လိုလုပ်ရမလဲ"

"ဟာ ... ပြဿနာပဲ၊ ဘွားဘွား ဆူတော့မှာပဲ"

မြရောင်ချိုချို့ရဲ့ မျက်နှာလေးက ငိုမဲ့မဲ့လေးဖြစ်နေသည်။ သူက အဲဒါကို သဘောကျနေသေး၏။ တခြားကောင်မလေးတွေဆို သူမတို့အိမ်ကို ထမင်းစားတောင် ဖိတ်သေးသည်။ သူက မသွားလို့။ ဒီတစ်ယောက်ကတော့ ရှုံ့မဲ့နေတာပဲ။

"မြေးလေး ... ဧည့်သည်လား ခေါ်ခဲ့လေ"

မြရောင် မတတ်သာစွာပဲ သူ့ကို ဘွားရှေ့ခေါ်ရတော့သည်။

ဧည့်ခန်းမှာထိုင်တော့ ဘွားက မျက်မှန်တဝင်းဝင်းနှင့် သူ့ကို အကဲခတ်နေသည်။

"ကျွန်တော်က မြရောင်ချိုချို့ သူငယ်ချင်းပါ ဘွား။ သူ နေမကောင်းဘူးကြားလို့ သတင်းလာမေးတာ"





"အေးကွယ် ... သူက အခုကောင်းသွားပါပြီ။ ဒါနဲ့ ကလေးတို့က ဘယ်မှာခင်ကြသလဲကွယ့်"

"ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက် မိတ်ဆက်ပေးလို့ ခင်တာပါ အဘွား"

ထက်ပိုင်ထွဋ်ရဲ့အဖြေတွေအတွက် မြရောင် ရင်ခုန်နေမိသည်။ အဘွားကို ပေါ်တင်ကြီး မြရောင်ရဲ့ချစ်သူပါ ဘာညာနဲ့ ဖြေလိုက်မှာ ကြောက်နေတာပါ။

"အေးကွယ် ... မြရောင်က တစ်ဦးတည်းသော သမီးဆိုတော့ အပေါင်းအသင်း မက်တယ်။ သူငယ်ချင်းတွေဆိုတော့ မောင်နှမတွေလို ခင်မင်ကူညီကြပေါ့ကွယ်၊ မြရောင်ကိုလည်း နှမရင်းလေးလို သဘောထား စောင့်ရှောက်ပေးပါဦးကွယ်"

"ဟုတ်ကဲ့ပါ အဘွား"

"ကော်ဖီသောက်ပါဦး ကလေး။ မြရောင် သူငယ်ချင်းဆိုတော့လည်း အဘွားရဲ့မြေးပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက ကော်ဖီယူသောက်ပြီး မြရောင်ကို ကြည့်ကာ...

"ဝမ်းလျှောလို့ဆို။ မြရောင်ချိုချိုက ဖုန်းပိတ်ထားတော့ သက်သာမသာ သတင်းမေးချင်တာနဲ့ အိမ်ကို လာလိုက်တာ"

"သက်သာပါတယ်၊ ပြန်တော့။ ကျွန်မ မအားလို့"

"အင်း ... ဖုန်းလေး ဖွင့်ထားပါဦး မြရောင်ရဲ့၊ အရေးအကြောင်းဆို ဖုန်းက ဆက်မရဘူး"

သူက ခပ်တည်တည်နဲ့ စိုက်ကြည့်ကာ ပြောသွားသည်။ မြရောင်ကတော့ လောလောဆယ် ဘွားဘွားရဲ့မေးခွန်းတွေကို ကြိုတင်စိတ်ပျက်နေ၏။





မြရောင်က ယောကျ်ားလေးသူငယ်ချင်း တစ်ခါမှ မထားဘူးသည့်အပြင် ခုလို အိမ်အထိပါ လာလည်သည့်အထိဆိုတော့ အဘွားရဲ့အဆူအကြိမ်း အမေးအမြန်းတွေ ခံရမည်ထင်ကာ ကြိုပြီး ခေါင်းကြိမ်းနေခဲ့တာပါ။

သို့သော် ထိုကိစ္စနှင့် ပတ်သက်၍ အဘွားက မြရောင်ကို ဘာမှမပြောခဲ့ပါ။

ညဘက်ကျတော့ မြရောင် ဖုန်းဖွင့်လိုက်ရပါ၏။ ဖုန်းမဖွင့်ရင် သင်းက ဘာခြေလှမ်းတွေ လှမ်းလာဦးမလဲ မသိဘူးလေ။

သို့သော် သူက မြရောင်ဆီ ထိုညက ဖုန်းမဆက်ပါ။

မြရောင်သည် သူ့ကို လိုက်မမီတာ များပါ၏။ မြရောင်လို အချစ်ရေးမှာ အထိအတွေ့မရှိသည့် အရိုင်းသက်သက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတစ်ယောက်ဟာ သူ့လို မိန်းမကျမ်းကျေနေသည့် ဂျင်ပေါ်ကထုံးကို ဘယ်လိုက်မီပါမလဲ။

သူ ဒီနေ့ အိမ်ကိုရောက်လာတော့ မြရောင် ရင်တွေ တုန်ကာ တော်တော်ထိတ်လန့်သွားတာ။

သူဟာ မြရောင်ကို တော်တော်ကြီး စိတ်ဒုက္ခပေးတဲ့သူပါပဲ။

ဖုန်းကလေးက ရှတ်တရက် တုန်ခါကာ သီချင်းသံလေးက သာယာစွာ။

မြရောင် ထိတ်လန့်သွားသော်လည်း သူ့ဖုန်းနံပါတ်မဟုတ်။

"ဟဲလို ... နီလာ ပြော"

"ဟဲ့ ... နေကောင်းသွားပြီလား"

"အေး"

"ဒါဆို မနက်ဖြန် သင်တန်းတက်မှာလား"

"အေး ... တက်မယ်လေ"





မြရောင်တို့က လှိုင်ထဲမှာ MBA တက်နေကြတာပါ။ မြရောင်က ကျောင်းပြီးသွားပေမယ့် စီးပွားရေးနဲ့ ပတ်သက်တဲ့ သင်တန်းတွေ ဆက်တက်နေသေးကာ ကိုယ့်ကိုယ်ကိုယ် အားရကျေနပ်မှုရှိမှပဲ မေမေတို့ရဲ့ရွှေဆိုင်ကို လိုက်ဖို့စဉ်းစားထားပါသည်။

"ဒါနဲ့ မြရောင်၊ နင့်ကို ငါ မေးစရာရှိလို့"

"မေးလေ"

"နင့်ကို ကိုထွဋ်မျှား ဆက်သွယ်သေးလား"

မြရောင် ဘယ်လိုဖြေရပါ့နော်။ နီလာ သိလို့များမေးနေတာလား။

"မြရောင် ငါမေးနေတယ်လေ။ အင်း ... နင်ချက်ချင်း ပြန်မဖြေပုံထောက်ရင် နင့်နားကို ကိုထွဋ် ရောက်နေပြီမို့လား"

"နီလာ"

"အေး ... ပြော"



www.burmeseclassic.com

www.burmeseclassic.com



သုံ့မလည်း နီလာ့ကို အကုန်ပြောပြလိုက်မိတော့သည်။ မြရောင်မှာ ရင်ဖွင့်စရာလူမှ မရှိတာ။ မြရောင် သူ့ကို အရမ်းကြောက်ရွံ့ မွန်းကျပ်နေပြီလေ။ သူ့ အနိုင်ကျင့်သမျှ ကြိတ်မှိတ်သည်းခံနေရတာ မခံစားနိုင်တော့ဘူး။

"ဟယ် ... ကိုထွဋ်က အဲလိုလူမျိုးမဟုတ်ပါဘူး။ ရည်းစားတွေ ထည်လဲတွဲပေမယ့် အဲဒီရည်းစားတွေအပေါ် နစ်နာအောင် မလုပ်တတ်ပါဘူး။ အဲဒါကြောင့်လည်း ငါတို့ဆို ကိုထွဋ် ဘယ်သူနဲ့တွဲတွဲ အေးဆေးပဲ။ ကိုယ်လည်း သိပ်အလေးအနက် မထားဘူး။ ဘော်ဒါသာသာပဲ တွဲဖြစ်တာ"

"တကယ်ပါဟယ်၊ ငါ ဝမ်းကိုက်တာလည်း သူ အစပ်တွေ အတင်းကျွေးလို့ဖြစ်တာ။ ငါ အစပ်လုံးဝမစားတာ နင်လည်း အသိ"

"အင်း ... ထူးတော့ ထူးတယ်ဟ။ တကယ့်သတင်းအသစ် တစ်ပုဒ် ကြားရတာပဲ။ နေဦး ... သူ ဒီနေ့ နင့်အိမ်လာတယ်နော်"





"ဟုတ်ပါတယ်ဆို။ ငါတော့ ဘွားဘွား ဆူပြီမှတ်တာ။ တော်သေးတယ်။ ခုထိ ဘွားဘွားက ဘာမှမပြောသေးဘူး"

"အဲဒါကလည်း တကယ့်သတင်းထူးပဲ သိလား။ ကိုထွဋ်က မိန်းကလေးတွေအိမ်ကို ဘယ်တော့မှ မသွားဘူးဟ။ တိုင်ပတ်ပြီး ရန်းထွက်မရမှာစိုးလို့"

"ဟုတ်လို့လား။ သူကတော့ ဖုန်းမကိုင်ရင် ငါ့ဆီလာမယ်ဆိုပြီး ခြိမ်းခြောက်ဖူးတယ်ဟ။ ပြီးတော့ ငါ စိတ်ဆိုးပြီး ဖုန်းပိတ်ထားတော့ တကယ်ကြီးကို ရောက်ချလာတာပါဆို"

"အင်း ... စဉ်းစားစရာပဲ။ ထူးတော့ တကယ်ထူးဆန်းတယ်။ တစ်ခါမှ မကြားဘူးတဲ့ ပုံပြင်တွေပဲ။ မြရောင် နင့်ကို ကိုထွဋ် တကယ်များ ငြိသွားတာလား"

"ဟယ် ... ဒီလောက် နှိပ်စက်နေတာဟယ်၊ ချစ်တာတော့ မဖြစ်နိုင်ဘူး။ မုန်းနေတာပဲ ဖြစ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်က အ,ပြန်ပြီ။ ဒီမှာ လူတစ်ယောက်ဟာ ပုံမှန်မဟုတ် တဲ့အလုပ်တွေ လုပ်လာပြီဆိုရင် မထူးဆန်းဘူးလား"

"ထူးတာ မဖြစ်နိုင်ဘူး၊ ရူးနေတာပဲ ဖြစ်မယ်၊ ငါ့အမေ ဒီလောက် ရက်စက်နေတာ"

"အေး ... ရူးရင်တောင် အချစ်ရူး,ရူးသွားတာပေါ့ဟ"

"နီလာ ... နင် ဘယ်လိုဖြစ်နေတာလဲ။ အခုပြောနေ လူက နင်နဲ့တွဲနေတာလေ"

"ငါနဲ့တွဲတာ ဟုတ်တယ်လေ။ ဒါပေမဲ့ အလေးအနက်ကြ မှ မဟုတ်တာဟာ။ သူ တကယ်ရူးသွပ်ရမယ့် လူတွေ့ လည်း ငါ ဝမ်းသာပေးနိုင်တယ်။ အထူးသဖြင့် နင့် အဖြူထည်လေးကို သူ တကယ်ငြိသွားတဲ့အတွက် အတွက်လည်း ဝမ်းသာတယ်။ အရိုးခံလေး နင့်ကို သူ့ အရုပ်တစ်ရုပ် မဖြစ်စေချင်တာ ငါ့စေတနာဟာ။ အခု က သူ့ရဲ့ဘုရင်မဖြစ်ဖို့ နီးစပ်နေပြီဆိုတော့ သူ့အတွ ရော နင့်အတွက်ပါ ငါ ဝမ်းသာပေးနိုင်တယ်"





"နီလာရယ်"

"သူက မိန်းကလေးတွေကို အရုပ်လို သဘောထားပေမယ့် မိန်းကလေးအများစု ရင်ထဲမှာ သူက King ပဲဟ။ အဲလိုပဲ မြရောင်၊ ငါ့ရင်ထဲမှာလည်း သူက King ပဲ။ ဒါပေမဲ့ အဲဒီ King ကို ငါမပိုင်ရရင် နေပါစေ။ သူ့ပျော်မယ်ဆို ငါကျေ နပ်တယ်၊ သူ တကယ်ချစ်မိသွားတဲ့သူဟာ မိန်းမလည်တစ် ယောက် မဟုတ်ဘဲ နင်ဖြစ်နေတဲ့အတွက်လည်း ငါကျေနပ် ပါတယ်ဟာ"

နီလာပြောမှပဲ သူက မြရောင်ကို တကယ်ချစ်နေ သလိုလို ထင်လာကာ မြရောင်ရင်က ဖျတ်ခနဲ ခုန်သွားသည်။ ဒါဟာ သူနဲ့ပတ်သက်ပြီး ပထမဆုံး ရင်ခုန်မိတာပါကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"မြေးလေး ... လာပါဦးကွယ်၊ ဘွား မိတ်ဆက်ပေးရ
မယ်"

အပြင်ထွက်မယ့် မြရောင်ရဲ့ခြေလှမ်းတွေက ဧည့်
ခန်းဆီသို့။

ဧည့်ခန်းမှာ ဘွားနဲ့ ဧည့်သည်မိသားစုတစ်စု။ သို့သော်
ထိုမိသားစုကို မြရောင် သိပါသည်။ သိသည်ဆိုတာက ဦးလေးကြီး
နဲ့ အန်တီကြီးကို သိတာပါ။

သူတို့က ဘွားဆီက မကြာခဏ ပိုက်ဆံလာလှည့်
နေကြ ဘဏ်သူဌေးကြီး လင်မယားပါ။

ဘယ်လိုဘဏ်သူဌေးကြီးဖြစ်ပါစေ ငွေကျပ်တဲ့အခါ
ရှိပြီး ထိုအခါတိုင်း ဘွားက အမြဲကူညီနေကြ။ ရယ်စရာတော့
ကောင်းသား။





ဘွားက စီးပွားရေးသမားကြီးတွေ သူဌေးကြီးတွေ
ရဲ့ **Background** ဖြစ်နေတော့ ဘွားကို ဘယ်လိုကဗျည်းထိုးရမလဲ။
မဟာသူဌေးမကြီးလား။

သို့သော် မြရောင်တို့ တစ်မိသားစုလုံး အနေရိုးကုပ်
သဖြင့် အကြောင်းမသိလျှင် မြရောင်တို့ကို သူဌေးကြီးလို့တောင်
ထင်မှာမဟုတ်ပါ။

"လာ ... မြေး၊ ဒီက မောင်ကျော်စွာနဲ့ မိမိခိုင်ကိုတော့
မြေး သိပြီးသားပဲ၊ ဒါက သူတို့သားလေး ဟိန်းကမ္ဘာ
တဲ့"

"ဟုတ်"

"မြေးလေး မောင်ဟိန်း၊ ဒါက ဘွားမြေးလေး မြရောင်
ချိုချိုလေ။ မြေးတို့ ငယ်ငယ်တုန်းကတော့ တွေ့ဖူးကြပါ
တယ်။ မောင်ဟိန်းလေးက ငယ်ငယ်တည်းက စင်ကာပူ
မှာ ကျောင်းသွားတက်နေတာနဲ့ မြေးနဲ့မဆုံဖြစ်တော့တာ။
ဒီကြားထဲ မောင်ဟိန်း ပါလာသေးတယ်နော် မိမိ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ အမေရဲ့။ သားလေးပါလာတော့ သ
လေးက အိမ်မှာမရှိဘူးလေ"

"ဟုတ်တယ်၊ ခုမှ သူ့ကိုဆုံကြတယ်"

မောင်ဟိန်းနဲ့ မြရောင်က တစ်ယောက်ကို တ
ယောက် ပြုံးပြရုံပင်။

လူကြီးတွေပဲ စကားတွေဖောင်ဖွဲ့နေကြသည်။

"မြေးလေး ... ပန်းသွားခူးမလို့လား"

"ဟုတ်ကဲ့ ဘွား"

"ဒါဆို မောင်ဟိန်းကိုပါ ခေါ်သွား၊ ခြံထဲလိုက်ပြလိုက်ဦး"

"ဟုတ် ... လာလေ မောင်ဟိန်း"

မြရောင် ပန်းဆင်းခူးရာသို့ မောင်ဟိန်း ပါလာ
မြရောင်က အိမ်နေရင်း ဂါဝန်ကလေးနဲ့။ ဆံပင်တွေက ထုံး
အတိုင်း နှစ်ဖက်ခွဲစည်းထားသည်။

မျက်နှာပေါ် တို့ထားတဲ့ နို့ရည်တွေကြောင့် မျက်
က အဆီပြန်နေသေးသည်။



ဟိန်းက ကောင်မလေးကိုကြည့်ပြီး ရယ်ချင်နေသည်။ သူ့ငွေးမကြီးရဲ့မြေးက လုံးဝမခမ်းနားပါ။ သူ့ရှေ့မှာ ပဲများရ ကောင်းမှန်းလည်း မသိ။ အိမ်နေရင်းပုံစံလေးနဲ့ပဲ ဖြူဖြူစင်စင် ချစ်စရာလေးပါ။

"အဘွားက နှင်းဆီပန်းကြိုက်တယ် မောင်ဟိန်းရဲ့၊ အဲဒါကြောင့် ခြံထဲ နှင်းဆီတွေအပြည့် စိုက်ထားပြီး ပန်းအိုးထိုးဖို့ ခြံထဲကပဲ ခူးတာလေ"

"မြရောင် အသက်ဘယ်လောက်လဲ"

"နှစ်ဆယ့်နှစ်လေ၊ ဘာလို့လဲ"

"ကိုယ်က တွမ်တီဖိုက်"

"အဲတော့"

"အခေါ်အဝေါ် ပြင်သင့်တယ် မထင်ဘူးလား"

"အင်း ... မောင်ဟိန်းက မြရောင်ထက် အသက်ပိုကြီးတာပဲ။ ဒါပေမဲ့ မြရောင်က ကိုမောင်ဟိန်းလို့ မခေါ်ချင်ဘူး"

"ကိုကိုခေါ်လည်း ရတယ်နော်၊ စိတ်မဆိုးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... ဒါပေမဲ့ မြရောင်က မောင်ဟိန်းလို့ပဲ ခေ
ချင်တယ်"

"ဖြစ်ရတယ်ကွာ၊ အဲဒါ မြရောင်ရဲ့အဘွားတစ်ယောက်
ခေါ်တာကွ"

"မြရောင်နဲ့ဆို နှစ်ယောက်ပေါ့ မောင်ဟိန်းရဲ့"

"မောင်ဟိန်း ဆိုတာကြီးက ဘယ်လိုကြီးလဲ မသိဘူး"

"မသိဘူး ခေါ်မှာပဲ"

မောင်ဟိန်း မျက်နှာရှုံ့မဲ့နေတာကိုကြည့်ပြီး မြရော
ကျေနပ်နေသတဲ့။

"ခေါ်ပါ ... ခေါ်ပါ၊ စိတ်ကြိုက်သာ ခေါ်တော့"

မောင်ဟိန်းက အရောင်စုံလှသော နှင်းဆီပုံတွေက
ကြည့်ကာ သဘောကျနေသည်။

"မြရောင်ရော ... နှင်းဆီပန်း ကြိုက်လား"

"မြရောင်က နှင်းဆီရယ် မဟုတ်ပါဘူး၊ ပန်းဆို အကု
ကြိုက်တယ်၊ ဒါပေမဲ့ အနံ့အရမ်းစူးတဲ့ပန်းဆိုရင် မကြိုက်
ဘူး"





မောင်ဟိန်းက ခေါင်းညိတ်သည်။

"ပန်းရော ပန်တတ်လား"

"တစ်ခါမှ မပန်ဖူးဘူး"

"မိန်းကလေးပဲ တစ်နေ့နေ့တော့ ပန်ဖူးမှာပါ"

"ဖြစ်နိုင်ပါတယ်"

မောင်ဟိန်းက ပန်းမပန်ဖူးတဲ့ ကောင်မလေးကို စိတ်ကူးထဲမှာ ပန်းပန်ပေးကြည့်မိသည်။

ဒီကိုလာတည်းက မေမေက ကောင်မလေးကို လှေ့လာကြည့်ပါတဲ့။ မေမေတို့အတွက်တော့ မြရောင်ချိုချိုဆိုတာ နှစ်ယောက်မရှိနိုင်တဲ့ အဖိုးတန်အမျိုးမှန် ချွေးမလောင်းလေးဆိုပဲ။

စင်ကာပူလိုမြို့ကြီးမှာ ကျောင်းတက်လာတဲ့သူက မိဘစပ်ပေးတဲ့မိန်းမကို ယူရမှာကတော့ တစ်မျိုးကြီးပါ။ သို့သော် မေမေတို့ သဘောကျ ကျေနပ်ရုံလေး လိုက်ကြည့်တာပါ။ ပြီးတော့ ခုထိ စီးပွားရေးနဲ့ ပညာရေးကလွဲပြီး ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားမိသေးတာမို့ အပြောင်းအလဲအဖြစ် လိုက်ကြည့်မိတာလည်း ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စင်ကာပူမှာ သူငယ်ချင်းမလေးတွေ ရှိပါ၏။ ဘယ်တစ်ယောက်နဲ့မှ တွဲတဲ့အဆင့်ထိ မရောက်ခဲ့။ သူ့ကကို မိန်းကလေးတွေကို စိတ်မဝင်စားသေးတာဖြစ်သည်။

မြရောင်ချိုချို။ ခွဲမက်လောက်အောင် မလှပေမယ့်ကလေးတစ်ယောက်လို ဖြူစင်သည်။

မြင့်မြင့်ချင်း ရင်မခုန်ပေမယ့် ညီမလေးတစ်ယောက်လိုတော့ ချစ်မိသည်။

မငြင်းရက်အောင် ဖြူစင်သည်။

မေမေတို့သဘောကျ ခေါင်းညိတ်လိုက်ဖို့ ဝန်မလေးပါ။

မောင်ဟိန်း ကိုယ့်အတွေးနဲ့ကိုယ် ကျေနပ်နေမိ၏။

အဲလိုနဲ့ မြရောင်ဘဝထဲ မောင်ဟိန်း ရောက်လာခဲ့သတဲ့လေ။





မြရောင်သည် နီလာ ပြောသဖြင့် သူများ မြရောင်ကို တကယ်ချစ်နေသလား ထင်ခဲ့ပါသေးသည်။

သို့သော် ...

သူက မြရောင်တို့အိမ်ကို ရောက်လာပြီးနောက် မြရောင်ကို ဖုန်းဖွင့်ထားဖို့ ပြောသွားပြီးမှ ပြန်ပျောက်သွားပြန်သည်။

လူလည်းပေါ်မလာ။ ဖုန်းတောင်မဆက်။ ထို့ကြောင့် နီလာ့စကားတွေဟာ မြရောင်နှလုံးသားမှာ ရေပေါ်အရုပ်ရေးသလို အရာမထင် ဖြစ်သွားပြန်သည်။

ထက်ပိုင်ထွန်း ဆိုတဲ့လူက တကယ် အပင်မှတ်လို့ မရတဲ့သူမျိုးပါ။ ခုပေါ်လာလိုက်၊ တော်ကြာပျောက်သွားလိုက်နဲ့ ယုံစားမိတဲ့သူပဲ မှားမှာ။



www.burmeseclassic.com

www.burmeseclassic.com



မြရောင် တစ်ယောက် သင်တန်းတက်ဖို့ ထွက်အလာ သူ့ကားလေးက ရုတ်တရက် မြရောင်ကားရှေ့ လာပိတ်ရပ်သည်။ မြရောင် အမြန်ဘရိတ်နင်းလိုက်ရသည်။ တော်သေးတာပေါ့။ မြရောင် မောင်းလာတာ အရှိန်မပြင်းလို့။

သူက ပြုံးစိစိနဲ့ ဆင်းလာသည်။

"ဒီနေ့တော့ အပြင်ထွက်ပြီပေါ့"

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

"အခု ဘာမှမဖြစ်တာကွာ။ ကဲ ... ကိုယ့်ကားနောက်က လိုက်ခဲ့နော်"

"ထက်ပိုင်ထွန်း"

ထက်ပိုင်ထွန်းက လှည့်ကိုမကြည့်တော့။ ထက်ပိုင်ထွန်း ကားလေးက ထွက်သွားပြီ။

မုန်းလိုက်တာနော်။

မြရောင် သူ့နောက်ကို မလိုက်ဘဲ မနေရဲ။ မလိုက်သွားရင် သူ တစ်ခုခုဒုက္ခပေးမလားဆိုပြီး တွေးကြောက်နေပါသည်။





သူ့ကားလေးက ရွှေပုစွန်ရှေ့မှာ ရပ်သွားသည်။ မြရောင် ကားထဲမှာပဲ ထိုင်နေမိသည်။

"လာလေ အလျော်ပေးမလို့"

"ဘာအလျော်ပေးမှာလဲ"

"ဩော် ... ဟိုတစ်ခါ အစပ်ကျွေးလိုက်လို့ ဝမ်းကိုက်သွားတယ်မို့လား။ အခု ဖာလူဒါဖြစ်ဖြစ် ဒိုမီနိုဖြစ်ဖြစ် ပြန်ကျွေးမယ်လေ"

မြရောင်က ရွှေပုစွန်က ဖာလူဒါကို အရမ်းကြိုက်ပါသည်။ သူ ခေါ်တော့မှ ပိုစားချင်လာကာ မငြင်းနိုင်ဘဲ ဆင်းလိုက်မိသည်။

မြရောင်သည် သူ့စကားတွေကို တစ်ခါမှ မငြင်းဆန်မိပါ။

ဖာလူဒါသောက်ရင်း သူက ...

"ဆောရီး မြရောင်ချိုချို။ ကိုယ့်ကြောင့် ဆရာဝန်ပြရတဲ့အထိ ရောဂါကြီးသွားလို့ တောင်းပန်တယ်"



www.burmeseclassic.com

သူပြောမှ ခုပဲ ဝမ်းကိုက်လာသလို ပြန်ခံစားရသည်။ စားနေတဲ့ ဖာလူဒါတောင် နင်ချင်သည်။

သူက မြရောင် ဘာမှပြန်မပြောတာကိုကြည့်ပြီး ...

"ဘာလဲ မကျေနပ်သေးဘူးလား"

"ဒီမှာ ... ရှင့်ကို အစကတည်းက ခုချိန်ထိ ဘာမှမကျေနပ်ဘူး။ အမြဲအနိုင်ယူ အနိုင်ကျင့်ပြီး အမိန့်ပေးနေတာ"

"အဟင်း ... မကျေနပ်ဘဲ ဘာလို့ လိုက်လုပ်နေတာလဲ"

"ဟုတ်တယ်၊ အဲဒါကို ကျွန်မကိုယ်ကျွန်မလည်း အံ့သြနေတာ။ ရှင်ခိုင်းသမျှ တစ်ခုမကျန် မငြင်းရဲအောင် ရှင့်ကို ဘာလို့ကြောက်မိနေတာလဲ မသိဘူး"

တက်ပိုင်ထွင့်က ပြုံးစိစိနဲ့ စိုက်ကြည့်နေ၏။ ထိမထင်အပြုံး။ ခိုင်းစေအမိန့်တွေ ဖြူးထားသောအပြုံး။ ထိုအပြုံးကို မြရောင် ဘယ်တော့မှ မလွန်ဆန်နိုင်။

"ကိုယ့်အကြောင်း မသိဘူးလား။ ကိုယ်က စိတ်ညို့တတ်တယ်။ မင်းကိုညို့ပြီး ခိုင်းနေတာ"





မြရောင်က မျက်စောင်းထိုးလိုက်ပြီး ...

"မဟုတ်ပါဘူး။ ကျွန်မ အဲလောက်တော့ မအ,ပါဘူး။ ရွှီးမနေနဲ့"

"မင်းက ချောတော့ မချောဘူး။ ဒါပေမဲ့ မင်းမျက်စောင်းက တော်တော်လှတာပဲ"

"ကိုယ်တွဲနေတဲ့ မိန်းကလေးကို မချောဘူးလို့ပြောတာ ရှင်ပဲရှိမယ်ထင်တယ်"

"ကိုယ်လည်း တခြားမိန်းကလေးတွေကို အဲလို တစ်ခါမှ မပြောဖူးဘူးကွ"

မြရောင်က မျက်စောင်းထပ်ထိုးလိုက်ပြီး မဲ့ကာ ...

"ယုံပါတယ်"

"ဟိတ် ... လှတယ်ပြောတိုင်း ထပ်လုပ်ပြမနေနဲ့။ မြင်ရပါများရင် ရိုးသွားမှာ"

မြရောင် မဲ့ပြီး မျက်စောင်းထပ်ထိုးမိပြန်သည်။ ထက်ပိုင်ထွင့်က အော်ရယ်နေသည်။ မြရောင်သည် သူရယ်နေတာ

www.burmeseclassic.com



ကိုကြည့်ပြီး ရင်ထဲမှာ တစ်စုံတစ်ရာ လာပြီးအမြစ်တွယ်သလို ခံစားရသည်။ အဲဒါ အချစ်ဆိုတဲ့အရာပဲ ဖြစ်မည်ထင်ပါရဲ့။

"ရှင့်ပြောသလိုပဲ ရှင်က ကျွန်မကို တကယ် ညှို့နိုင်ပါတယ် ထက်ပိုင်ထွန်းရယ်"





အဲဒီနေ့ကစပြီး ကျွန်မ သူ့ကို ညှို့လို့ပဲခေါ်ဖြစ်တော့တယ်။ သူကလည်း ကျွန်မရဲ့အခေါ်အဝေါ်ကို သဘောကျတယ်လေ။

ကျွန်မကို ညှို့နိုင်လွန်းသော သူက ကျွန်မအပေါ်တော့ တစ်စက်မှ မနူးညံ့ဘဲ အနိုင်ယူစမြဲပင်။

ကျွန်မကိုခေါ်တာတောင် မြရောင်ချိုချိုက တစ်ပြားသားမှ မလျှော့သေး။

ဒါပေမဲ့ အဲဒီလို ခပ်တင်းတင်း ဆက်ဆံတာကိုက သူ့ရဲ့ဆွဲဆောင်မှုတစ်ခုဖြစ်ကာ ကျွန်မကို ညှို့ငင်နိုင်လွန်း၏။

တကယ်ပါ ...



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ကျွန်မဘက်က သူ့အပေါ်သဘောထားတွေ ပြောင်းလာပေမယ့် ကျွန်မအပေါ်တော့ အနိုင်ယူမြဲပါပဲ။

တစ်ခါတလေ ဆိုင်တစ်ဆိုင်ဆိုင်မှာ စားစရာတွေ အများကြီးမှာစားသောက်ပြီး သန့်စင်ခန်းဝင်သလိုနှင့် ရှောင်ထွက် သွားတတ်သဖြင့် မြရောင် ဒုက္ခရောက်ရပေါင်းများပြီ။

မြရောင်ဆီမှာ ပိုက်ဆံများများ မပါမှန်းသိရင် သူ က ထိုသို့ပြုမူကာ မြရောင်ကို တစ်ယောက်တည်း ထားခဲ့လေ့ရှိ သည်။

မြရောင် သူ့ဖုန်းကို လှမ်းဆက်သော်လည်းမရ သူကလည်း တော်တော်နှင့် ပြန်မလာ။

မြရောင်ကလည်း ရှင်းဖို့ပိုက်ဆံ အလုံအလောက် မပါနှင့် တော်တော်ဒုက္ခရောက်ရသည်။

သူ တော်တော်နှင့်မလာတော့ မြရောင် မေမေ့ ဆိုင်ကို ဖုန်းလှမ်းဆက်ကာ ပိုက်ဆံလာပို့ခိုင်းရတော့သည်။





ထိုအဖြစ်အပျက်မျိုးဟာ တစ်ခါ နှစ်ခါမက။ သို့သော် မြရောင်က စိတ်ဆိုးရကောင်းမှန်းမသိ။ သူ ထိုသို့လုပ်သွားတာကို တောင် ချစ်စနိုးဖြစ်နေသေးသတဲ့။

တကယ်ပဲ။ သူ့ရဲ့ရက်စက်မှုတွေက မြရောင်ကို ညို့ယူနိုင်လွန်း၏။ မြရောင် ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် အံ့သြနေသည်။ သူ့ရဲ့ရက်စက်မှုတွေကို ဘာလို့ပျော်ဝင်နေမိပါ လိမ့်။

သူ့ရဲ့ချောက်ချမှု၊ ရက်စက်မှုတွေက တစ်ခါတွေ့ တစ်ခါမရိုးရလေပါ။

တစ်ခါတစ်ရံ သူနဲ့ ရှော့ပင်ထွက်ရင် မြရောင်က သူဝယ်သမျှအိတ်တွေ လိုက်သယ်ပေးရသည်။

တစ်ခါတစ်ရံ သူ စိတ်ကောင်းဝင်ပြီး ဘုရားသွားတဲ့ အခါဆိုလည်း ဖိနပ်ကို ကားထဲမှာချွတ်ခဲ့ရင် ရသားနဲ့ ဓာတ်လှေ ကားအဆောက်အအုံအဝင်ဝအထိစီးကာ မြရောင်က သူချွတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောဖိနပ်ကို ကောက်ယူပြီး ကောင်တာမှာ အပ်ပေးရသေးသည်။ ဒါကိုလည်း မြရောင်က ပျော်တာပါပဲ။

သူ့ရဲ့ဝေယျာဝစ္စလေးတွေကို ဖြည့်ဆည်းပေးရတာကို ကျေနပ်ပျော်ရွှင်နေမိတာပါကွယ်။

သူ ရှောပင်ထွက်လို့ ဖိနပ်ဝယ်တိုင်း သူစီးကြည့်တဲ့ ဖိနပ်တိုင်းကို မြရောင်က ကြိုးချည်ပေးနေကြ။

သူကလည်း မြရောင် လုပ်ပေးမှ သဘောကျကာ ဆိုင်ကဝန်ထမ်းတွေ ဝန်ဆောင်မှုပေးပြီး လုပ်ပေးရင်တောင်မကြိုက်

ဒါပေမဲ့ မြရောင်က ကြည်ဖြူပါသည်။

သူ ရေမွှေးဝယ်ရင်လည်း မြရောင် ဒုက္ခခံရသည် သူက ရေမွှေးတွေ တစ်မျိုးပြီးတစ်မျိုး စမ်းသပ်ကြည့်ရာ မြရော က စမ်းသပ်ခံကြီးဖြစ်လို့။ မြရောင် လက်နှစ်ဖက်လုံးကို ရေမွှေ တွေ ဆွတ်လိုက် နမ်းလိုက်နဲ့ နောက်ဆုံး အနံ့ပေါင်းစုံရောက မြရောင်ပဲ မူးနောက်လာတဲ့ အထိပင်။





တစ်ခါတစ်ရံ ညသန်းခေါင်ကြီး မြရောင် ဖုန်းကို ခေါ်ကာ အကျယ်ကြီး အော်ဟစ်တတ်သေး၏။

သူဆိုးပုံကတော့ မျိုးစုံပါပဲ။ သူ့ကြောင့် မကြာခဏ လည်း စိတ်အနှောင့်အယှက် ဖြစ်ရပါရဲ့။ သို့သော် ...။



www.burmeseclassic.com

www.burmeseclassic.com



"ညို့ ... ရှင် လွန်လွန်းတယ်လို့ မထင်ဘူးလား"

"ဒီတစ်ခါတော့ မြရောင်ချိုချို စိတ်တော်တော်ဆိုးနေပါလား"

မြရောင် ဒေါသထွက်လွန်းလို့ ဆတ်ဆတ်တုန်နေ တာ ... ကြည့်ပြီး သူက ဘာတွေသဘောကျနေမှန်းမသိ။

ဒီတစ်ခါ မြရောင်လည်း တော်တော့်စိတ်ဆိုးပါ၏ ... မဆိုးဘဲ ခံနိုင်မလား။ သူက မြရောင်ကိုချိန်းပြီး တော်တော် ... ရောက်မလာဘူးလေ။

ရောက်လာတော့လည်း ကောင်မလေးတစ်ယော ... ပါ ပါလာသေးသည်။

ထိုကောင်မလေးကလည်း သူ့ရည်းစားတွေထဲ ... တစ်ယောက်။ မြရောင်နဲ့ ထိုကောင်မလေးကို မိတ်ဆက်ပေးပုံ ... လည်း ကြည့်ဦး။



"ဖူးငုံ ... ဒါ ကိုကို့သူငယ်ချင်း မြရောင်ချိုချိုတဲ့။ မြရောင် ချိုချို ... ဒါ ငါ့အသည်းလေးလေ ဖူးငုံငုံတဲ့။ ဖူးငုံ ဘာစား မလဲ၊ မြရောင်နဲ့တွေ့တုန်း ညှဉ်းရမယ်။ ဖူးငုံ စားချင်တာ မှာနော်"

"ကိုကိုကလည်း အားနာစရာကြီး"

"မြရောင်ချိုချိုက အားနာရမယ့်သူမှ မဟုတ်တာ ဖူးငုံရဲ့။ သူ့အကြောင်း ဖူးငုံမသိလို့။ သူက အလှူအတန်း အရမ်း ရက်ရောတာ"

မြရောင်မှာ သူ့ကောင်မလေးရှေ့ ဘာပြန်ပြောရ မှန်းမသိဘဲ ဒေါသတွေ ထွက်နေမိသည်။ သူကတော့ စားစရာ တွေ တစ်ခုပြီးတစ်ခုမှာကာ စားသောက်နေသည်။

ခုနောက်ပိုင်း သူ့ကိုလန့်သဖြင့် သူနဲ့တွေ့မယ်ဆို ရင် မြရောင်က ပိုက်ဆံကို ပိုထည့်လာရသည်။

စားသောက်ပြီးတော့ သူက ကောင်မလေးနဲ့ ဆက် လိမ့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မြရောင်သာ သူတို့စားသောက်သွားသမျှ ရှင်း
အိမ်ပြန်လာခဲ့ရတော့သည်။

မြရောင်သည် ကြေကွဲမဆုံးပါ။ မြရောင်ကို တ
လုပ်သွားတာပါ။ အရင်ကဆို မြရောင် အပြင်သွားတုန်း သူ
ကောင်မလေးတစ်ယောက်နှင့် မကြာခဏ တွဲတွေ့ရပါ၏။

သို့သော် မြရောင်က မျက်နှာအရင်လွှဲကာ မသိသ
နေလိုက်သည်ချည်းသာ။

မြရောင်မှ သူ့ကိုမပြတ်နိုင်တာ။ မြရောင် မသိလ
ခင်မှာပဲ မြရောင် သူ့ကို သိပ်ချစ်သွားမိတာလေ။

ဒါပေမဲ့ မြရောင် ရင်ထဲမှာ သူ့ကိုချစ်တာနဲ့
စိတ်လည်းနာမိပါသည်။ သူ စရှိကြီး တမင်လာလုပ်တာ
တော်တော်ဆိုးသည်။

အခုလည်း သူ ကောင်မလေးကိုပို့ပြီး မြရော
သင်တန်းကို ပြန်လိုက်လာသည်။ မြရောင် ဘယ်လိုအခြေအ
ရှိလဲ လာကြည့်တာလေ။





မြရောင် သူ့ကို စိတ်ဆိုးလွန်းလို့ စကားတောင်
မပြောတော့ သူက ရယ်နေသည်။

"ဟိတ် ... မကျေနပ်ရင် ခုနတည်းကပြောပေါ့ကွ။ ခုန
တော့ ကျေနပ်သလိုလိုနဲ့ကျွေးပြီးတော့ အဲလိုမလုပ်ရဘူး
လေ။ ကုသိုလ်မရပဲနေမယ်"

"ကုသိုလ်လိုချင်ရင် သူတောင်းစားပဲ ကျွေးလိုက်မယ်။
ရှင့်ဟာမကို ကျွေးပြီးတော့ ကုသိုလ်မလိုချင်ပါဘူး"

"စကားလုံးတွေ ရင့်လှချည်လား"

"ဟုတ်တယ်၊ ရင့်တယ် ရိုင်းတယ်၊ ဘာဖြစ်လဲ။ မြရောင်
ချိုချိုက အဲလိုမျိုး"

"ဒီလောက်မကျေနပ်နေတာကို ခုနဘာမှမပြောဘဲ ခုမှဘာ
လို့ ပေါက်ကွဲနေတာလဲ"

"ရှင် လူလိုမသိတတ်ပေမယ့် ကျွန်မက သိတတ်ရတယ်
လေ ညို့ရဲ့။ ခုန ရှင့်ရဲ့သိက္ခာကို လေးစားသောအားဖြင့်
ကျွန်မ ဘာမှ မတုံ့ပြန်လိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မြရောင်ချိုချို ဖူးငုံကို မမုန်းဘူးလား"

"မမုန်းပါဘူး။ သူကလည်း ရှင့်ရဲ့အရုပ်တစ်ရုပ်ပဲလေ။ ဘဝတူချင်းလို့ပဲ ခံစားရတယ်"

"မြရောင်ချိုချိုက သဘောထား ပြည့်ပါတယ်။ တချို့ကောင်မလေးတွေဆို ကိုယ် ဒီလိုလုပ်ရင် အဲဒီနေရာတင် ပါးရိုက်ပြီး ထထွက်သွားမှာ။ မြရောင်ချိုချိုက ထမင်းတောင် ကျွေးလိုက်သေးတယ်"

"ရှင့်အကြောင်း သိနေတာပဲ။ ရှင် ရည်းစားတစ်ယောက်ခေါ်လာပြတိုင်းသာ ရှင့်ပါးကို ရိုက်ရမယ်ဆိုရင် ရှင့်ပါးလည်း မြန်မြန်ပုပ်မှာပဲ"

"ဟား ဟား မြရောင်ချိုချို ကိုယ့်ကို စိတ်မပျက်ဘူးလား။ မြရောင်ချိုချို ဘာလို့ ကိုယ့်ကို မဖြတ်သွားတာလဲ"

မြရောင်သည် ဒီတစ်ခါတော့ သူ့မေးခွန်းကို မဆိုင်းမတွဘဲ ဖြေလိုက်ပါသည်။





"ရှင့်ကို ကျွန်မ တကယ်ချစ်သွားလို့ပေါ့ ညို့ရယ်။ ရှင့်ကျွန်မကို ဘယ်လောက်ပဲ အနိုင်ယူနေပေမယ့် ကျွန်မက ထွက်မသွားနိုင်လောက်အောင် ရှင့်ရဲ့ညို့ယူဖမ်းစားတာ ခံနေရလို့ပေါ့"

"မြရောင်ချိုချိုရယ်"

ထက်ပိုင်ထွဋ်က မြရောင်ရဲ့လက်တစ်ဖက်ကို ခပ်ဖိဖိလေး နမ်းလိုက်သည်။

ဒီလောက်နဲ့ပဲ မြရောင် စိတ်ဆိုးနေတာ ပြေသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြရောင်ကို မြရောင်ရဲ့ချစ်သူ ညို့က အနိုင်ယူနေ

သလောက် မောင်ဟိန်းလို့ ခေါ်ဝေါ်သတ်မှတ်ထားတဲ့ ဟိန်းကမ္ဘာ

ကတော့ တော်တော့်ကို ဖြည့်ဆည်း လိုက်လျောပေးတတ်ပါ

သည်။

ခုနောက်ပိုင်း မောင်ဟိန်း တစ်ယောက် မြရောင်တို့

အိမ်ကို မကြာခဏ ရောက်လာလေ့ရှိသည်။

များသောအားဖြင့်သူ့မေ့မေနိုင်းသောကိစ္စများဖြင့်

ရောက်တာများပါသည်။

လာရသည့်ကိစ္စ တော်တော်များများကလည်း အဘွား

ဆီကို လာသည့်ကိစ္စက များပါသည်။





ဥပမာ ... အဘွားအတွက် ဆေးလာပို့တာမျိုး။

အဘွားကြိုက်တတ်သည့် စားစရာတစ်မျိုးမျိုး လာပို့တာမျိုး။

ပန်းအိုး ထူးထူးဆန်းဆန်းလေးရလို့ လာပို့တာ

မျိုး။

စသဖြင့် အကြောင်းအရာလေးတွေ မထပ်စေရပါ။

လာတိုင်းလည်း မြရောင်နဲ့တွေ့သည်။ သူက မြရောင်

အိမ်မှာရှိတတ်သည့် အချိန်တွေပဲ ရောက်လာတတ်သည်လေ။

လာရင်လည်း မြရောင်နဲ့ စကားထိုင်ပြောပြီးမှ ပြန်

သည်။ တစ်ခါတလေ မြရောင် ခြံထဲမှာ ပန်းခူးနေရင် သူပါဝိုင်း

ခူးပေးသေးသည်။ သို့သော် မခူးတတ်ဘဲ ဆူးစူးတာများသည်။

ဆူးစူးခံပြီး ပန်းခူးပေးတတ်တဲ့သူ့ကို တစ်ခါတလေ အံ့ဩမိပါရဲ့။

တစ်ခါတလေ စကားပြောရင်း သူ အစပ်မစားနိုင်တဲ့အကြောင်း

စပ်မိပြီး သိလိုက်ရသဖြင့် သူ့ကို ရှူးရှဲလက်ဖက်ကို ငရုတ်သီး

စိမ်းလေးတွေ ပါးပါးညှပ်ပြီးဖြူးကာ အတင်းစားခိုင်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမဘာဖြစ်လို့ မောင်ဟိန်းကို အဲလိုလုပ်ချင်မိမှန်းမသိ။ မောင်ဟိန်းရဲ့မျက်နှာတစ်စုလုံး ရဲစပ်နီမြန်းကာ မျက်ရည်တွေရော၊ နှပ်တွေပါထွက်တဲ့အထိ စားခိုင်းပြီးမှ ပန်းသီးဖျော်ရည်ကို ချိုချိုလေး ဖျော်တိုက်မိသည်။

သို့သော် သူက သူမကို လုံးဝစိတ်မဆိုးဘဲ ကလေးဆိုးတစ်ယောက်ကို အလိုလိုက်သလို အင်မတန်စပ်လှသော လက်ဖက်တွေကို ဖျစ်ညှစ်စားပြနေသည်။

နောက်ဆုံး သူမ တော်ခိုင်းမှပဲ ရပ်တော့၏။ ညဘက်ကျတော့ ဗိုက်တွေနာလို့ဆိုပြီး ဖုန်းဆက်လာတော့ ဝမ်းလျှောဝမ်းပျက်ဖြစ်ပြီထင်ကာ သူမ သူ့ကို တော်တော်သနားသွားမိသေးသည်။ သို့သော် ဗိုက်နာရုံအပြင် ဘာမှမဖြစ်ခဲ့၍ တော်သေးသည်။

သူမကိုယ်သူမလည်း အံ့ဩမိပါသည်။ ညို့ သူမကို တစ်ခုခု နှိပ်စက်လိုက်တိုင်း သူမက မောင်ဟိန်းအပေါ် အဲဒီအတိုင်း





အနိုင်အထက် ပြန်ပြုချင်မိသည်။ ညို့ကြောင့် နာကျင်ရမှုတွေကို မောင်ဟိန်းအပေါ် ပေါက်ကွဲပြီး ဖြေလျှော့ပစ်ချင်စိတ်တွေက ဘယ်လိုပေါ်ပေါက်လာမှန်းကိုမသိ။

သူမ မောင်ဟိန်းကို တစ်ဖက်သတ် အနိုင်ကျင့်မိတိုင်း မောင်ဟိန်းက ခွင့်လွှတ်စိတ်ရှည်တာလည်း အံ့ဩစရာပင်။

သူမ ဝယ်စရာတစ်ခုခုရှိ၍ ညို့ကို ရှော့ပင်လိုက်ပေးဖို့ ခေါ်ဖူးသည်။ သို့သော် ညို့က ကောင်မလေးတစ်ယောက်နှင့် ချိန်းထားလို့ သူမခေါ်တာကို ငြင်းသည်လေ။

ထိုအခါ သူမ ဘာလို့ မောင်ဟိန်းကို လှမ်းခေါ်မိမှန်းမသိ။ မောင်ဟိန်းက အလုပ်တစ်ခုရှိတာကိုဖျက်ပြီး သူမနဲ့အတူ ရှော့ပင်လိုက်ပေးသည်၊

သူမချစ်သူ ညို့က ရက်စက်သလောက် သူမရဲ့မိတ်ဆွေအဆင့်သာရှိသော မောင်ဟိန်းကတော့ သူမကို အရာရာဖြည့်ဆည်း အလိုလိုက်ပေးနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမကတော့ မောင်ဟိန်း တစ်ယောက်ဘာဖြစ်လို့များ သူမအပေါ် ကောင်းပေးနေသလဲဆိုတဲ့ အကြောင်းရင်းကို တစ်ခါမှ မစဉ်းစားမိခဲ့။ မောင်ဟိန်းကို သူငယ်ချင်းကောင်းတစ်ယောက်လို့ပဲ သူမစိတ်ထဲ အလိုလိုမှတ်ယူထားမိသတဲ့။





မောင်ဟိန်းက ဝယ်စရာရှိ၍ အဖော်လိုက်ခဲ့ပေးပါဆို၍ မောင်ဟိန်းနဲ့အတူ တော်ဝင်စင်တာကို လိုက်လာရင်း ဖိနပ်ကလေးတစ်ရန်ကို သူမ တော်တော်သဘောကျသွားသည်။

ကြိုးရှုပ်ရှုပ်ကလေးနဲ့ ဖိနပ်အပါးလေးက ဒီဇိုင်းလေးက တော်တော်ဆန်းကာ မြရောင် ဒီ,ဒီဇိုင်းမျိုးကို ဆင်တူတောင် မတွေ့ဘူးခဲ့။

ဖိနပ်ကာလာကလည်း ပန်းသီးစိမ်းရောင်ကာလာအဆန်းလေး။

သူမပိုက်ဆံအိတ်အပါးလေးကို ဖွင့်ကြည့်လိုက်တော့ ပိုက်ဆံက မလောက်။ မောင်ဟိန်း အဖော်ခေါ်လို့သာ လိုက်လာတာ။ ကိုယ်က ဝယ်ဖို့ဘာမှမရှိတာမို့ ပိုက်ဆံမယူခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"မြရောင် ဘာဝယ်ချင်လို့လဲ။ ကိုယ့်မှာ ပိုက်ဆံပါပါတယ်
ဝယ်လေ"

မောင်ဟိန်းက သူမ ပိုက်ဆံအိတ်ဖွင့်ကြည့်နေတာ
တွေ့ပြီး ပြောလာသဖြင့် ...

"ဒီဖိနပ်လေး ဝယ်ချင်လို့၊ ဘာမှမဝယ်ဘူးဆိုပြီး မောင်ဟိ
ခေါ်လို့ ဒီတိုင်းလိုက်လာမိတာ ပိုက်ဆံမပါဘူး။ မောင်ဟိ
ဖိနပ်ဖိုးခဏချေးနော်။ အိမ်ရောက်ရင် ပြန်ပေးမယ်"

"ပြောစရာ မလိုပါဘူးကွာ"

မြရောင် ထိုဖိနပ်လေးကိုဝယ်ဖို့ တော်မတော်စ
ဝတ်ကြည့်လိုက်သည်။ ဖိနပ်လေးကို လျှိုလိုက်ရုံရှိသေး မောင်ဟိ
က ဒူးထောက်ထိုင်ချကာ ဖိနပ်ကြိုးတွေကို ချည်ပေးနေ၏။

"ဟယ် ... မလုပ်နဲ့၊ မြရောင် ငရဲကြီးလိမ့်မယ်"

"ကိုယ်ကြည်ဖြူရင် ငရဲမကြီးပါဘူး မြရောင်ရယ်"

မြရောင်လေ ... မြရောင်ကို ဖိနပ်ကြိုးချည်ပေး
တဲ့ သူ့ကိုကြည့်ပြီး ရင်ထဲမှာ ခံစားချက်တစ်မျိုး ဖြစ်ပေါ်နေတယ်
ဘာရယ်လို့ အမည်တပ်လို့မရဘူး။ ဝမ်းနည်းနေသလိုလို။





ညို့ကိုလည်း သတိရနေမိပါတယ်။ အမြဲတမ်း ညို့
ရဲ့ဖိနပ်ကြိုးကို ချည်ပေးခဲ့ရတဲ့ မြရောင်ကို မောင်ဟိန်းက ...

ဟာ ... မြရောင် ရူးချင်တယ်ကွယ်။ မောင်ဟိန်း
နေရာမှာသာ ညို့ဆိုရင် မြရောင် သေပျော်ပါပြီ။

တကယ်ပါကွယ်။

ဖိနပ်ကလေးက မြရောင်ခြေထောက်နဲ့ တိုင်းပြီးလုပ်
ထားသလားတောင် ထင်ရသည်။ လှလိုက်တာ။ စီးရတာ သက်
သောင့်သက်သာ ရှိလိုက်တာ။

"ဘယ်လိုလဲ"

မောင်ဟိန်းက မေးနေသည်။ သူမ စိတ်နဲ့ကိုယ်
သိပ်မကပ်။ မောင်ဟိန်း မေးတာကို ခေါင်းပဲညိတ်ပြလိုက်သည်။
မောင်ဟိန်းက ဖိနပ်ဖိုး ပိုက်ဆံရှင်းနေသည်။

"မြရောင် နာမည်နဲ့ ဒီဖိနပ်ကလေး တော်တော်လိုက်
တယ်"

"ဟင် ... လှနဲ့တော့ မလိုက်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ပါတယ်၊ လူနဲ့တင်မကဘူး နာမည်နဲ့ပါ လိုက်တယ် လို့ ပြောတာ။ မြရောင် ဒီဖိနပ်လေး ကိုယ်လက်ဆော ပေးတာနော်"

"ဟာ ... မဟုတ်တာ၊ မြရောင် ပိုက်ဆံပြန်ပေးမယ်"

"နီးပါ ... မြရောင် အရမ်းကြိုက်နေပုံရလို့ကို ကိုယ်က လက်ဆောင်ပေးချင်တာ။ မငြင်းကြေး။ မကျေနပ်ရင် တစ်ခုခု ပြန်ဝယ်ပေးလို့ရတယ်"

"ဒါဆိုလည်း ပြီးရော၊ အကြွေးမှတ်ထား"

"မရဘူး၊ ခုဝယ်ပေး"

"ခုဝယ်ပေးရရင်တော့ ငါးထောင်ဖိုးလောက်ပဲ ရမယ်နော် အိတ်ထဲမှာ ဆင်တစ်ကောင်ပဲပါတယ်"

"တန်ဖိုးက အဓိကလားကွ။ ဝယ်ပေးတာက အမှတ်တ ဖြစ်ဖို့ပဲ အရေးကြီးတာ"

အဲလိုနဲ့ သူ့ကို ငါးထောင်တန်ဖုန်းအိတ်လေးတစ်လုံ ပြန်ဝယ်ပေးဖြစ်တယ်။





မှတ်မှတ်ရရ။ ညို့ဆီက ဘာလက်ဆောင်မှ မရဘူးပါ။ ညို့ကိုလည်း ဘာလက်ဆောင်မှ မပေးဘူးပါ။

သို့သော် ...

ညို့ကြောင့်တော့ ပိုက်ဆံတွေ မကြာခဏကုန်ရဖူးပါသည်။

ညို့နှင့်အတူရှိချိန်တိုင်းမှာ မောင်ဟိန်းဆိုတာ အတွေးရဲ့တစ်ထောင့်တစ်နေရာမှာတောင် မရှိဘူးပေမယ့် မောင်ဟိန်းနဲ့ အတူရှိနေတိုင်း တစ်ချိန်လုံး ညို့ကိုပဲ သတိရနေမိသည်။

သူက ညို့မျက်နှာကို အရိပ်လိုကြည့်နေရသူဖြစ်ပြီး မောင်ဟိန်းကတော့ သူမကို ဂရုစိုက်၊ အရိပ်သိလွန်းသူဖြစ်သည်။

မောင်ဟိန်းနဲ့ သူမကတော့ မိတ်ဆွေအဆင့်ပါ။ ဒါပေမဲ့ ပန်းသီးစိမ်းရောင် ဒီဖိနပ်ကလေးကတော့ သူမရဲ့ခရေဇီတဲ့လေ။

သူမက ညို့ဆီ ညတိုင်းဖုန်းခေါ်ရပြီး သူမဆီညစဉ်ဖုန်းဆက်တတ်သူက မောင်ဟိန်း။



www.burmeseclassic.com

www.burmeseclassic.com



ညို့ကြောင့် ပုလဲတွေကို ဖန်တီးတတ်တဲ့ မြရော
မျက်ဝန်းတွေကို ရွှဲလုံးကလေးတွေဖြစ်အောင် အသွင်ပြောင်းပေ
တတ်တာလည်း မောင်ဟိန်းပါပဲ။

ညို့နဲ့ မောင်ဟိန်းဟာ သူမအတွက်တော့ Black &
White ပါပဲကွယ်။





"သားလေး ... အခြေအနေ ဘယ်လိုလဲ။ မြရောင်လေးရဲ့
ဘွားဘွားဆီမှာ သွားပြီး အသိအမှတ်ပြုလို့ ရပြီလား"

"အာ ... နေပါဦး မေမေရဲ့။ သားက သူ့ကိုဘာမှမပြော
ရသေးဘူး"

"ဟဲ့ ... ဒီလောက်တွဲသွားတွဲလာ လုပ်နေပြီး မပြောရသေး
ဘူးလား ငါ့သားရဲ့။ မေမေက အိုခေနေပြီတောင် ထင်
တာ"

"မပြောရသေးဘူး မေမေ၊ ပြောမလို့ ပျိုးတုန်း"

"ငါ့သား ... ဒီခေတ်က အိုင်တီခေတ်လေကွာ၊ အဲဒီလောက်
ပျိုးစရာ မလိုတော့ဘူး သားရဲ့"

"မေမေက ခေတ်မီနေပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မိသင့်တဲ့နေရာတော့ မိရမယ် ငါ့သားရဲ့။ ဒါမျိုးလေး

ရှာမှရှားလေးနော် သား။ ဘာမှပြောစရာမရှိဘူး။ သူ့အသွ

ချမ်းသာတာထက် သူ့ရဲ့ဖြူစင်မှုလေးကိုလည်း သဘောက

တာ"

"ဟုတ်ကဲ့ပါ မေမေ၊ သား ကြိုးစားပါ့မယ်၊ သားကလည်

သူ့ကိုမှ ငြိမိတာလေ။ သား ဖူးစာက မြန်မာပြည်မှာပဲ

တာပါ"

"မေမေ သတင်းကောင်း စောင့်နေမယ်နော်"

မေမေက သူ့ကိုဖိအားတွေပေးနေပြီ။ သူကတော

မြတ်နိုးရတဲ့ ကောင်မလေးကို ဘယ်ကစပြောရမှန်း မသိသေး

အငိုလွယ် အရှိုက်ခက် ဆိုသလိုပဲ၊ သူမနဲ့ ရင်းနှီးအောင်လုပ်

တာ လွယ်သည်။ ဒါပေမဲ့ ချစ်ခွင့်ပန်ဖို့က မလွယ်ပါ။

ဘယ်လိုပင် ယောကျ်ားရင့်မကြီး ဖြစ်ပါစေ။ နှ

ငယ်ငယ် ကောင်မလေးတစ်ယောက်ကို တကယ်မြတ်နိုးမိတဲ့အခါ





ကြောက်မိတတ်တာ သဘာဝပဲလေ။ မျက်နှာကိုတောင်, စေ့စေ့

ရင်မဆိုင်ရဲတတ်။ ကိုယ့်ရင်ထဲက မရိုးသားတာတွေ ပေါ်သွားမှာ

စိုးလို့ပါ။

မေမေတို့က မြရောင့်ချိုချိုကို သဘောကျသည်ဆို

တော့ သူကလည်း ဒီအရွယ်ထိ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်

စားတတ်သူမို့ မိဘတွေစိတ်ချမ်းသာအောင် မိဘသဘောတူသူကို

တွေ့ကြည့်တဲ့အနေနဲ့ မြရောင် ဆိုသော ကောင်မလေးကိုသွားပြီး

အကဲခတ်ခဲ့မိတာပါ။

တွေ့တွေ့ချင်းကတော့ ရင်မခုန်သေးပေမယ့် လက်

ခံနိုင်သည့် အနေအထားလေးပါ။

ထို့ကြောင့် ဆက်ကြိုးစားကြည့်တော့ ရင်တငြိမ့်ငြိမ့်

ခုန်စပြုလာသည်။ အထူးသဖြင့် သူ့အပေါ် ကလေးဆန်ဆန် ဆိုးနွဲ့

ဗိုလ်ကျတတ်သည့် အခါမျိုးတွေဆို ပိုပြီးချစ်စနိုးဖြစ်မိသည်။

အလိုလို လိုက်လျှောချင်မိတာလည်း သူမရဲ့ဆွဲဆောင်မှုတစ်မျိုးပင်။



www.burmeseclassic.com

www.burmeseclassic.com



သူမထက်ကြီးသော သူ့ဆီက ဒီထက်ပို၍ နားဝင်ချိုစရာ နာမ်စားတစ်ခု ကြားချင်သော်လည်း ခုတော့ မောင်ဟိန်းလို့ ခေါ်သံလေးကိုသာ အချိန်တိုင်း ကြားချင်မိသည်။

သူမ ဝယ်ပေးတဲ့ ဖုန်းအိတ်လေးကို မသုံးရက်ဘဲ ဘူးလေးနဲ့ထည့်ကာ တယုတယ သိမ်းထားမိသည်။ ဒါဟာ မိန်းကလေးတစ်ယောက်ဆီက ပထမဆုံးရဖူးတဲ့ လက်ဆောင်ပါပဲ။ သူဝယ်ပေးတဲ့ လက်ဆောင်ကလေးကိုတော့ သူမက ခဏခဏစီးတတ်သည်၊

သူမရဲ့ အသားအရေက ပန်းသီးစိမ်းရောင်လေးနဲ့ တော်တော်လိုက်ဖက်တင့်တယ်လှပါသည်။

တစ်စထက်တစ်စ သူ့ရင်ထဲကို ထိုကောင်မလေးက တိုးဝင်ငြိတွယ်ခဲ့တာ ခုဆို ဘယ်လောက်ထိ ခိုင်မြဲနေပြီလဲဆိုတာ သူသာ အသိဆုံးပါ။

ချစ်ရလွန်းလို့ ချစ်တယ်လို့ ဖွင့်တောင်မပြောရက်လောက်အောင် မြတ်နိုးမိပါသည်။





အမြတ်တနိုး နမ်းရှိုက်ချင်ပေမယ့် သူမလေးမှာ အနမ်းရာလေးတစ်စက်ထင်မှာစောင် စိုးရိမ်မိလို့။

အဲဒီလောက်ထိ ချစ်မိပါတယ် မြရောင်လေး။



www.burmeseclassic.com

www.burmeseclassic.com



မြရောင်သည် ထုံးစံအတိုင်း ညို့ကိုစောင့်ရတာပင်။ သို့သော် ဒီတစ်ခါတော့ မြရောင် ဆိုင်ထဲဝင်မစောင့်ရဲသဖြင့် ကားပါ့ခ်မှာပဲ ကားပေါ်က ထိုင်စောင့်မိသည်။

စင်တင်တေးဂီတနဲ့ ဘီယာအထူးပြုသော စားသောက်ဆိုင်ထဲကို မြရောင် တစ်ယောက်တည်း ဝင်စောင့်ဖို့ သတ္တိမရှိပါ။

ညို့ ချိန်းသောကြောင့်သာ လာခဲ့ပေမယ့် ဒီဆိုင်က ဘယ်လိုဆိုင်မျိုးလဲဆိုတာ မြရောင် ကြိုမသိခဲ့ပါ။ ဒီလိုဆိုင်မှန်းသာ ကြိုသိရင် မြရောင် ဒီကိုလာဖို့ ငြင်းမိမှာပင်၊ ခုတော့ ညို့ဆီကို ဖုန်းဆက်သော်လည်းမရ။ ညို့နဲ့ အဆက်အသွယ်မရဘဲလည်း ပြန်မသွားချင်သဖြင့် ကားပေါ်ကပဲ စောင့်ရတာ။

မြရောင်ရဲ့မင်းသားကတော့ သူ့စံချိန်အတိုင်း အနည်းဆုံး နာရီဝက် တစ်နာရီကတော့ နောက်ကျမှာပင်။





ညို့ဖုန်းကလည်း လုံးဝကြီးကို ဆက်သွယ်မှုဧရိယာပြင်ပလေ။

ထင်သည့်အတိုင်း ကိုယ်တော်ချောက စံချိန်အတိ အကျ နောက်ကျပြီးမှ ရောက်သည်။

လေးနာရီချိန်းထားတာ။ သူ ရောက်လာတော့ ငါးနာရီထိုးဖို့ ဆယ်မိနစ်အလို။

သူက မြရောင်ရဲ့ကားဘက်ကိုကြည့်ပြီး ကားပေါ်တွင်ရှိနေသော မြရောင်ကိုတွေ့တော့ စတိုင်လ်ကျကျ ပြုံးလိုက်က မြရောင် ကားဆီကို လျှောက်လာသည်။

"လာလေ။ ဘာလို့ ကားပေါ်ထိုင်နေတာလဲ"

"မြရောင်မှ ဒီဆိုင်ထဲ မဝင်ရဲတာ ညို့ရဲ့။ ဘီယာဆိုင်ကြီး"

"ဘီယာဆိုင် မဟုတ်ပါဘူးကွာ၊ Family တွေလည်း လာကြပါတယ်။ အစားအသောက် ကောင်းတယ်ကွ"

"မျက်စိအစာကျွေးလို့လည်း ကောင်းတယ်မို့လား"

"ဟား ဟား ... ကဲ ဆင်း"



www.burmeseclassic.com

www.burmeseclassic.com



"မဆင်းတော့ဘူး ညှို့ရယ်၊ တုကယ် တို့ ဒီဆိုင်မှာမထို ချင်ဘူး။ တခြားနေရာသွားရအောင်"

"ဟာ ... ကိုယ်က ဒီဆိုင်ပဲ ထိုင်ချင်တာ"

"ဒါဆိုလည်း ညှို့ဘာသာ ထိုင်တော့ကွာ၊ မြရောင် မြ တော့မယ်"

"မြရောင်ချိုချို ... ဒီနေ့က ကိုယ့်မွေးနေ့နော်၊ ကိုယ် မြရောင်ချိုချိုနဲ့အတူ ဒီဆိုင်မှာ မွေးနေ့ဒင်နာ စားချင်လို"

နောက်ဆုံးတော့ မြရောင် ကားပေါ်က ဆင်းဖြစ်သွ တာပါပဲ။ မြရောင်က ညှို့ရဲ့ဆန္ဒတွေကို ဘယ်တုန်းက ဆန့်က နိုင်လို့လဲလေ။ ညှို့မှာ မြရောင်ကို ညှို့ငင်ဖို့ လက်နက်တွေအမ ကြီးရှိနေသလိုပါပဲ။ ဒါမှမဟုတ် သူမကကို ရုန်းမထွက်နိုင်လော အောင် အညှို့ခံချင်နေတာလား မသိပါကွယ်။

ဒီဆိုင်မှာ မြရောင် လုံးဝမထိုင်ချင်ပေမယ့် ညှို့ မွေးနေ့ဆိုတော့ ညှို့ဆန္ဒကို ဖြည့်ပေးချင်တာနဲ့ပဲ ထိုင်ဖြစ်သ တာပါ။





မြရောင်က ညှို့မွေးနေ့ကိုမသိ။ ထို့ကြောင့် လက်ဆောင်တောင် ကြိုပြီးပြင်ဆင်မလာခဲ့မိ။

တကယ်တော့ ထက်ပိုင်ရဲ့မွေးနေ့လည်း မဟုတ်ပါ။ ထက်ပိုင်ထွဋ်က မြရောင်ကို မရအရခေါ်ဖို့ ညာပြောလိုက်တာပင်။

ထက်ပိုင်ထွဋ်မှာ မွေးနေ့တွေအများကြီးရှိ၏။ ကောင်မလေးတစ်ယောက်နဲ့တွဲတိုင်း ထက်ပိုင်ထွဋ် မွေးနေ့တစ်ရက်ပေါ်သည်။

သို့သော် ထက်ပိုင်ထွဋ်ရဲ့မွေးနေ့အစစ်အမှန်ကိုတော့ ဘယ်ကောင်မလေးမှ မသိပါ။

ထက်ပိုင်ထွဋ်က ကောင်မလေးတွေကို ဖမ်းစားဖို့ ခက်လာပြီဆိုရင် မွေးနေ့ဟူသော လက်နက်ကို ထုတ်သုံးနေကျဖြစ်သည်လေ။

ဒီနေ့လည်း မြရောင်ဆိုတဲ့ ကောင်မလေးကို ညစ်ချင် ရစ်ချင် ပညာပြချင်တဲ့စိတ်တွေ ပေါ်လာကာ တမင်ဘီယာဆိုင်ကို ချိန်းလိုက်တာပင်။ ဒီကောင်မလေးကို တစ်ခါတလေ



www.burmeseclassic.com

www.burmeseclassic.com



သနားမိသော်လည်း သူ့ရဲ့စိတ်တွေကို ထွက်ပေါက်ပေးချင်တိုင်း သူမကိုပဲ နှိပ်စက်ချင်လာမိသည်။

တခြားမိန်းကလေးတွေကို စိတ်ငြိုငြင်အောင်တောင် တကူးတက 'မလုပ်ဖူးပေမယ့် ဒီကောင်မလေးကိုဆို ဘယ်လိုနိုင် ချင်မှန်းမသိ။

မလုပေမယ့် ကလေးဆန်ဆန် ချစ်စရာကောင်းသော ကောင်မလေးဟာ သူ့အပေါ် တော်တော်ကြီးကို သည်းညည်းခံ ကာ ချစ်မှန်းသိပါသည်။

တချို့ကောင်မလေးတွေဆို ဘယ်လောက်ချစ်ချစ် သူ့ဒဏ်ကိုခံမှာမဟုတ်။ ဒီကောင်မလေးကတော့ ရိုးအ,တာလား အတွေ့အကြုံမရှိတာလား။ သူ့ကို တရားလွန်ချစ်နိုင်လွန်းတာလား

"ညို့ရယ် ... ဆိုင်ထဲမှာလည်း ဘီယာဝိုင်းတွေချည်းပဲ"

"မြရောင်ချိုချိုကလည်း ကိုယ်ပါတာတောင် အကဲပိုနေပြ ပြီ၊ မင်းကို ဘယ်သူမှ လာကိုက်မစားဘူး စိတ်ချ"

"ဘယ်လိုပဲဖြစ်ဖြစ် မသင့်တော်ဘူးလေ ညို့ရယ်"





"ကိုယ့်မွေးနေ့လေး မညစ်နွမ်းချင်ဘူး မြရောင်ချိုချို။ ကျေးဇူးပြုပြီး ပါးစပ်ပိတ်ထားစမ်းကွာ"

မြရောင် ဘာမှမပြောတော့။ သူက ဘီယာတွေမှာ သောက်နေသည်။ မြရောင်ကတော့ cocacola တစ်ဘူးပဲ။

သူက ငါးရှဥ့်ခြောက်စပ်တို့၊ အာလူးချောင်းကြော် တို့၊ ငါးရံ့ခြောက်ဖုတ်တို့၊ ငါးကင်တို့ဖြင့် ရေမီးစုံနေသည်။

"မြရောင်ချိုချို ... ငါးရှဥ့်စားလား"

"မစားပါဘူး"

"ဒါဆို စားကြည့်"

"ဟင့်အင်း"

"ကိုယ့်ကိုချစ်ရင် စား"

"ညို့ရယ် ... မြရောင် တကယ်မစားရဲလို့ပါ"

"ကိုယ့်ကို မချစ်လို့ မစားတာလို့ပဲ သဘောထားလိုက်မှာ"

"မဟုတ်ပါဘူး ညို့ရယ်၊ မြရောင် တကယ်မစားရဲ ... အင့်"



www.burmeseclassic.com

www.burmeseclassic.com



မြရောင် စကားမဆုံးခင် သူက မြရောင်ပါးစပ်ထဲ
ကို ငါးရှဥ့်ခြောက်စပ်တစ်ဖတ် ထိုးထည့်လိုက်သည်။

"အား"

မြရောင် ထွေးထုတ်မည်ပြင်တော့ ညို့က ခေါင်းခါ
ပြသည်။ မြရောင် ထွေးလည်းမထုတ်ဖြစ်။ ဝါးလည်းမစားရဲ
ငုံထားရသည်။

"အအေးသောက်လေ မြရောင်ချိုချို။ အအေးမသောက်
ရင်စော့ ဘီယာတိုက်မှာနော်"

သူက မြရောင် ငါးရှဥ့်ခြောက်စပ်ကို မစား,စား
အောင် ခြိမ်းခြောက်နေသလိုလို။ မြရောင်လည်း မထင်ရင်မထင်
သလို တကယ်လုပ်တတ်သည့် သူ့ကိုကြောက်တာနဲ့ ငါးရှဥ့်ခြောက်
စပ်ကို မျိုချပြီး အအေးမော့လိုက်ရ၏။

တဖြည်းဖြည်းနဲ့ ညခြောက်နာရီကျော်လာ၏။
တင်တေးဂီတတောင် အသက်ဝင်လာသည်။





"ညို့ မိုးချုပ်လှပြီ၊ မြရောင် ပြန်မှရတော့မယ်၊ တော်ကြာ အိမ်က စိတ်ပူနေလိမ့်မယ်"

"နေပါဦး မြရောင်ချိုချိုရယ်၊ ဟိုမှာ စတိတ်ချ်တောင် ခုမှ စတာ။ ဘာမှတောင် မသောက်ရသေးဘူး"

"ညို့ သောက်ပါ။ မြရောင်တော့ ပြန်နှင့်တော့မယ်။ အိမ် စိတ်ပူမှာစိုးလို့"

"မရဘူးကွာ"

"ညို့ရယ် တောင်းပန်ပါတယ်၊ မြရောင် မိုးအရမ်းချုပ်တဲ့ အထိ နေလို့မရဘူး"

"ပြန်ချင်လား"

"အင်း"

"ကိုယ့်ကို ဘာမွေးနေ့လက်ဆောင်မှ မပေးတော့ဘူးလား"

"ဟယ် ... ညို့ရယ်၊ မြရောင်က ကြိုမှမသိတာ။ မနက် ကျရင်ပေးမယ်၊ စိတ်ချနော်"

"မရဘူး၊ ခုလိုချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြရောင်မှာ ဘာမှမပါဘူး။ ဒီလိုလုပ် မြရောင်ရဲ့ဆွဲကြိုးလေးက ယောက်ျားလေးရော မိန်းကလေးပါ ဆွဲလို့ရတယ်လေ။ မြရောင် ဆွဲကြိုးလေးကို မွေးနေ့လက်ဆောင်ပေးမယ်နော်"

"ဟင့်အင်း ... မလိုချင်ဘူး။ ကိုယ်လိုချင်တာက စိတ်ချမ်းသာမှုဆိုတဲ့ မွေးနေ့လက်ဆောင်"

"စိတ်ချမ်းသာမှု ...။ ညို့ရယ် မြရောင် တောင်းပန်ပါတယ်။ မြရောင် အရမ်းမိုးချုပ်လို့ မရလို့"

"ဒါဆိုရင် မြရောင် ကိုယ့်ကို သီချင်းတစ်ပုဒ်ဆိုပြ"

"ဟယ် ... မြရောင်၊ ဘာသီချင်းမှ မရဘူး"

"မရဘူးကွာ ဆိုပြရမယ်"

"မရပါဘူးဆို၊ ပြီးတော့ မြရောင် အသံလည်းမကောင်းဘူး"

"လိုချင်တဲ့ မွေးနေ့လက်ဆောင်ကို မပေးနိုင်ဘူးဆိုပါတော့"

"ညို့ရယ်"





မြရောင် ရင်ထဲငိုချင်လာသည်။ ညို့ တော်တော်ရက်စက်သည်။

မြရောင်ကို ဘီယာဆိုင်ခေါ်ကာ သီချင်းဆိုခိုင်းသည်။

"စတိတ်ချ်ပေါ်ရောက်တော့ သူ့ဟာနဲ့သူ အဆင်ပြေသွားမှာပါ မြရောင်ရဲ့"

"ဘုရားရေ ... ညို့ ... ရှင် ကျွန်မကို နှစ်ကိုယ်ကြားဆိုနိုင်းတာ မဟုတ်ဘူးလား"

"ဟာ ... နှစ်ကိုယ်ကြား ဘာလုပ်မှာလဲ"

သူမ ထိုခဏမှာ ဘာကိုခါးသီးမှန်းမသိ တော်တော်ခါးသီးသွားသည်။

ညို့သောက။ မဟုတ်ဘူး။ ဘီယာဆိုင်ထဲက ဘယ်လိုပြန်ထွက်လာမိမှန်း မသိ။

သူမကိုယ်သူမ သတိထားမိတော့ သူမကားပေါ် ရောက်နေပြီ။

ကားကို တစ်ရှိန်ထိုး မောင်းထွက်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်လုံးထဲမှာ စတိတ်ချ်ပေါ်က ပန်းကုံးစွပ်ခံနေသော အဆိုတော်မလေးတွေကို မြင်ယောင်နေမိသည်။ ဘုရား… ဘုရား။

သူမသည်တစ်သက်နဲ့တစ်ကိုယ်တောင် သူ့ကောင်းမှုကြောင့် ဘီယာဆိုင်ထဲ ရောက်ဖူးတာပါ။

စတိတ်ချ်ပေါ်မှာ။ ဘီယာဆိုင်ရဲ့စတိတ်ချ်ပေါ်မှာ။ အိုး …။ သူမ ခေါင်းကိုခါယမ်းပစ်လိုက်မိသလား။





ညို့ကို သူမ မတွေ့ချင်။ ညို့နဲ့ ဖုန်းတောင်မပြောချင်။ ထို့ကြောင့် သူမ ညို့ကိုရှောင်နေမိသည်။

သို့သော် …

ညို့ဆိုတဲ့သူက ရှောင်လို့ရသည့် အမျိုးအစားမှ မဟုတ်တာ။

ညို့ထံမှ Massage တစ်ခုရပြီး ညို့ကား သူမတို့လမ်းထဲ လမ်းသလားနေတာ သိလိုက်ရတော့ ညို့အိမ်ထဲ ဝင်လာမှာကြောက်သော သူမကပဲ အပြင်ကို ထွက်ခဲ့ရတော့တာပေါ့။

သူမကားကို စိမ်းလန်းစိုပြေထဲ ကွေ့ဝင်လိုက်၏။ ညို့ကားကလည်း ထက်ကြပ်မခွာပင်။

"မြရောင်ချိုချို ဆင်းလေ"

"မြရောင် မဆင်းချင်ဘူး။ ရှင် ပြောစရာရှိတာပြော ညို့"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး ... ဆင်း။ ကိုယ် အေးအေးဆေးဆေး ပြောစရာ
တယ်။ အအေးသောက်ရင်း ပြောရအောင်"

မြရောင်သည် အခါခပ်သိမ်း ညှို့ရဲ့အမိန့်တွေ
ညွှတ်နူးခဲ့သူပါ။

မြရောင် ညှို့ကို အတိုင်းမသိကို ချစ်မိတာ
ဒါပေမဲ့ ဟိုနေ့ကကိစ္စကို အစာမကြေသဖြင့် ညှို့အမိန့်တွေ
ဆန့်ကျင်ချင်သော်လည်း စိတ်မပါသောလက်က ကားတံခါး
ကို ဆွဲဖွင့်ပြီးသား။

သူက မြရောင် သောက်နေကျ ကိုလာမှာပေး
သူလည်း ကိုလာပဲ သောက်သည်။

"အအေးဘူး ဖွင့်ရတာက ဘီယာဘူး ဖွင့်ရတာလော
အရသာမရှိဘူးကွာ"

"ရှင် စမာကလာတွေ ပြောမှာဆိုရင် မြရောင် နားမထော
နိုင်ဘူး"

"တော်တော်စိတ်ဆိုးနေတာပဲ ... အဟက်"





သူက အေးစက်နေသော ကိုလာကို အားရပါးရ တစ်ရှိန်ထိုး မော့သောက်လိုက်ရင်း မျက်နှာရှုံ့မဲ့ကာ ...

"မြရောင်ချိုချိုကို ကိုယ့်အကြောင်း နည်းနည်းပြောပြချင်တယ်"

မြရောင် နည်းနည်းတော့ စိတ်ဝင်စားသွားသည်။ မြရောင် သူ့အကြောင်း ဘာမှမသိဘူးလေ။ သူ အဝေးသင်တက်ပြီး ဘွဲ့တစ်ခုရထားတယ် ဆိုတာကလွဲလို့ပေါ့။ ဒါတောင် နီလာ ပြောလို့သိတာ။

သူ့မျက်နှာ ရုတ်တရက် မှိုင်းညှို့သွား၏။

"ကိုယ့်အကြောင်းကို ဘယ်သူ့ကိုမှ မပြောပြဖူးဘူး မြရောင်ချိုချို။ ဒါပေမဲ့ မင်းကိုတော့ ပြောပြချင်စိတ် ပေါက်သွားလို့။ တကယ်တော့ ကိုယ်က လူ့လောကကြီးထဲမှာ အဆင်မပြေဆုံး အခြေအနေနဲ့ လူလာဖြစ်ရတာပါ မြရောင်ချိုချို။ ကိုယ့်အမေက သူဌေးကြီးတစ်ယောက်ရဲ့ စီနီယာတစ်ခုရထားတဲ့ မထင်မရှား ဇနီးမယားတစ်ယောက် ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com



အမေတောင် မထင်မရှားဘဝဆိုတော့ ကိုယ်ဆိုတာက ဘယ်လိုလုပ်ပြီး တဲရားဝင်သားအဖြစ် ရပ်တည်နိုင်မှာလဲ”

“အို ... ဖြစ်ရလေ”

“ဟုတ်တယ် မြရောင်ချိုချို၊ ကိုယ့်အဖြစ်က အဲလိုစခဲ့တာလေ။ အဲဒီသူဌေးကြီးမှာ ကိုယ့်အမေလို မိန်းမတွေ လေးငါးယောက်ရှိတယ်၊ အဲဒီမိန်းမတွေထဲမှာ လည်တဲ့သူတွေက သားသမီးမယူကြဘူး။ တချို့လည်း လင်ကောင်မဖော်နိုင်တဲ့ သားတွေ သမီးတွေနဲ့ပေါ့။ ကိုယ့်အမေက လည်တဲ့အထဲမပါတော့ ကိုယ် လူဖြစ်လာရတာပေါ့ကွာ”

“ညို့ရယ်”

“အဲဒီသူဌေးကြီးမှာ တရားဝင်မယားကြီးနဲ့ မွေးထားတဲ့ သားတစ်ယောက်ရှိတယ်၊ သူသာလျှင် သူဌေးကြီးရဲ့အသည်းကျော်ပေါ့။ ကိုယ်တို့ကတော့ အဖျားအနားတွေပဲလေ။ အမေ သေတော့ ကိုယ်က အမေ့ဘက်က အဘွားနဲ့နေရ





တယ်။ အမေမရှိပေမယ့် ကိုယ်ကိုဆက်ပြီး ထောက်ပံ့ပါတယ်၊ စည်းစိမ်အပြည့်နဲ့ မနေရ၊ နောက်ဆုံးပေါ်ကားမစီးရပေမယ့် အပူအပင်မရှိ နေနိုင်တယ်ပေါ့ကွာ ...

တစ်ခါတလေ အဖေဖုန်းဆက်ခေါ်ရင် သွားရတယ်။ တချို့လတွေဆို အဖေ့မျက်နှာတောင် မတွေ့ရဘဲ ဘဏ်စာအုပ်ထဲ ပိုက်ဆံရောက်လာတယ်။ ကိုယ့်ဘဝက အဖေမခေါ်ဘဲ သွားတွေ့ခွင့်မရှိဘူး”

“ညို့ရယ်”

“တစ်ခါတလေ တိတ်တိတ်ပုန်းသားဘဝကို နာကြည်းမိတယ်။ တစ်ခါတလေ အဖေ့ကိုသွားတွေ့ရင်း ကိုယ့်ဘဝကို သိမ်ငယ်မိတယ်။ အဖေ့လောင်းရိပ်အောက်က ရုန်းထွက်ဖို့ စဉ်းစားမိသလို အဖေ ထောက်ပံ့တာကို ဇိမ်ရှိရှိသုံးဖြုန်းချင်စိတ်တွေလည်း ပေါက်တယ်၊ အဲလို ကိုယ့်စိတ်တွေဝေခွဲမရလွန်ဆွဲပြီး ပင်ပန်းမိတိုင်း မင်းအပေါ်မှာ ထွက်ပေါက်ရှာမိတာပဲ မြရောင်ချိုချို”



www.burmeseclassic.com

www.burmeseclassic.com



မြရောင်အကြောင်း ပါလာ၍ မြရောင် ပိုစိတ်ဝင်စာ လာသည်။

"ကိုယ် စိတ်တွေညစ်ပြီး ပေါက်ကွဲချင်လာတိုင်း မင်းကိ နှိပ်စက်မိသလိုပဲ။ တစ်ခုခုကို ညစ်ပစ်၊ ဂျစ်ပစ်ချင်တိုင် မင်းကို ပြန်သတိရတယ်၊ အမှန်အတိုင်းဝန်ခံရရင် တခြာ မိန်းကလေးတွေက မင်းလောက် ကိုယ့်အပေါ် သည်းမခံတာ လည်းပါမှာပါ။ မင်းကတော့ ကိုယ့်အပေါ် စိတ်ရှည်သည် ခံတယ်၊ ခွင့်လွှတ်ပေးတယ်၊ အဲဒါတွေကြောင့် ကိုယ်က လည်း မင်းကိုမဖြစ်မနေကို လိုအပ်လာမိပြီထင်တယ်"

မြရောင်မှာ ဝမ်းသာရမှာလား။ ဝမ်းနည်းရမှာလာ တောင် မဝေခွဲတတ်တော့။

"ကိုယ် တောင်းပန်ပါတယ် မြရောင်ချိုချို။ ကိုယ် မင်း အပေါ် အမှားတွေအများကြီး လုပ်မိတယ်"

တောင်းပန်တော့လည်း မြရောင်မှာ အရည်ပျော်ရ ပြန်တာပါပဲ။ မြရောင်က ချစ်မိသူလေ။ ဘယ်လိုစိတ်ဆိုးရက်ပါ





BURMESE CLASSIC .com

မလဲကွယ်။ ညို့ဟာ သူ့ဘဝနာကြည်းချက်တွေနဲ့သူ မောပန်းနေ ရှာသူအဖြစ် သနားတောင် သနားမိသေးပါရဲ့။

"ကိုယ့်ကို ခွင့်လွှတ်ရဲ့လား"

"ခွင့်လွှတ်ပါတယ် ညို့ရယ်"

"မြရောင်ချိုချိုရယ် ... အဲဒါတွေကြောင့် မင်းကို ကိုယ် ပိုပြီး လိုအပ်လာတာ"

သူ့အကြောင်းတွေ သိလိုက်ရမြီးတော့ မြရောင်ချိုချို က သူ့ကိုပိုပြီး နားလည်ပေးနိုင်သွားသည်။ သူကတော့ အရင်လို ပဲ။ အရင်အတိုင်းပဲ။

နောက်ပိုင်းမှာလည်း မြရောင်ကို အနိုင်ယူဆဲပဲ။ အကြောင်းမသိခင်ကတောင် ခွင့်လွှတ်နိုင်ခဲ့သော မြရောင်ကလည်း သူ့ကို ဆက်ပြီးခွင့်လွှတ်ဆဲပဲ။ သို့သော် ...။



www.burmeseclassic.com

www.burmeseclassic.com



မြရောင်သည် တစ်ခုခု သွားစရာရှိတိုင်း ညို့ကို အားကိုးလို့မရပါ။ မောင်ဟိန်းကတော့ မြရောင်အတွက်ဆို အမြဲ အဆင်သင့် ရှိနေခဲ့သည်။

ဒီနေ့ မြရောင် တစ်ယောက်တည်း ဂမုန်းပွင့်ကို လိုအပ်တာလေးတွေဝယ်ရန် ထွက်လာခဲ့သည်။

သို့သော် မြရောင်ကားလေး ဂမုန်းပွင့်ထဲ ချိုးကွေ့ ဝင်သွားတာ မြင်လိုက်သော မောင်ဟိန်းကလည်း ဂမုန်းပွင့်ထဲ လိုက်လာသည်။

မြရောင်ကားပေါ်ကဆင်းရုံရှိသေးဘောမှာ မောင်ဟိန်း ရောက်နေခဲ့ပြီ။

"မောင်ဟိန်း"





"မြရောင် ဒီထဲဝင်သွားတာတွေ့လို့ လိုက်လာတာ"

မောင်ဟိန်းနဲ့ မြရောင် ဂမုန်းပွင့်ထဲ အတူဝင်လာ ဖြစ်ကြသည်။

"မြရောင် ရှော့ပင်ထွက်တာ သံချောင်းလေးတောင် မခေါက်ဘူး"

"မောင်ဟိန်းကို အမြဲဒုက္ခပေးရတာ အားနာလို့"

"အဲဒါ ဒုက္ခမဟုတ်ဘူး မြရောင်ရဲ့။ သုခ ... သုခ"

"ဘယ်လို"

"ဩော် ... ဒီလိုလေ၊ မြရောင်လို ငယ်ငယ်ချောချော ကောင်မလေးတစ်ယောက်နဲ့ တွဲသွားရတာ ဘယ်လိုလုပ် ဒုက္ခဖြစ်မှာလဲ။ စိတ်တောင် ပိုလန်းသေး"

"ဒီလိုလား"

"ဟုတ်တယ်"

"အဲဒါဆို အားမနာတော့ဘူး၊ အယုပ်ဆွဲဖို့ လူလိုတိုင်း ခေါ်လိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



“ရပါတယ်ကွာ။ ကြည်ဖြူပြီးသား”

မောင်ဟိန်းနဲ့ စကားပြောရတာ စိတ်ချမ်းသာ၏။ မောင်ဟိန်းက အမြဲတစ်ဖက်သားစိတ်ချမ်းသာအောင် ပြောတတ်သည်လေ။

မြရောင်ရဲ့ ဗိုလ်ကျဆိုးသွမ်းမှုတွေကိုလည်း အမြဲသည်းခံတတ်သူ။ အဲဒါကြောင့် မြရောင်ကလည်း မောင်ဟိန်းကိုဆို အစ်ကိုကြီးတစ်ယောက်လို သံယောဇဉ်တွယ်မိပါသည်။

မြရောင် ဒီဘက်မှာ အိတ်တွေကြည့်နေတုန်း ကလေးအသုံးအဆောင်ပစ္စည်းတွေရောင်းသည့်ဘက်က ကလေးငိုသံတစ်သံက စူးစူးဝါးဝါး ထွက်ပေါ်လာသည်။ မြရောင်တောင် ရုတ်တရက်လန့်ပြီး တုန်သွားသည်။ ဘာဖြစ်တာပါလိမ့်။

“ဘာဖြစ်တာလဲ မသိဘူး၊ သွားကြည့်ရအောင်”

မောင်ဟိန်းနဲ့ မြရောင်တို့ သွားကြည့်တော့ ကလေးက ရှစ်နှစ်သားခန့်ရှိပြီး ခြေဆောင့်ကာ မတရားကိုငိုနေတာပါ။

“ဟီး အီး ... မရဘူး ... ဝယ်ပေး ... ဝယ်ပေး”





“နောက်တော့ မေမေ ဝယ်ပေးပါ့မယ် သားရယ်နော်။ နောက်တစ်ခေါက် တကယ်ဝယ်ပေးမယ်နော်”

“မရဘူး ... အီး ဟီး ... အခုဝယ်ပေး၊ မေမေနော် အခုဝယ်ပေးနော်”

“သားရယ် ... မဆိုးရဘူးလေ၊ လာ ... လာ ... မေမေတို့ ပြန်ရအောင်”

“ပြန်ဘူး ... ခုဝယ်ပေးဟာ၊ အီးဟီးဟီး ဝယ်ပေး”

ကလေးက သူ့အမေရဲ့အင်္ကျီလုံချည်စတွေကို ဆွဲလွဲကာ အတင်းပူဆာနေသည်။

မအေဖြစ်သူအမျိုးသမီးကြည့်ရတာ ပိုက်ဆံမလောက်တော့၍ ထင်သည်။ မျက်စိမျက်နှာပျက်ကာ ကလေးကို အတင်းဆွဲခေါ်သော်လည်း ကလေးက ရုန်းကန်နေသဖြင့် ဆွဲမရ။ ချီမရနှင့် ဒုက္ခရောက်နေသည်။

အရောင်းဝန်ထမ်းတွေကလည်း ကလေးကို ဝိုင်းချော့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ရောင်းတာမဟုတ်ဘူး သားသားရဲ့၊ ဒီတိုင်း ထားတာ၊ ရောင်းဖို့မဟုတ်ဘူး၊ ဝယ်လို့မရဘူး"

"ရတယ်ဟော့ မညာနဲ့၊ ခုနတောင် ကောင်မလေးတစ်ယော ဝယ်သွားတယ်၊ မေမေ ဝယ်ပေး ... ဝယ်ပေး"

"သားနော် ... ငါ စိတ်တိုလာပြီနော်၊ အရိုက်ခံရတေ မယ်"

သူမ ကြိမ်းလိုက်မှ ပိုဆိုးသွားသည်။ ကလေး ကြမ်းပြင်ပေါ် ပစ်လှဲကာ လူးလိမ့်ငိုတော့သည်။

ကလေးအမေ အမျိုးသမီးမှာလည်း ရှက်လွန်း ထင်ပါ့။ မျက်ရည်တောင် ဝဲနေသည်။ ဒီသားအမိပုံစံကြည့်ရတ အရမ်းကြီး ချမ်းချမ်းသာသာထဲက ဟုတ်ပုံမရ။ ကလေးကလည ဘာပူဆာနေလဲ မသိ။

ထိုအချိန်မှာ မောင်ဟိန်းက ကလေးနားသွားကာ

"သား ဘာလိုချင်လို့လဲကွ"

"ကား"





"ဪ ... ကားရုပ်လား"

"ဟုတ်ဘူး၊ မောင်းတဲ့ကား"

အရောင်းဝန်ထမ်းလေးက ...

"ဘက်ထရီကားကို ပူဆာနေတာ အစ်ကို"

"ဪ ... ဘယ်လောက်လဲကွ"

"တစ်သိန်းနှစ်သောင်း"

"ကလေးကို အဲဒီကား ပေးလိုက်ပါကွာ၊ ပိုက်ဆံကိုယ်ရှင်း ပေးမယ်"

"အို ... မဟုတ်တာရှင် မလုပ်ပါနဲ့၊ သိန်းနဲ့ချီနေတာကြီး ကို"

ကလေးအမေက အားနာပြီး အတင်းကို ငြင်းနေ သော်လည်း ကလေးကတော့ ဘက်ထရီကားလေးနားက မခွာ။

"ရပါတယ် အစ်မရယ်၊ အားမနာပါနဲ့၊ ကလေးလိုချင်နေ တာကို ဝယ်ပေးရတာ စိတ်ချမ်းသာလို့ပါ။ ပြီးတော့ ဒီပိုက်ဆံက ကျွန်တော့်အတွက် အပန်းမကြီးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ မောင်လေးရယ်၊ ဒါပေမဲ့ ဒီပိုက်ဆံ အစ်မ လကုန်ရင် ပြန်ဆပ်ပါ့မယ်၊ အစ်မလိပ်စာလည်း ပေးခဲ့မယ်။ မောင်လေးလိပ်စာလည်း ပေးပါလား။ အစ် ဆက်ဆက်ပြန်ဆပ်ပါ့မယ်။ သားက ငယ်ငယ်တည်း အလိုလိုက်ထားတော့ ဆိုးတယ်"

"ရတယ် အစ်မ၊ ပြန်ဆပ်စရာ မလိုပါဘူး။ ကျွန်တော် ကလေးကို လက်ဆောင်ဝယ်ပေးတဲ့ သဘောပဲ။ အားနာစ လည်း မလိုဘူး အစ်မ"

မောင်ဟိန်းက ပိုက်ဆံရှင်းပြီး ကလေးကို နှုတ်ဆ ကာ မြရောင်နဲ့အတူ အဲဒီနေရာက ထွက်လာခဲ့လိုက်သည်။





မြရောင်တို့ ဝယ်စရာရှိတာဝယ်ပြီး Coffee Cricle ကိုသွားကာ ကော်ဖီသောက်ကြသည်။

"မောင်ဟိန်းက စေတနာကောင်းတယ်နော်"

"ကလေးအမေ ဒုက္ခရောက်နေတာကို သနားလို့ပါကွာ။ ပြီးတော့ ကလေးအရမ်းလိုချင်နေတာလေးကိုလည်း ဝယ်ပေးချင်လာလို့"

"ဘာပဲဖြစ်ဖြစ် မောင်ဟိန်း စိတ်ဓာတ်ကို မြရောင် လေးစားပါတယ်"

"ဟိတ် ... ကိုယ် မနေတတ်အောင် လျှောက်ပြောမနေနဲ့။ ကိုယ်လုပ်လိုက်တဲ့အရာက ကြီးကြီးမားမားလည်း မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ တခြားနေရာတွေမှာ ဒီထက်မက လှူနေသေးတ
ကွာ။ ဒါလေးက သေးသေးလေးပါ။ ကိုယ့်အတွက်လည်
အပန်းမကြီးဘူး။ ရသွားတဲ့ ကလေးအတွက်က လုံး
Great ။ သူလိုချင်တာကို ရသွားလို့ ကျေနပ်နေမှာက
အဲဒါကြောင့် ကိုယ်ဝယ်ပေးလိုက်တာ။ ပိုက်ဆံလေးတ
သိန်းကျော်လောက်နဲ့ ကလေးတစ်ယောက်ကို အဆမတ
ပျော်ရွှင်မှုပေးနိုင်တယ်ဆိုရင် လုံးဝတန်တယ်လေကွာ"

မြရောင်က ခေါင်းတညိတ်ညိတ်နှင့် သဘောကျ
သည်။

မောင်ဟိန်းက ပြင်သစ်ကော်ဖီတစ်ခွက်ကို အရသ
ခံသောက်ရင်း ရှေ့ကကောင်မလေးကို ခဏခဏခိုးကြည့်နေ
သည်။ ကော်ဖီတွေထဲမှာ သူအကြိုက်ဆုံးက ပြင်သစ်ကော်ဖီပ

အကြိုက်ဆုံး ကော်ဖီတစ်ခွက်ကို အချစ်ဆုံးကောင်
လေးတစ်ယောက်နဲ့ မျက်နှာချင်းဆိုင် ထိုင်သောက်ခွင့်ရတဲ့စည်
စိမ်ကို သူ ဘာနဲ့မှမလဲနိုင်။





သူ့ရင်ထဲက အချစ်တွေကို ဖွင့်ဟဝန်ခံချင်ရလောက်
အောင် အခြေအနေက ဖန်တီးနေသည်။

ဆိုင်ထဲမှာဖွင့်ထားတဲ့ ပြင်သစ်သီချင်းတစ်ပုဒ်က
လည်း အဓိပ္ပာယ်ကို နားမလည်ပေမယ့် သံစဉ်ကို ခံစားရုံနဲ့တင်
ကြည်နူးစရာ ရသကို ပေးစွမ်းနေသေးရဲ့။

မြရောင်ကတော့ ဆင်းဒဝစ်ချ်ကို အားရပါးရကိုက်
လိုက်၊ Grape Juice ကို အားရပါးရ သောက်လိုက်နဲ့။

ယောက်ျားလေတစ်ယောက်ရှေ့မှာ စားသောက်နေ
သည်ရယ်လို့ ရှိုးတိုးရှန့်တန့်မဖြစ်။ ပဲမများ။

သူ မြရောင်ကို ချစ်သည့်အချက်တွေထဲမှာ မြရောင်
ရဲ့ပွင့်လင်းတည်ကြည်မှုတွေလည်းပါသည်။

ပွင့်လင်းတယ် ဆိုရာတွင် အကြောင်းအမျိုးမျိုးရှိ
သည်။ တချို့က အဆင့်အတန်းရှိရှိ၊ တည်တည်ကြည်ကြည်ပွင့်
လင်းတာမျိုးဖြစ်ပြီး တချို့က စရိုက်ကျကျ ပွင့်လင်းတတ်ကြ
သည်။



www.burmeseclassic.com

www.burmeseclassic.com



ပွင့်လင်းတာ ကောင်းပေမယ့် စရိုက်ကျကျ ပွင့်လင်းတာမျိုးကျတော့ အထင်သေးစရာ ဖြစ်သွားတတ်ပြီး ကဲ့ရဲ့ခံရတတ်သည်။

မြရောင်ရဲ့ပွင့်လင်းမှုလေးတွေက ချစ်စရာကောင်းသည်။ ချစ်တဲ့မျက်စိနဲ့ ကြည့်လို့လည်း ဖြစ်နိုင်ပါသည်။

"မြရောင်"

မြရောင်က မုန့်စားနေရင်းမှ မထူးဘဲ မျက်လွှာပင့်ကြည့်သည်။

"ကိုယ် မြရောင်ကို ချစ်တယ်"

မရည်ရွယ်ဘဲ ပြောမိသွား၏။ တကယ်မရည်ရွယ်ပါဘူး။ ပြောချင်စိတ်ပေါက်သွားလို့ပါ။ မြရောင်က ဂျုံ့စ်သောက်ရင်း သီးသွားသည်။

ရေတစ်ခွက် မြန်မြန်မော့သောက်ရင်း သူ့ကို အံ့ဩသလို ကြည့်နေသည်။ ပြောပြီးမှတော့ မထူးတော့ပါဘူး။





မြရောင်သည် တကယ်ကို မထင်မှတ်သောစကားကို ကြားရတာပင်။

မောင်ဟိန်း မြရောင်ကို ဇရုတစိုက်ရှိတာတော့သိသည်။

သို့သော် မြရောင်ကို ချစ်နေလိမ့်မယ်လို့တော့ နည်းနည်းမှ မထင်ခဲ့ဖူးပါ။

ခုလည်း ရုတ်တရက်ကြီး အပြောခံလိုက်ရတာပင်။ ရုတ်တရက် ရှောင်တောင်ရသည်။

မောင်ဟိန်း ပုံစံကြည့်ရတာလည်း ရည်ရွယ်ထားပုံမရ။ မထင်မှတ်ဘဲ ပြောဖြစ်သွားပုံပင်။

"မြရောင် စိတ်ဆိုးသွားလား"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုးပါဘူး မောင်ဟိန်းရယ်၊ ဒါပေမဲ့ ထင်မထားလို့ အံ့သြတာ"

"ကိုယ်လည်း ပြောဖို့မရည်ရွယ်ဘဲ ပြောမိသွားတာ။ ကိုယ် မြရောင်ကို ချစ်နေတာတော့ ကြာပြီ"

"ဟုတ်ရဲ့လား မောင်ဟိန်းရယ်။ စင်ကာပူမှာ ကျန်ခဲ့တဲ့ ကောင်မလေး ဝမ်းနည်းနေဦးမယ်နော်"

"ကိုယ့်မှာ ဘာကောင်မလေးမှ မရှိဘူးကွ။ ဟိုမှာ သူငယ်ချင်းတွေတော့ ရှိတယ်။ ဒါပေမဲ့ ခုချိန်ထိ ချစ်ရမယ့်သူတော့ မတွေ့သေးဘူး။ မြရောင်နဲ့တွေ့မှ"

မြရောင် သက်ပြင်းချလိုက်သည်၊ မောင်ဟိန်း ပြောနေတာ အမှန်တွေပဲလို့ စိတ်ထဲက အလိုလို ယုံကြည်နေမိသည်။ မောင်ဟိန်းသည် မြရောင်အတွက် အင်မတန် သင့်တော်သော သတို့သားလောင်း ချစ်သူကောင်းတစ်ယောက် ဖြစ်နိုင်ပါသည်။ သို့သော် မြရောင်မှာက ညို့ရှိနှင့်ပြီလေ။





ညို့ရှိနေရက်နဲ့ မြရောင် မောင်ဟိန်းကို လက်ခံလို့ မဖြစ်ဘူးလေ။

ထို့ကြောင့် မောင်ဟိန်းကို မြရောင်မှာ ညို့ရှိနေကြောင်း ဖွင့်ပြောလိုက်သည်၊

"သြော်"

"မောင်ဟိန်းမှာ ငြင်းစရာအကြောင်းကို မရှိတာပါ။ ဒါပေမဲ့ မြရောင်မှာ ချစ်သူရှိနေပြီးသား ဖြစ်နေလို့ပါ"

"အေးလေ ... ဘယ်တတ်နိုင်မလဲ။ ဒါပေမဲ့ ကိုယ်တစ်ခုတော့ မေးချင်သေးတယ်။ မြရောင် မြရောင်ချစ်သူကို လက်ထပ်မှာလား။ လက်ထပ်ဖို့ ရည်ရွယ်ထားလား"

ဒီမေးခွန်းက မြရောင် အဖြေရအခက်ဆုံး မေးခွန်းပဲ။ မြရောင် ကိုယ်တိုင်တောင် အဖြေမသိတဲ့ မေးခွန်းပဲလေ။ ညို့ကို မြရောင် လက်ထပ်ချင်လားလို့မေးရင် မြရောင် အချိန်မရွေး ခေါင်းညိတ်မိမှာပဲ။ ဒါပေမဲ့ ညို့က မြရောင်ကို လက်ထပ်ဖို့အထိ ရည်ရွယ်ရဲ့လားဆိုတာ မြရောင် ကိုယ်တိုင် မသိသေးဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီခေါင်းစဉ်နဲ့ ပတ်သက်ပြီး ညို့နဲ့ မြရောင် တစ်ခါ
မှမဆွေးနွေးမိဘူး။

အဲဒါကြောင့် မြရောင်မှာ အဖြေမရှိဘူး။

"မြရောင်"

"အဲဒီမေးခွန်းကို မြရောင် မဖြေချင်ဘူး မောင်ဟိန်းရယ်"

"အိုခလေ ... ထားတော့။ ထားပါတော့။ မြရောင်မဖြေချင်တာကို မမေးတော့ပါဘူး။ ဒါပေမဲ့ မြရောင်ကို တစ်ခု တော့ပြောမယ်၊ ကိုယ် မြရောင်ကို တကယ်ချစ်တဲ့အတွက် ကိုယ် မြရောင် မြရောင်ချစ်သူနဲ့ လက်မထပ်ခင်အထိ စောင့်ချင်တယ်။ စောင့်လို့ရမလား"

"အဲလိုကြီးကျတော့လည်း ဘယ်အဆင်ပြေပါ့မလဲ မောင်ဟိန်းရယ်"

"ပြေပါတယ် မြရောင်ရဲ့"

"မောင်ဟိန်း စောင့်နေပြီးမှ မြရောင်က သူနဲ့လက်ထပ်သွားရင်ရော"





"50 to 50 မဟုတ်တဲ့ အခြေအနေပဲကွာ။ အဲဒီလောက်တော့ ရှိမှာပေါ့။ မြရောင် သူနဲ့လက်ထပ်သွားလည်းရပါတယ်။ ကိုယ်က ပျက်စီးစေလိုစိတ်နဲ့ စောင့်တာမှမဟုတ်တာ။ တကယ်လို့ မြရောင် သူနဲ့အဆင်မပြေရင်တော့ ကိုယ့်ရင်ခွင်က တံခါးမရှိဘူးနော် မြရောင်"

"မောင်ဟိန်းရယ်"

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့လိုလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဓေယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဟိန်းက မြရောင်ကို အရင်တိုင်းပဲ ဆက်ဆံသည်။

ဖွင့်ပြောထားတာကို နှစ်ယောက်စလုံး မေ့ထားကြသည်။

မောင်ဟိန်းသည် မြရောင် ဘယ်လိုကောင်မျိုးနဲ့ ချစ်သူတွေဖြစ်နေကြသလဲ ဆိုတာကိုတော့ မြရောင် မသိအောင် စုံစမ်းကြည့်မိပါ၏။

သို့သော် မစုံစမ်းကြည့်တာကမှ ကောင်းဦးမည်။ စုံစမ်းကြည့်မှ စိတ်မောရသည်။

စိတ်မောရတာထက် မြရောင်အတွက်ပဲ ပိုပြီးစိတ်ပူရတယ်ဆိုတာ ပိုမှန်သည်။





မြရောင်ရဲ့ကောင်လေးက ပုံမလာပါ။ ရုပ်ကလေး သနားကမားကို ဗန်းပြပြီး ကောင်မလေးတွေ ထည့်လဲတွဲနေတာ။ ရုပ်ရည်နဲ့ တော်ကီကလွဲလို့ ဘာမှသုံးစားမရသော ကောင်စားမျိုးလေးပဲ။ ကားတစ်စီးနဲ့ မိဘလုပ်စာ ထိုင်ဖြုန်းနေသော တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ် ကောင်လေး။

အဲဒါတွေအားလုံးထက် ပိုဆိုးတာက ထိုကောင်လေးဟာ မြရောင်ကို မတရားနိုင်ပြီး မြရောင်က အမြဲအလျှော့ပေးနေရတာပင်။

သူ မြတ်နိုးရသော ပန်းကလေးတစ်ပွင့်ဟာ တစ်ပါးသူရဲ့လက်ထဲမှာ သွန်လိုသွန်၊ မှောက်လိုမှောက်။

သူ အကဲခတ်မိသလောက်ကတော့ ကောင်လေးက သာမန်။ မြရောင်ကသာ ကောင်လေးကို သည်းသည်းလှုပ် ချစ်နေပုံပင်။

သူချစ်သော ကလေးဆန်ဆန် ကောင်မလေးဟာ သူ့ကောင်လေးနဲ့ ပတ်သက်ရင်တော့ သည်းခံနိုင်စွမ်းအပြည့်နဲ့ မေတ္တာတရား ကြီးမားသူတစ်ယောက် ဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်လေ။ သူမကလေး စိတ်ချမ်းသာရင် တော်ပါပြီ။ သူမ သူ့ကောင်လေးကို ဖြည့်ဆည်းပေးသလို သူက သူမလေးအတွက် ဖြည့်ဆည်းပေးချင်သူလေ။

ကိုယ်က စွန့်လွှတ်ပေးဆပ်ချစ်ချင်တဲ့ဗီဇ ပါလာမှ တော့လည်း ဖြည့်ဆည်းရုံပေါ့။

မြရောင်ရဲ့ လိုအပ်ချက်မှန်သမျှကို အရင်လိုပဲ ဖြည့်ဆည်းပေးဆဲ။

မြရောင်ကလည်း သူ့အပေါ် ဘာမှမပြောင်းလဲ။ ပုံမှန်ပဲ ဆက်ဆံသည်။ အရင်လိုပဲ အတူသွား၊ အတူလာမြဲပါပဲ။

တစ်ခုပဲ ပိုလာတာ။ သူချစ်တဲ့ မြရောင်လေးက သူ့ကောင်လေး ညှို့ကြောင့် စိတ်ညစ်ရတိုင်း သူ့ဆီလာရင်ဖွင့် တတ်လာတာပါပဲ။





တစ်ရက် ...။

မြရောင်နဲ့ မောင်ဟိန်းတို့ မင်္ဂလာပွဲတစ်ခုကို အတူတွဲ ပွဲတက်မိကြသည်။ အတူပွဲတက်မိတာကလည်း မင်္ဂလာဆောင်ကြ တဲ့ သတို့သားက စီးပွားရေးလုပ်ငန်းရှင်ပေါက်စလေး ဖြစ်နေပြီး မြရောင်အဘွားနဲ့ရော မောင်ဟိန်းမိဘတွေနဲ့ပါ ပတ်သက်ရာပတ် သက်ကြောင်း မကင်းရာမကင်းကြောင်းတွေ ဖြစ်နေလို့ပါ။

အမှန်က မောင်ဟိန်းရဲ့မိဘတွေက ပွဲတက်ပါသည်။ သို့သော် ဘွားဘွားက နေမကောင်း၍ ဘွားဘွားကိုယ်စား မြရောင် ကို ပွဲတက်ခိုက်ခြင်းဖြစ်သည်။

ဒီတော့ မြရောင် တစ်ယောက်တည်း ဖြစ်နေတာနဲ့ မြရောင်ကပဲ မောင်ဟိန်းကို ချောဆွဲလာခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မောင်ဟိန်းက မြရောင်နဲ့အတူသွား…

အရေး တွေးကာပျော်ရွှင်နေခဲ့သည်။

မြရောင် ဘာအရောင်ဝတ်မလဲမေးကာ သူက…

အတူလိုက်ပြီး တိုက်ဝတ်သည်။

မောင်ဟိန်း မြရောင်ကို လာခေါ်တော့ အဘွား…

မြရောင်တို့နှစ်ယောက်ကိုကြည့်ကာ သဘောကျနေသည်။

မောင်ဟိန်း တစ်ယောက်လည်း နှုတ်ခမ်းကို…

နိုင်။

ညစ်ခံပွဲရောက်တော့ မောင်ဟိန်းရဲ့မိတ်ဆွေတွေနဲ့အ…

သွားထိုင်ကြသည်။

"ဟယ်... မိမိ ဘယ်တုန်းက ချွေးမရသွားတာလဲ။ မော…

ဦး ဒါလေးက ဘွားချို့ရဲ့မြေးလေး မဟုတ်လား။ မိမိတို့…

တော့ ချွေးချင်းထပ် မြတ်လိုက်ပြန်ပြီပေါ့လေ"

မြရောင်နဲ့ မောင်ဟိန်းကို အထင်လွဲသူတွေ များ…

ပါသည်။





ဒေါ်မိမိမှာလည်း ရှင်းပြရတာအမော။

"မဟုတ်ပါဘူးရှင်၊ ဘွားချို့ ပွဲမတက်နိုင်လို့ သမီးလေး လိုက်လာတာပါ။ ပြီးတော့ သားနဲ့က သူငယ်ချင်းတွေမို့ပါ"

မောင်ဟိန်းကလည်း မျက်နှာပျက်ကာ ...

"အားနာလိုက်တာ မြရောင်ရယ်"

မြရောင်သည် မောင်ဟိန်းကို သဘောကျတာ ဒီ အချက်တွေလည်းပါသည်။ ဘယ်တော့မှ အခွင့်အရေးမယူတတ်ပဲ မြရောင်အပေါ် ငဲ့ညှာလွန်းသည်။

သူချစ်နေသော မိန်းကလေးနဲ့ တွဲလာရတာကို ပျော်နေပေမယ့် ပတ်ဝန်းကျင်ရဲ့ အထင်လွဲမှုကိုတော့ မခံနိုင်။ မြရောင်ကို ငဲ့ပါ၏။

သို့သော် မထင်မှတ်သော အဖြစ်အပျက်တစ်ခုက အပြန်လမ်းမှာ ဖြစ်တာပင်။ မောင်ဟိန်းရဲ့ကားရှေ့မှာ ညို့ရဲ့ ဂျစ်ကားက ကန့်လန့်ဖြတ် ပိတ်ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သောလုပ်ရပ်မို့ မောင်ဟိန်းမှာ က

ဘရိတ်ခ်ကို အမြန်နင်းလိုက်ရသည်။

မြရောင်သည် ညို့ကားကို မြင်လိုက်ရတော

မောင်ဟိန်းနဲ့ တွဲလာရတာကို လိပ်ပြာမလုံသလို ခံစားရပြီး ညို

ရဲ့လုပ်ရပ်အတွက်လည်း မောင်ဟိန်းကို အားနာသွားသည်။

"မြရောင်ချိုချို ဆင်းစမ်း"

ညို့ရဲ့လေသံက မရှိုပါ။ ရိုင်းပြကြမ်းတမ်းသည်

ဘက်ကိုပင် ရောက်နေပါသေးသည်။

မြရောင်သည် မောင်ဟိန်းရှေ့မှာမို့ ရှက်တာထက်

မောင်ဟိန်းကို အားနာတာ ပိုပါသည်။

သို့သော် ညို့ကို မလွန်ဆန်နိုင်သော မြရောင်က

မောင်ဟိန်းကားပေါ်ကနေ အသံတိတ်ပဲ ဆင်းလိုက်ပါသည်။

ညို့က မောင်ဟိန်းကို ဂျစ်ကန်ကန်နဲ့ မိုက်ကြည့်

ကြည့်နေသော်လည်း မောင်ဟိန်းကတော့ အေးဆေးပင်။





ဟီးလ်အချွန်စီးထားသော မြရောင်ကို ညို့ကကြမ်းတမ်းစွာ ဆွဲခေါ်သွားသဖြင့် မြရောင်မှာ ကိုးရိုးကားရားနဲ့ပါသွားသည်။

မောင်ဟိန်းသည် မြင်ကွင်းကို စိတ်မသက်သာသော်လည်း ချစ်သူနှစ်ဦးကြား ဘာမှဝင်ပြောခွင့်မရှိသဖြင့် ကြည့်နေရသည်။

ညို့ကားလေးက ဆောင့်ကြီးအောင့်ကြီး ထွက်ခွာသွားပြီ။

မြရောင်ကတော့ ပွဲတက်ပိုးချိတ်ဝတ်စုံကြီးနဲ့ အဆင်မပြေစွာ ပါသွားရှာသည်။

ညို့မျက်နှာက သရော်ရိပ်တွေအပြည့်။

"ဘယ်လိုလဲ မြရောင်ချိုချို။ ဂုဏ်ရှိတော်ဝင်သူဌေးသားတစ်ယောက်နဲ့ တွဲရတဲ့အရသာလေး ပြောပေးပါဦး"

"မရှိပါနဲ့ ညို့ရယ်၊ ပြီးတော့ အထင်လည်း မလွဲပါနဲ့။ မောင်ဟိန်းက မြရောင်သူငယ်ချင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... မြရောင်ချို့ချို့တို့ ဘယ်လိုပဲ ပတ်သက် ပက်သက် ရင်မခုန်ပါဘူး။ Heart မထိဘူး။ ကိုယ့်ကိုယ် ကိုယ် အထင်ကြီးမနေနဲ့"

မြရောင် ရင်ထဲနင့်သွားသည်။ ရုတ်တရက် မီးနီပြ သွားသဖြင့် ကားကရပ်သွားသည်။

"ကဲ ... ဆင်းတော့"

"ဟင်"

"မြန်မြန်ဆင်းကွာ၊ ကိုယ် မင်းကို ဆက်ခေါ်သွားချင်စိတ် မရှိတော့ဘူး။ မီးပွိုင့်မှာ ဆင်းတဲ့အရသာကို ဒီအဝတ်အစား လေးနဲ့ မြည်းကြည့်စေချင်လို့"

မြရောင်ကို အတင်းကို တွန်းထုတ်နေတာမို့ မြရောင် သူ့ကားပေါ်က ဟပ်ထိုးလဲကျခမန်း ဆင်းလိုက်ရသည်။

မီးပွိုင့်စိမ်းသွားပြီမို့ သူ့ကားက ထွက်သွားပြီ တခြားကားတွေကလည်း တစ်စီးပြီးတစ်စီး။ မြရောင် မလှုပ်ရဲ

"အစ်မ ခဏလောက် လိုက်ခဲ့ပါ"





အမယ်လေး ... ယာဉ်ထိန်းရဲမေ။ နောက်ဆုံးတော့ မြရောင် ပွဲတက်ဝတ်စုံကြီးနဲ့ ယာဉ်ထိန်းရဲကားပေါ် ရောက်သွား တော့သည်။

ဘုရားရေ ...။ ရှက်လို့ သေတော့မယ်။ တစ်သက်နဲ့ တစ်ကိုယ် မကြုံဖူးသော အဖြစ်အပျက်ပါပဲ။ မြရောင် ထိုအချိန် မှာ သတိအရဆုံးက မောင်ဟိန်းပဲ။

မောင်ဟိန်းဆီ ဖုန်းဆက်လိုက်သည်။

မြရောင်သည် ထိုအထိ ရက်စက်ခံရတာတောင် ညှို့ကို စိတ်မနာဘဲ ညှို့တစ်ယောက် သူ့အဖေနဲ့ပတ်သက်ပြီး ဘာတွေအစာမကြေ ဖြစ်နေပါလိမ့်ဟု ပူပန်နေမိသေးသတဲ့။

ပြီးတော့ သူမကို လာရောက် အာမခံပေးသော မောင်ဟိန်းကို ကျေးဇူးတင်ဖို့လည်း မေ့နေခဲ့သတဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဟိန်းသည် မြရောင် ရည်းစား ထက်ပိုင်ထွ ဆိုသော သတ္တဝါကို တော်တော်မြင်ပြင်းကတ်သည်။

ယောကျာ်းတန်မဲ့ အားနွဲ့တဲ့ မိန်းမသားတစ်ဦးအ ယစုလို အနိုင်ကျင့်တာမျိုးကို ရွံသည်။

သူ့ကားထဲက ဆွဲခေါ်ထုတ်သွားပြီး မီးပွိုင့်မှာချထာ ခဲ့တာဟာ တမင်သက်သက် ယုတ်မာတာပင်။

ဒါကို ချစ်လို့ကျီစယ်တယ်လို့ ကဗျည်းတပ်လို့ မရတာ။

သူ ထားသွားခဲ့တာ အန္တရာယ်ကင်းရှင်းရာအရ မဟုတ်။ ကားတွေ လေးဖက်လေးတန် ဖြတ်သန်းနေတဲ့ မီးပွိုင့်

ပြီးတော့ မီးပွိုင့်ဆိုတာ အဆင်းအတက် လုပ်ခွင့်မ သည့် အန္တရာယ်ဇုံ။ တားမြစ်နယ်မြေမှာ မြရောင်ကို ချထားခဲ့တာ





ဒီလိုလူမျိုးရဲ့လက်ထဲကို မြရောင်ကိုအပ်ဖို့ သူ့စိတ် မချတော့ပါ။

မြရောင် သင်းကို ဘယ်လောက်ပဲချစ်ချစ်။ အချစ် တစ်ခုတည်းနဲ့ မြရောင် တစ်သက်လုံး စိတ်ဆင်းရဲရလိမ့်မည်။

ပြီးတော့ ဒီကောင့်ပုံစံက မြရောင်ကို လက်ထပ်ယူ ချင်လောက်တဲ့အထိ လေးနက်မှုလည်းမရှိ။

ဒီတော့ မြရောင်အဖြစ်က ပူပြင်းတောက်လောင်နေသည့် မီးတောက်မီးလျှံကိုမှ ရတနာစိန်ကျောက်အလား ထင်ယောင်မှားကာ ဝင်တိုးနေသည့် ပိုးဖလံမျိုး ဖြစ်နေသည်။

ပထမတော့ မြရောင် စိတ်ချမ်းသာပါစေတော့ဆိုပြီး သူက စွန့်လွှတ်အနစ်နာခံကာ ဖြည့်ဆည်းပေးဖို့သက်သက်ပဲ စဉ်းစားခဲ့တာပါ။

ခုတော့ ထက်ပိုင်ထွဋ်လို ကောင်မျိုး လက်ထဲကို မြရောင်ကို မအပ်နှင်းရဲတော့။ သူ့ဘဝမှာ မြရောင် စိတ်ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ဖို့၊ မြရောင်ဘဝ သာယာလှပဖို့သည်သာ ပထမဦးစားပေးဖြစ်သည်။ ထက်ပိုင်ထွဋ်ရဲ့လက်ထဲကို မြရောင်ကို ထည့်လိုက်ရင် မြရောင် စိတ်ဆင်းရဲရတာကိုပဲ သူ မြင်ရမှာ။ အဲဒီအခါ သူပဲ ရင်နာရမှာ။

ဒီတော့ သူလည်း လှပတဲ့လှည့်ကွက်ကလေးတစ်ခု သုံးရလိမ့်မည်။

မစွန့်လွှတ်ရက်လောက်အောင် ချစ်လွန်းလို့၊ စွန့်လွှတ်လိုက်ရင်ကို သူ့မဘဝလေး အန္တမ်းပန်းတစ်ပွင့် ဖြစ်သွားမှာစိုးလို့ သူ့မဘဝပန်းကလေး ထာဝစဉ် မွှေးကြိုင်လန်းဆန်းနိုင်အောင်လို့ သူ့ရင်ခွင်မှာ ထာဝရ ပိုက်ထွေးရလိမ့်မယ်။

တကယ်ပါ။ သူမကို ရအောင်ယူဖို့ ဆုံးဖြတ်လိုက်တာတောင်မှ အဲဒီဆုံးဖြတ်ချက်မှာ သူ့အတွက်ဆိုတာ တစိုးတစိတောင် မပါဘူးဆိုတာယုံ။

မေမေ့ကိုပဲ အပူကပ်လိုက်သည်။





"မေမေ မြရောင်နဲ့သားက မောင်နှမတွေလို ခင်နေတာဆိုတော့ ပြောရခက်ပြီး ပြောဖို့လည်း မရဲဘူးဖြစ်နေတယ်။ အဲဒါကြောင့် မေမေတို့ကပဲ အဘွားဆီ ကြောင်းလမ်းပေးတဲ့သဘောနဲ့ပဲ ဝင်ပေးပါလား။ သား မသိချင်ယောင်ဆောင်ပြီး အလိုက်သင့် မျှောလိုက်မယ်"

"ငါ့သားကတော့လေ ကိုယ်တိုင်ညှစ်ဖို့ မကြိုးစားဘဲ လက်သည်ကို လာအားကိုးနေတာကိုး"

"အားကိုးပါတယ် မေမေရယ်၊ သား သူ့ကိုမရရင် မဖြစ်တော့ဘူးနော် မေမေ။ ဘွားကို ရအောင်ပြောပေး"

"ဘွားချိုက အစကတည်းက သားကိုသဘောကျပြီးသားလေ။ အဲဒါကြောင့် သားကို သူ့မြေးနဲ့နီးစပ်အောင် လွှတ်ခိုင်းတာပေါ့။ သားက သဘောကျတယ်ဆိုရင်တော့ မြရောင်လေး တစ်မဲပဲရှိတော့တာပေါ့"

"ဟုတ်တော့ ဟုတ်ပါတယ် မေမေ။ ဒါပေမဲ့ သား သူ့ကို သဘောကျတာကို မြရောင် သိလို့မဖြစ်ဘူး မေမေ။ လူကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေ စီစဉ်တဲ့သဘောနဲ့ပဲ သူ့ကို သိစေချင်တယ်။ သားက တောင်းနိုင်းတယ်ဆိုရင် သူလက်ခံမှာမဟုတ်ဘူး မေမေ။ မေမေနဲ့ ဘွားချို့တို့ စီစဉ်တာဆိုရင်တစ်မျိုး"

"မေမေ သဘောပေါက်ပါတယ် သားရယ်၊ စိတ်ချ။ ဘွားချို့ကို မေမေ သေချာပြောပြလိုက်မယ်"

"ဟုတ်ကဲ့"

ကဲ ... သူ့ဘက်ကတော့ လက်နက်တွေ ထုတ်သုံးလိုက်ပြီ မြရောင်လေးရေ။

ထက်ပိုင်ထွဋ်က မြရောင်ကို လက်ထပ်လိမ့်မယ်လို့ အိပ်မက်တောင် မမက်နိုင်ရှာတဲ့ မြရောင်၊ ဘွားချို့ကို ဘယ်လို အကြောင်းပြချက်နဲ့ ငြင်းမလဲ။

ထက်ပိုင်ထွဋ်ဟာ ဘွားချို့ရှေ့ကို ဆွဲထုတ်ပြလို့ရတဲ့ လူစားမျိုး မဟုတ်ဘူးလေ။

ထက်ပိုင်ထွဋ်နဲ့ လက်ထပ်ဖို့ မသေချာဘူးဆိုရင် မြရောင် ဘယ်သူ့ကိုရွေးမလဲ။





ဘယ်လိုပဲဖြစ်ဖြစ် သူပစ်လိုက်တဲ့မြားက တစ်နေရာရာမှာတော့ ပစ်မှတ်သွားဖြစ်မှာပဲ။

အဓိက,က သူ့ရဲ့ထိချက်က ဗဟိုပစ်မှတ်နဲ့နီးဖို့ အရေးကြီးတာလေ။



www.burmeseclassic.com

www.burmeseclassic.com



"မြေးလေး ထမင်းစားပြီးရင် ဘွားအခန်းကို ခဏလာခဲ့"

"ဟုတ် ... ဘွား"

မြရောင်ရဲ့ဖေဖေနဲ့ မေမေက စီးပွားရေးပဲ ဦးစားပေးနေရတာမို့ မြရောင်က ငယ်စဉ်ကကတည်းက အဘွားရင်ခွင်နဲ့ပဲ ပိုပြီးနီးစပ်ခဲ့တာပင်။

မြရောင်ကိစ္စဟူသမျှကို မေမေ့ထက် ဘွားဘွားက ပိုသိပြီး အရာရာကိုလည်း ဘွားဘွားပဲ စီမံပေးနေကြ။

ဘွားဘွားအခန်းရောက်တော့ မေမေရော ဖေဖေပါ ဘွားဘွားအခန်း ရောက်နေကြသည်။

ဒါဆိုရင်တော့ မိသားစုကိစ္စတစ်ခုခုရှိ၍ ထင်ပါရဲ့။



ဘွားရဲ့အိပ်ခန်းကျယ်ကြီးထဲမှာ မိသားစု စုဝေးထိုင်ဖို့ ဆက်တီတစ်စုံ ထားထားသည်။

တချို့ အရေးကြီးတဲ့ကိစ္စတွေဆို အဘွားက အခန်းထဲမှာပဲပြောသည်။

"လာ ... သမီးငယ်"

ဖေဖေက သူမကို ချစ်စနိုးနဲ့ သမီးငယ်ပဲ ခေါ်တတ်သဖြင့် မသိတဲ့သူတွေဆို သမီးအကြီးများ ရှိသေးလား ထင်ကြသည်။

"လာ ... မြေးလေး"

မိသားစုထိုင်ခုံမှာ မြရောင်က အမြဲအဘွားဘေး မှာပဲ ထိုင်ရသည်။

"ခုပြောမှာက မြေးလေးရဲ့အိမ်ထောင်ရေးကိစ္စပဲ"

"ရှင်"

မြရောင်က အံ့သြသွားသော်လည်း ဖေဖေနဲ့မေမေတို့က မြရောင်လောက် မအံ့သြကြ။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... နေ့လယ်က မိမိုလာသွားတယ် မောင်ဟိန်း နဲ့ မြေးလေးကို နေရာချပေးချင်လို့တဲ့"

"မမမိတို့ သားလေးက မဆိုးပါဘူး အမေ။ နွယ်တော့ သဘောကျသား။ ဖေကြီးရော"

"အတွင်းသိ အစင်းသိတွေပဲကွာ။ ပြောစရာ လိုသေးလား"

"ဟုတ်ပြီ၊ ဒါဆို မြေးလေးသဘောပဲ ရှိတော့တာပေါ့"

"အမေကရော သဘောတူလား"

"ငါ သဘောမတူရင် ဒီကိစ္စ မင်းတို့ဆီတောင် မရောက် ဘူး။ ငါ့ဘာသာ ကိစ္စမြတ်ပစ်လိုက်မှာပေါ့"

မြရောင်သည် ဒါ မောင်ဟိန်း လက်ချက်ပဲလို့တွေး ကာ ဒေါသတွေ ထွက်လာမိသည်။ သို့သော် အဘွားဆက်ပြော သောစကားတွေကြောင့် မြရောင် ဒေါသတွေ လေထဲမှာတန့်သွား သည်။

"မိမိလည်း ခုချိန်လောက်ဆို သူ့သားကို ပြောနေရောပေါ့။ လူကြီးတွေစီစဉ်တဲ့ကိစ္စ ဆိုပေမယ့် မြေးတို့ကို မငြင်းစေ





ချင်ဘူး။ မြေးအပေါ် မောင်ဟိန်းလောက် သည်းခံနိုင်တဲ့ သူရှိမှာ မဟုတ်ဘူး။ မောင်ဟိန်း ပုံစံကြည့်ရတာ မြေး အပေါ် သံယောဇဉ်ရှိပုံဆိုတော့ ငြင်းမှာမဟုတ်ပါဘူး"

ငယ်ငယ်တည်းက ဘွားရဲ့သြဇာ၊ ဘွားရဲ့စီမံခန့်ခွဲမှု အောက်မှာ ကြီးပြင်းလာရတာမို့ ဘွားကိုရတ်တရက်ကြီး မငြင်းရဲ။

ပြီးတော့ ဘာအကြောင်းပြချက်နဲ့ ငြင်းရမလဲမသိ ဘူးလေ။ မောင်ဟိန်းလောက် သူမအပေါ် ကောင်းတဲ့သူကို ဘာ အချက်နဲ့ ငြင်းရမှာလဲကွယ်။

ညို့ကရော ... ညို့က သူမကို လက်ထပ်မှာသေချာ လို့လား။ ညို့သည် သူမအတွက်တော့ မသေချာမှု တစ်ခုပါပဲ။

ဒါကြောင့် ချစ်သူရှိပါတယ်လို့လည်း မပြောရဲတဲ့ ဘဝ။

"မြေးလေး ... ဘာတွေ စဉ်းစားနေတာလဲ"

"သမီး စဉ်းစားပါရစေဦး ဘွားဘွား"



www.burmeseclassic.com

www.burmeseclassic.com



ဘွားအခန်းက ပြန်လာတော့ မောင်ဟိန်းဆီ ဖုန်း ဆက်လိုက်သည်။

"မောင်ဟိန်း ... ဒါ ရှင်ဆင်တဲ့အကွက်မို့လား"

"မဟုတ်ရပါဘူး မြရောင်ရယ်။ ကိုယ်လည်း ခုမှသိတာပါ။ ခုမှ မေ့မေပြောလို့ ကိုယ်အံ့သြနေတာ။ မေမေက ကိုယ့် ကိုအသိမပေးဘဲ မြရောင်တို့ဘက်ကို အရင်ဖွင့်ပြောလိုက် လို့ ကိုယ်တောင် မေမေ့ကို ပြောနေတာ။ သားကိုအရင် မေးတာ မဟုတ်ဘူးလို့"

"ဒါဆို ရှင် မသိဘူးဆိုတဲ့ သဘောပေါ့"

"ဟုတ်တယ်"





"ကောင်းပြီလေ၊ ရှင် ကျွန်မမှာ ညို့ရှိတာကို သိနေတာပဲ။ ရှင့်ကို လက်မခံနိုင်သေးတာလည်း သိနေတာပဲလေ။ ဒီတော့ ရှင် ငြင်းပေးပါ"

"မြရောင်"

"ဟုတ်တယ်လေ၊ ရှင် ငြင်းပေးပါ"

"ရက်စက်လိုက်တာ မြရောင်ရယ်၊ ကိုယ်က မြရောင်ကို ချစ်နေတာလေ"

"ဟုတ်တယ်လေ၊ ရှင်က ကျွန်မကို စိတ်ချမ်းသာစေချင် တယ်ဆို။ ရှင် ငြင်းပေးမှ ကျွန်မ စိတ်ချမ်းသာမှာပေါ့"

"ကျွတ်"

မောင်ဟိန်းမှာ ဘာပြန်ပြောရမှန်းမသိ။

"မောင်ဟိန်း စဉ်းစားကြည့်လေ။ မြရောင်က ဘယ်လို ငြင်းရမလဲ။ မြရောင်မှာ ညို့ရှိတယ်ဆိုပြီး ငြင်းရအောင် ကလည်း ညို့ဆိုတာက သေချာတာမဟုတ်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"မြရောင်ကမှ ငြင်းပြစရာ လူရှိသေးတယ်၊ ကိုယ့်မှာဘ[...] မှမရှိတာ။ ဘယ်လိုငြင်းရမလဲ မြရောင်ရယ်"

"ဩော် ... မြရောင်ကို ညီမလေးတစ်ယောက်လိုပဲ ချစ်[...] တယ်၊ ဘာညာပေါ့။ မောင်ဟိန်း ပြောတတ်ပါတယ်က[...] မောင်ဟိန်းနော် ... ရအောင်ငြင်းပေးရမယ်၊ ဒါပဲ"

နောက်ဆုံးတော့ မောင်ဟိန်းကိုပဲ အတင်းအနိုင်ကျ[...] ရသည်။ မြရောင်က ဘွားဘွားကို ဘယ်လိုငြင်းရမလဲ မသိ[...] လေ။ ဘွားရဲ့ဩဇာကို တွန်းလှန်နိုင်စွမ်းလည်း မရှိဘူးလေ[...]

မောင်ဟိန်းကို ငြင်းခိုင်းပြီး မြရောင်က စိတ်[...] လက်အေး လုပ်နေပေမယ့် အဘွားကတော့ မြရောင်ကို ငြ[...] ငြိမ်းခွင့်မပေးပါ။

"မြေးလေး ... ဘယ်လိုစဉ်းစားထားလဲ"

"ဘွား"

"ပြောလေ မြေးလေး"





"သမီး အိမ်ထောင်မပြုချင်ပါဘူး ဘွားရယ်၊ ဘွားနဲ့ပဲ အတူ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် နေပါရစေနော်။ ပြီးတော့ မြရောင် မောင်ဟိန်းကိုလည်း အစ်ကိုတစ်ယောက်လို၊ သူငယ်ချင်းတစ်ယောက်လိုပဲ ခင်တယ်။ မြရောင် သူ့ကိုလက်မထပ်ချင်ဘူး အဘွားရယ်"

"မြေးလေးရယ် ... အစ်ကိုလို သူငယ်ချင်းလို သဘောထားနိုင်တဲ့သူ့ကို ခင်ပွန်းသည်တစ်ယောက်လို ပြောင်းလဲလိုက်ဖို့က မခက်ခဲပါဘူးကွယ်။ ပြီးတော့ မြေးလေးက အဘွားရဲ့တစ်ဦးတည်းသော မျိုးဆက်လေ။ မြေးလေး အိမ်ထောင်မပြုလို့ မရဘူး။ အိမ်ထောင်ပြုကို ပြုရမယ်။ နောက်တစ်ချက်က မြေးလေးက ငယ်သေးတယ်။ ဘွားတို့နဲ့ မြေးဖေဖေမေမေတို့ဆိုတာ မြေးနဲ့အတူ တစ်သက်လုံးမခွဲမခွာရှိနေနိုင်တဲ့ အသက်အရွယ်တွေ မဟုတ်ဘူး။ တစ်နေ့လူကြီးတွေမရှိတော့ရင် မြေးတစ်ယောက်တည်း ဖြစ်နေမှာပေါ့။ ဘွားမြေးကို စိတ်ချချင်တယ်။ ပြီးတော့ မောင်ဟိန်းနဲ့ပဲ စိတ်ချချင်တယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘွားရယ် ... မောင်ဟိန်း သဘောထားကလည်း ဘယ်
ရှိမှန်း မသိနိုင်သေးဘူးလေ။ ခုက အန်တီမိမိက ကမ်းလှ
တာပဲ ရှိသေးတာလေ"

"မိမိက သူ့သားကိုပိုင်လို့ လာပြောရဲတာပေါ့ မြေးရယ်
မိမိတို့က မသေချာဘဲ ဘွားကို ဘယ်ပြောရဲမှာလဲ မြေးရဲ
သူတို့ဘက်က ကမ်းလှမ်းပြီးမှ သူတို့ဘက်က ဘယ်ပျ
ကွက်ရဲမလဲ။ မောင်ဟိန်း ငြင်းဦးတော့ မိမိက မဖြစ်,ဖြ
အောင် စီစဉ်မှာပဲ။ ဒါပေမဲ့ မောင်ဟိန်းကလည်း ငြင်းမ
မဟုတ်ပါဘူး မြေးလေးရယ်။ မြေးလေးကို ဒီလော
သံယောဇဉ်ရှိနေတာ။ ဘွားတို့လည်း ငယ်ရာကကြီးလာတာ
ဒီလောက်တော့ ကောင်းကောင်း အကဲခတ်တတ်တာပေါ့
ဟွန်း ... သူတို့ဘက်က တစ်ခုခုဆိုလို့ကတော့ ဘွား
မိမိတို့မိသားစုကို စာရင်းအပြတ် ဖြတ်ရုံပေါ့ မြေးရဲ
သူတို့က အရင်ကမ်းလှမ်းပြီးမှ ဘွားကို ဒီလိုလုပ်
ဘယ်ရမလဲ"





ဟား ... ရှုံးပြီ၊ ဘွားပြောသလိုဆို မောင်ဟိန်းက ငြင်းဦးတော့ အန်တီမိမိက ဘွားကို ပြောရဲမှာမဟုတ်။ ပြောဦးတော့ ဘွားနဲ့ အန်တီမိမိတို့ကို ပြဿနာမဖြစ်စေချင်ပါ။

မြရောင် ဘာလုပ်ရမှန်းမသိတော့။ ဒီအချိန်မှာသာ ညို့က မြရောင်ကို လက်ထပ်ခွင့်တောင်းခဲ့ရင် ? ။



www.burmeseclassic.com

www.burmeseclassic.com



မြရောင်နဲ့ ညို့တို့ ကော်ဖီဆိုင်လေးမှာ ထိုင်နေကြသည်။ ညို့ကတော့ သူ့ထုံးစံကို မဖျက်စွာပဲ မြရောင်ကို ဘေးမှာထားပြီး ကော်ဖီဆိုင်ထဲ ဝင်လာသမျှသော ကောင်မလေးတွေကို ငမ်းကြောထူနေသည်။

အမှန်တော့ မြရောင်က ဒီနေ့ သူ့ကို မြရောင်တို့ ရှေ့ရေးအတွက် ဆွေးနွေးမလို့ စဉ်းစားထားတာပါ။

ခုတော့ ကိုယ့်ကို ဘေးချိတ်ပြီး တွေ့သမျှငမ်းနေတဲ့ သူနဲ့ ဘယ်လိုရှေ့ဆက်ရမလဲမသိ။

မြရောင်သည် ကိုယ်က မိန်းကလေးတန်မဲ့ လက်ထပ်ဖို့ စပြီးမပြောချင်။

ဒါပေမဲ့ သူ မြရောင်ကို ဘယ်လို သဘောထားသလဲ။





မြရောင်နဲ့ ဘယ်အထိ ရှေ့ဆက်ဖို့ ရည်ရွယ်ထားသလဲ ဆိုတာလောက်တော့ မေးချင်၏။

မြရောင်ကို လက်ထပ်ဖို့ တောင်းဆိုမှာမဟုတ်ပါ။ ညို့ဆန္ဒကိုမေးကြည့်ချင်တာပါ။ ညို့သဘောထားကို သိရမှ မြရောင် ရင်ဆိုင်နေရတဲ့ မောင်ဟိန်းနဲ့ပြဿနာကို ဖြေရှင်းလို့ ရမှာလေ။

"ညို့"

"ဟမ်"

"တို့ ညို့ကို အလေးအနက် မေးချင်တာရှိလို့"

"အလေးအနက်"

"အင်း"

"ဒါဆို မြရောင်ချိုချို့က အရင်က ကိုယ့်အပေါ် မလေးနက်ခဲ့ဘူးဆိုတဲ့ သဘောပေါ့"

"မဟုတ်ပါဘူး ညို့ရယ်။ အရင်ကလည်း လေးနက်ပြီးသားပါ။ အခုက အရင်က လေးနက်တာတွေထက် ပိုပြီးလေးနက်တဲ့ကိစ္စကို ပြောချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"မြရောင်က ညို့အတွက် ဘယ်အတိုင်းအတာထိ သတ်မှတ်ထားသလဲ သိချင်လို့ပါ။ မြရောင်က ညို့ရဲ့အများထဲက တစ်ယောက်လား။ ပြီးတော့ မြရောင်ကို ဘယ်အချိန်ဖြတ်ခဲ့မှာလဲ။ ဒါမှမဟုတ် မြရောင်နဲ့ ဘယ်အချိန်ထိလက်တွဲမှာလဲ"

"Question တွေများလှချည်လား"

"အနှစ်ချုပ်ရရင်တော့ ညို့ မြရောင်အပေါ်ထားတဲ့ သဘောထားကို သိချင်တာပါ"

"သိရတော့ ဘာလုပ်မှာလဲ"

"လူဆိုတာ ကိုယ့်အခြေအနေကိုတော့ သိချင်သေးတာပေါ့"

"ကိုယ့်အခြေအနေ သိချင်တာများကွာ၊ ဘာလို့ တခြားလူကို လိုက်မေးနေရတာလဲ။ ကိုယ့်အနေအထား ကိုယ့်ဘာသာမသိဘူးလား"





"ပြိုင်ဘက်တွေ အများကြီးရှိတဲ့ ပြိုင်ပွဲတစ်ခုမှာ ကိုယ်အမှတ်ဘယ်လောက်ရသလဲဆိုတာ အမှတ်ပေးတဲ့ ဒိုင်လူကြီးကပဲ သိမှာပေါ့ ညို့ရယ်၊ အဲဒါကြောင့် ကိုယ့်အခြေအနေကို ညို့ကိုမေးနေရတာပေါ့"

"ဟား ဟား"

"မရယ်နဲ့ ညို့၊ မြရောင်မေးတာ ဖြေဦး"

"အင်း ...။ ကိုယ်က မြရောင်ကို ဘယ်တော့မှမဖြတ်ဘူးကွ။ ကိုယ် ဘယ်သူ့ကိုမှ အရင်စမဖြတ်ခဲ့ဘူး။ အေး ... သူတို့ဖြတ်သွားရင်လည်း လိုက်မဆွဲဘူး။ ကိုယ့်ရည်းစားတွေ မှန်သမျှ ဘယ်သူ့ကိုမှ ဘယ်တော့မှ ထားခဲ့မှာမဟုတ်ဘူး။ သူတို့ဘာသာ ထွက်သွားကြတာပဲရှိတယ်"

"ဒါဆို ညို့ အိမ်ထောင်မပြုတော့ဘူးလား၊ ညို့ အိမ်ထောင်ပြုတဲ့ တစ်နေ့ကျရင်တော့ ညို့ တစ်ယောက်ကိုပဲ ရွေးချယ်ပြီး ကျန်တာတွေကို ထားခဲ့ရမှာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ပြောလို့ရမလဲ၊ ကိုယ် အိမ်ထောင်ပြုရင် သတို့သမီး တစ်ဖက်ဆွယ်ယောက်နဲ့ ပွဲထွက်ရင် ထွက်မှာပေါ့ ... ဟား ဟား"

"မနောက်နဲ့ ညို့ရယ်၊ မြရောင် အတည်ပြောနေတာ"

"နေပါဦး၊ မြရောင်က ရုတ်တရက်ကြီး ဘာတွေလာအရေးကြီးနေတာလဲ"

"မြရောင် အနေအထားကို သိချင်လို့ပါ"

"ခုချိန်မှာ ကိုယ့်စိတ်ထဲမှာ ဘာမှမရှိသေးဘူး မြရောင်။ ဘယ်သူ့ကိုမှ ထားခဲ့ဖို့ စိတ်ကူးမရှိသလို ဘယ်သူ့ကိုမှလဲ လက်ထပ်ဖို့ မရည်ရွယ်မိသေးဘူး"

"ညို့ ဘယ်သူ့ကိုမှ တကယ်မချစ်ခဲ့ဘူးလား"

"မှားနေပြီ။ ကိုယ်က အကုန်လုံးကို တကယ်ချစ်တာကွ၊ ဟား ဟား"

"ဒါဆို မြရောင် အခု တခြားတစ်ယောက်နဲ့ လက်ထပ်မယ်ဆိုရင်လည်း ညို့ မတားဘူးပေါ့"





ညို့က မြရောင်ကို ဖျတ်ခနဲကြည့်ကာ ...

"ဘာလဲ ... မြရောင်က အိမ်ထောင်ပြုချင်ပြီလား ဟား ဟား"

"ဘယ်လိုမေးလိုက်တာလဲ ညို့ရယ်"

ညို့က ဘာမှဆက်မပြောဘဲ ဟက်ဟက်ပက်ပက် ရယ်နေသည်။ မြရောင် အရမ်းရှက်သွား၏။ မြရောင်ကပဲ ယောက်ျား လိုချင်လွန်းသလိုလို။ ညို့ရယ် ... ရှင် အစာနာကင်းမဲ့လွန်းတယ်၊ မြရောင် လိုချင်တဲ့အဖြေမရဘဲ အလျှောင်ခံလိုက်တာပဲ အဖတ်တင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြရောင် ကိုယ့်ဘာသာညစ်ပြီး အခန်းထဲခွေနေမိ၏။ ညို့နှင့်လည်း အဆက်သွယ်မလုပ်။ ညို့ကလည်း ဖုန်းမဆက်။

မောင်ဟိန်းက ခဏ ခဏ ဖုန်းတွေဆက်နေပေမယ့် မြရောင် မကိုင်ချင်၍ မကိုင်။

ဘွားကလည်း မြရောင်ကို စဉ်းစားခွင့်ပေးသည့်သဘောဖြင့် ဘာမှထပ်မမေးသေး။

ဖေဖေနှင့် မေမေ ဆိုတာကလည်း မြရောင်နဲ့မနက်ပိုင်း ကော်ဖီဝိုင်းလောက်မှာပဲ ဆုံတာ။

ဖေဖေတို့ရွှေဆိုင်က တစ်နှစ်ပတ်လုံးမှာ သင်္ကြန်ရက်လောက်ပဲပိတ်ကာ ကျန်ရက်တွေက လုံးဝပိတ်ရက်မရှိသဖြင့် ဝန်ထမ်းတွေလောက်ပဲ အလှည့်ကျနားကာ ဖေဖေနဲ့မေမေက နေ့တိုင်းဆိုင်သွားသည်။





ဆိုင်က ညနေငါးနာရီ သိမ်းပါသည်။ သို့သော် ဖေဖေတို့ကတော့ အသိတွေ၊ မိတ်ဆွေတွေရဲ့ပွဲပေါင်းမြောက်မြားစွာတွေ တက်နေရတာနဲ့ တစ်ညနေမှကို မနားရ။

ဟိုလူကုမ္ပဏီနှစ်ပတ်လည်။ ဒီလူကုမ္ပဏီပရိုမိုးရှင်းပွဲ။ မွေးနေ့ဒင်နာပွဲ၊ မင်္ဂလာညစာစားပွဲဒင်နာ၊ ဘုရားကိုးဆူပွဲ စသဖြင့် မြောက်မြားလှစွာသော ခေါင်းစဉ်တွေအောက်မှာ တစ်ခါတစ်ရံ ပွဲတွေတောင် ထပ်နေသေးသည်။

တစ်ခါတလေလည်း ဖေဖေတို့က မင်္ဂလာပွဲတွေမှာ ပန်းကုံးစွပ်ပေးဖို့ တောင်းဆိုခံရ၊ လက်ထပ်လက်စွပ်ချီးမြှင့်ပေးရနှင့်။

မြရောင်ကတော့ ထိုပွဲတွေကို တစ်ခါမှ မလိုက်ပါ။

သိပ်ခမ်းခမ်းနားနား မနေတတ်တဲ့ မြရောင်ကို တချို့က ဖေဖေတို့သမီးမှန်းပင် မသိကြ။ လူရင်းတွေလောက်ပဲ မြရောင်ကို သိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မြရောင်က မေမေတို့နှင့် လက်ပွန်းတတီး မရှိဘူးလေ။

အဲဒါကြောင့် မြရောင် တစ်ယောက်တည်း လွတ်လပ်စွာ အခန်းအောင်းလို့ ရတာပေါ့။

"ဒေါက် ... ဒေါက် ... သမီးရေ၊ မေမေ ဝင်ခဲ့မယ်နော်"

ဟင် ထူးထူးဆန်းဆန်း ဒီနေ့ မေမေ ဆိုင်မသွား ဘူးလား မသိ။ မေမေက အိမ်နေရင်း အဝတ်အစားနဲ့ပဲ မြရောင့် အခန်းထဲ ဝင်လာ၏။

"မေမေ ဆိုင်မသွားဘူးလား"

"နေ့ခင်းမှသွားမယ် သမီး။ ခေါင်းနည်းနည်းကိုက်လို့နေ ခဲ့တာ"

"ဆေးသောက်ပြီးပြီလား မေမေ"

"သောက်ပြီးပြီ။ သမီး ဘာလုပ်နေတာလဲ၊ မေမေ့မှာလည်း ငါ့သမီးနဲ့ကို အေးဆေးမနေရဘူး၊ တစ်နေ့ တစ်နေ့ လူမှု ရေးတွေ၊ စီးပွားရေးတွေနဲ့ပဲ နပန်းလုံးနေရတယ်ကွယ်"





မြရောင်က ဘာမှမပြောဘဲ မေမေ့မျက်နှာကိုကြည့် နေမိသည်။

"သူများသားသမီးတွေရဲ့ မင်္ဂလာပွဲတွေကို သွားပြီးချီးမြှင့် ပေးရတိုင်း ငါ့သမီးလေးရဲ့အိမ်ထောင်ရေးကိစ္စကို သတိရ တယ်။ ဒါပေမဲ့ မေမေ့ထက်ပိုပြီးတော်တဲ့ ထက်တဲ့ သမီး ဘွားဘွားရှိတာနဲ့တင် မေမေ စိတ်အေးလက်အေးနေလို့ရ ခဲ့တယ်။ သမီးဘွားအတွက် သမီးလေးက တစ်ဦးတည်း သော မျိုးဆက်ကလေးဆိုတော့ ဘွားက သမီးလေးအတွက် စီစဉ်မှာပဲဆိုပြီး စိတ်အေးခဲ့တယ်"

မေမေက ပြောရင်း မြရောင်ကို အကဲခတ်နေသည်။ မြရောင်ရဲ့နှုတ်ခမ်းတွေကတော့ စကားလုံးမဲ့နေခဲ့သည်။ မြရောင် မှာ ဘာပြောစရာရှိမှာလဲ။

မေမေက မြရောင် ဆံပင်တွေကို သပ်ပေးရင်း ...

"သမီးဘွားဘွားက မမမိတို့သားလေး ဟိန်းကမ္ဘာကို သဘောကျတယ်ဆိုတော့ မေမေလည်း မျက်နှာလွှဲရကျိုး



www.burmeseclassic.com

www.burmeseclassic.com



နပ်ခဲ့တယ်။ မမမိတို့က တကယ့်ဆွေကြီးမျိုးကြီး ဂုဏ်
သရေရှိ အသိုင်းကြီးအဝိုင်းကြီးပဲလေ။ သူတို့မှာလည်း
သားလေးတစ်ယောက်ပဲရှိတာ။ ကောင်လေးကလည်း ရုပ်
မွန်ယဉ်ကျေးပြီး ပညာတတ်ကလေး။ အဲဒါထက် ပိုသဘော
ကျစရာကောင်းတာက အဲဒီကလေးက သမီးအပေါ် စိတ်
ရှည်သည်းခံပြီး အနွံအတာခံလွန်းတာပဲ”

တစ်နေ့ တစ်နေ့ အိမ်တောင်မကပ်နိုင်တဲ့ မေမေက
ဒါတွေ ဘယ်လိုသိသလဲ။ ကေနွ ဘွား နားသွင်းခိုင်းလိုက်တာပဲ
ဖြစ်ရမည်။

“သမီးကို မေမေ ပစ်မထားပါဘူးကွယ်။ မေမေ သမီးကို
အလွှတ်မဲ့ထားတာ မဟုတ်ပါဘူး။ အဲဒါကြောင့် သမီး
အကြောင်း မေမေအကုန်သိတယ်”

“ဟင် ... ဘာကိုပြောတာလဲ မေမေ”

“သမီးအကြောင်း သမီး ပိုသိမှာပေါ့။ သမီး မောင်ဟိန်း
ကမ္ဘာကို လက်မထပ်လိုတဲ့အကြောင်းအရင်းကို မေမေသိ



တယ်၊ ဒါပေမဲ့ သမီးဖေဖေနဲ့ သမီးအဘွားကို မေမေမပြော
ခဲ့ဘူး။ မေမေ မပြောပေမယ့် မေမေ့ထက်ပိုပြီး ခြေလှမ်း
ကျဲတဲ့ သမီးဘွားကလည်း ဒီကိစ္စကို သိမှာပဲ။ သိလို့လည်း
သမီးအဘွားက သမီးအိမ်ထောင်ရေးကိစ္စကို ထစီစဉ်တယ်
လို့ မေမေ ထင်တယ်”

“မေမေ ... မေမေ ဘာကို ...”

“အဟင်း ... သမီးကို မေမေ မွေးထားတာလေ သမီးရယ်၊
သမီးကောင်လေးကို သမီးမပိုင်ဘူးမို့လား။ မိသားစုရှေ့ကို
ဆွဲထုတ်မပြနိုင်တဲ့ ကောင်လေးတစ်ယောက်အတွက်နဲ့ ဘွား
ဆန္ဒကို သမီး ဘယ်လိုငြင်းဦးမလို့လဲ။ သေချာတာက
အဲဒီကောင်လေး သမီးကို ဘယ်တော့မှ ယူမှာမဟုတ်ဘူး
သမီး။ အေး ... သူက ယူမယ်ဆိုရင်လည်း မေမေတို့က
သဘောမတူဘူး။ အဲဒါ အဖေမပေါ်ဘဲ မွေးလာတဲ့သားမို့
လို့ သဘောမတူတာ မဟုတ်ဘူးနော်။ အဲဒီကောင်လေးရဲ့
ကာရိုက်တာကို သဘောမကျလို့ပဲ”

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ... မေမေက အကုန်သိနေတာပဲ။ သူ
တောင် ညို့အကြောင်းကို ညို့ပြောပြမှ သိတာပါ။ ဒီလောက်
သူမကို ညို့ နိုင်စားတာတွေလည်း မေမေတို့သိနေရောပေါ့။

သူမမှာ စကားလုံးမဲ့ပါ၏။ သားအမိချင်းတော
မေမေ့ရှေ့မှာ မျက်နှာငယ်သည်။ မေမေက သူမပခုံးလေးကိုဖ
ပြီး ...

"ထက်ပိုင်ထွဋ်ဟာ သမီးအတွက် ခင်ပွန်းကောင်းတ
ယောက် ဖြစ်လာမှာ မဟုတ်ဘူး သမီး"





မြရောင်သည် ပိုပြီးအကျဉ်းအကျပ်ထဲ ကျနေပြီ။
မေမေတောင် ညို့အကြောင်း သိနေရင် ဘွားဘွားလည်း သိလောက်
ပြီ။

သိထားတာတောင် ဘွားဘွားက တစ်ခွန်းမှမမေး။
သူမကိုလည်း တစက်ကလေးမှ မချုပ်ချယ်။ သူမ အပြင်သွားတာ
ကိုလည်း မကန့်သတ်။

သူမကို တစ်ချက်ကလေးတောင် မဆူမပြောဘဲ
မောင်ဟိန်းနဲ့ကိစ္စကို စီစဉ်တာပင်။

ဒီလိုအခြေအနေကြီးက မြရောင်အတွက် ပိုကြောက်
စရာကောင်းသည်။ ပိုပြီး ခေါင်းခဲရသည်။

ဒီလိုနဲ့ပဲ မြရောင် မောင်ဟိန်းကို လက်ခံလိုက်ရတော့
မှာလား။ ဟင့်အင်း။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမဆို ကိုယ်ချစ်တဲ့သူနဲ့ပဲ ဘဝတစ်ခု… တည်ဆောက်ချင်စမြဲပဲလေ။

ဒါပေမဲ့ သူမအဖြစ်က လက်တစ်ဖက်တည်း… လက်ခုပ်တီးဖို့ ကြိုးစားသူလို ဖြစ်နေပြီ။

မြရောင်ကသာ ညို့ကို မခွဲနိုင်လို့ ညို့နှိပ်စက်သမျှ… ပြီး၊ ညို့အနားမှာ နေချင်နေပေမယ့် ညို့ကတော့ …။

ညို့ … ညို့ …။ ညို့ကတော့ သိမှာမဟုတ်ဘူးနော်…

မြရောင်သည် ဝမ်းနည်းနာကျင်ကြေကွဲမှုတွေ ခံစား… ရတိုင်း မောင်ဟိန်းကို သတိရသည်။

မောင်ဟိန်းထံတွင် ရင်ဖွင့်လိုက်ရင် လူကပေါ့သွား… သည်။

သို့သော် သူမရဲ့ရင်ဖွင့်မှုအတွက် မောင်ဟိန်း ဘယ်… လိုခံစားရမလဲလို့တော့ သူမ ဘယ်တော့မှ မတွေးဖူးဘူး။

ခုလည်း မောင်ဟိန်းရဲ့ဖုန်းနံပါတ်ပေါ် လက်ရောက်… မိပြီ။





မောင်ဟိန်းကို သူမ ခံစားရသမျှတွေ ရင်ဖွင့်မိသည်။

ဒီပြဿနာကတော့ မောင်ဟိန်းလည်း မကူညီနိုင်ပါ။ မြရောင်ကို လက်ထပ်ပါလို့ ထက်ပိုင်ထွဋ်ကို သူ သွားတိုက်တွန်းလို့မှမရတာ။

ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးမှာ မြရောင်ဟာ သူ့ရင်ခွင်ထဲပဲ ရောက်လာမှာပါ။ ဒီလိုအခြေအနေဖြစ်အောင် သူ ဖန်တီးခဲ့တာပဲလေ။ ဒီရက်ပိုင်းမှာ မြရောင်ကို သူ အရင်ကထက်ပိုပြီး ဂရုစိုက်ရသည်။

"ဟုတ်ပြီလေ မြရောင်၊ အရမ်းစိတ်ညစ်နေရင် ကိုယ်ပျော်စရာကောင်းတဲ့ နေရာတစ်ခု ခေါ်သွားရမလား"

"ပျော်စရာကောင်းတဲ့နေရာ"

"မြရောင် အခု အဆင်သင့်ပြင်ထား၊ ကိုယ်လာခေါ်မယ်"

မောင်ဟိန်း စကားကြောင့် မြရောင် ရေထချိုးဖြစ်ကာ လွတ်လပ်ပေါ့ပါးမည့် ဂါဝန်လေးတစ်ထည်ဝတ်ကာ ပိုက်ဆံအိတ်နဲ့ ဖုန်းလေးယူပြီး မောင်ဟိန်း ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဟိန်းက ဘွားဆီ ခွင့်တောင်းကာ သူမ
အပြင်ခေါ်ထုတ်လာသည်။

မောင်ဟိန်းနေရာမှာ ညို့ဆိုရင် ဘယ်လောက်ကော
မလဲကွယ်။

မောင်ဟိန်းက သူမကို ပြည်သူ့ရင်ပြင် ကစားကွင်း
ကို ခေါ်သွားတာပဲ။

"ကဲ … ဒီမှာ လက်မှတ်တွေ ဖြတ်ထားတယ်၊ ဘာစီးမလဲ
ကြိုက်တာစီး"

"ဟယ် … မစီးရဲဘူး"

"စီးကြည့်စမ်းပါ။ မင်းရဲ့ညို့ကို မင်းနား ခေါ်မလာပေးနိုင်
ပေမယ့် မင်းစိတ်ထဲကနေ သူ ခဏလောက် ပျောက်သွား
အောင်တော့ လုပ်ပေးနိုင်ပါတယ်။ လာ … မိုးပျံရထား
အတူစီးကြည့်မယ်"

"မစီးရဲဘူး"

"စီးကြည့်ပါဆို"





"စီးဖူးတယ်၊ ခေါင်းအရမ်းမူးပြီး ထိုးအန်တာ၊ လုံးဝလက်
မခံနိုင်ဘူး"

"ဘာလဲ … ညို့နဲ့ စီးဘူးတာလား"

"ညို့ကမစီးပါဘူး။ မြရောင်ကိုပဲ အတင်းစီးခိုင်းတာ။
ပြီးတော့ မြရောင် ဖြစ်နေတာကိုကြည့်ပြီး ရယ်တာလေ"

"သြော် … တော်တော်ကောင်းတဲ့ရည်းစား။ မင်းတို့မိန်းမ
တွေကလေ အဲလိုရက်စက်တာကိုမှ ပိုစွဲလမ်းကြတယ်
ထင်တယ်နော်၊ စကားပုံတောင် ရှိတယ်၊ ဘာလဲ … အရိုး
ကွဲအောင်ရိုက်မှ အသည်းစွဲအောင် ချစ်တယ် ဆိုလား"

"မောင်ဟိန်းမှာ ညို့ကို ဝေဖန်ခွင့်မရှိဘူး"

"မင်းတော့ သွားပြီ မြရောင်။ ဟိုပုဂ္ဂိုလ်ရဲ့မှိုင်းအကြီးကြီး
ကို မိနေပြီ"

နောက်ဆုံးတော့ မြရောင် အင်မတန်နှစ်သက်တဲ့
တိုက်ကားရုံဘက် ရောက်သွားကာ မောင်ဟိန်း ဖြတ်ထားသမျှ
လက်မှတ်တွေနဲ့ တိုက်ကားတစ်ပတ်ပြီးတစ်ပတ်စီးပြီး မြင်မြင်သမျှ
လိုက်တိုက်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညှို့နဲ့ဆို ဘယ်တော့မှ တိုက်ကားမစီးရ။ မြရောင် တိုက်ကားစီးရတာ ကြိုက်မှန်းသိသဖြင့် ဘယ်တော့မှပေးမစီး။

ရက်စက်သူနဲ့ လိုက်လျောသူ။

ဒါပေမဲ့ ချိန်ခွင်လျှာက ဘာလို့တစ်ဖက်စောင်းနင်းကြီး ဖြစ်နေပါလိမ့်နော်။





မြရောင်တို့ ကစားလို့အားရတော့ မောင်ဟိန်းက မြရောင်ကို My Garden မှာ လိုက်ကျွေးသည်။

ချွေးတွေကို နာနတ်ဖျော်ရည် အေးအေးလေးနဲ့ သိပ်ပစ်လိုက်သည်။

စားစရာတွေ မှာထားတုန်း ဆိုင်ထဲကို ညှို့နဲ့မမကြီး တစ်ယောက် ဆိုင်ထဲဝင်လာ၏။

မြရောင်တို့က အလယ်ကစားပွဲမှာ ထိုင်နေတာမို့ ညှို့က မြရောင်ကို တွေ့သွားသည်။

ညှို့တို့က မြရောင်နဲ့ မျက်နှာချင်းဆိုင်စားပွဲမှာ နေရာယူသည်။

ပြီးတော့ တစ်ဖက်စားပွဲကနေ မြရောင်ကို စိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြရောင်မှာ မောင်ဟိန်းနဲ့ တွဲလာမိတာကို မလုံမလဲ ဖြစ်ရသည်။ မောင်ဟိန်းက သူ ကျွေးထားသော ထက်ပိုင်ထွင် တို့စားပွဲကို လည်ပင်းလိမ်ကြည့်ရင်း ...

"မြရောင် ... Test တစ်ခုလောက် လုပ်ရဲလား"

"ဘာလုပ်ရမလဲ"

"တစ်ခုခုပေါ့။ သူ သဝန်တိုအောင်လေ"

"မြရောင် မလုပ်ရဲဘူး မောင်ဟိန်း"

"စမ်းကြည့်ပါလား မြရောင်ရဲ့။ ဘယ်လိုပဲဖြစ်ဖြစ် ရလဒ် တစ်ခုခု ထွက်လာရင် အမြတ်ပဲပေါ့"

"ပိုဆိုးသွားမှာ ကြောက်တယ်"

"ခုရော ဘယ်လောက်ကောင်းနေလို့လဲ မြရောင်ရယ်"

မြရောင်သည် မောင်ဟိန်းပေးတဲ့အကြံကို လက်ခံ လိုက်သည်။ စားစရာတွေ တစ်ခုပြီးတစ်ခု လာချပေးသည်။

မောင်ဟိန်းက အာလူးကြော်တစ်ဖတ်ကို တူနဲ့ညှပ် အချဉ်တို့ပြီး သူမနှုတ်ခမ်းနား လာတေ့ပေးသည်။





"လှလှပပလေး စားပြလိုက်"

သူမ မောင်ဟိန်း ခိုင်းတဲ့အတိုင်း စားလိုက်သည်။

"မြရောင် မရှုံ့တတ်ရင် အအေးခွက် လဲသောက်ရအောင်"

မြရောင် ဘာလို့မငြင်းမိလဲ မသိဘူး။ မောင်ဟိန်းနဲ့ အအေးခွက် လဲသောက်ပြမိသည်။

ညို့က မခိုးမခန့်ပြုံးကာ သူနဲ့တွဲလာသော မမကြီး ရဲ့ဆံပင်လေးတွေကို ခပ်ဖွဖွကလေး သပ်ပေးပြီး မမကြီးမျက်နှာ ကို ရွှန်းရွှန်းစားစား စိုက်ကြည့်ကာ ပါးကိုတောင် ဖျစ်လိုက်သေး သည်။

ပြီးတော့ သူမတို့စားပွဲဆီ ထလာကာ ရေဖန်ခွက် ကို ကောက်ယူပြီး မြရောင် ခေါင်းပေါ်ကို တစ်ခွက်လုံးကုန် အောင် လောင်းချလိုက်၏။

"ဟာ ... ဟိတ်လူ ... ခင်ဗျား"

မောင်ဟိန်းက ရှုးရှားဖြစ်သွားကာ ညို့အင်္ကျီကို ဆောင့်ဆွဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုး ... မောင်ဟိန်း မလုပ်နဲ့နော်၊ မလုပ်ပါနဲ့"

မြရောင်က မောင်ဟိန်းကို အတင်းဆွဲထားရသည်။ ဆိုင်ထဲရှိ လူအားလုံးရဲ့ အကြည့်တွေကလည်း မြရောင်တို့ဆီမှာ။

"ကိုယ့်ကို ဘယ်တော့မှ အဲလိုမရွဲ့နဲ့ မြရောင်ချိုချို"

ညို့က ပြုံးပြုံးလေးပြောပြီး လှည့်ထွက်သွားကာ မမကြီးနဲ့အတူ ပြန်ထိုင်ပြီး အေးအေးဆေးဆေး စားသောက်နေသည်။

မြရောင်က ဒေါသကြီးနေသော မောင်ဟိန်းကို အတင်းဆွဲခေါ်ကာ ဆိုင်ထဲက ထွက်လာရတော့သည်။

"မောင်ဟိန်း ... မြရောင်ကို ကတိပေးစမ်းပါ။ သူက မောင်ဟိန်းကို ဘာမှလုပ်တာမဟုတ်ဘူး။ မြရောင်ကိုပဲ လုပ်တာ။ မောင်ဟိန်း သူနဲ့ဘယ်တော့မှ ရန်မဖြစ်ဘူးလို့ ကတိပေးပါ"

"မင်းကောင် နာမှာစိုးလို့လား"





"မြရောင်ကိုချစ်ရင် မြရောင် တောင်းတဲ့ကတိကိုပေးပါ မောင်ဟိန်းရယ်"

"မြရောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း ညို့နဲ့ မြရောင်ရဲ့ ဆက်ဆံရေးက အရင်အတိုင်းပါပဲ။ ဘာမှမပြောင်းလဲ။

My Garden မှာဖြစ်တဲ့ အဖြစ်အပျက်တွေလို ဘာမှအစမဖော်။

မောင်ဟိန်းမှာသာ အသည်းတွေယားကာ တနုံ့နုံ့ ဒေါသတွေ ထွက်နေသည်။

အဲဒီလိုတွေ မြင်ရလေလေ သူ မြရောင်ကိုပိုင်ဆိုင်ချင်လေပဲ။

သူ့ကိုယ်သူလည်း အံ့ဩသည်။ မြရောင်ချိုချိုကို ဘာလို့များ အဲလောက်ထိ ချစ်မိပါလိမ့်လို့။

တစ်ဖန် ပြန်စဉ်းစားမိတာက မြရောင်ချိုချိုလည်း သူ့လိုပဲ သူမချစ်သူကို ချစ်ရှာသည်ဟု၊ တကယ်ဆို သူရော မြရောင်ပါ ဝဋ်ကြွေးကြီးနေကြတာပါ။





မြရောင်လည်း ညို့နဲ့ ဘာပြဿနာမှ မတက်ပေမယ့် မေမေနဲ့ ရင်ဆိုင်ရပြန်သည်။

"သမီး ... ကြားရတဲ့သတင်းတွေက မကောင်းပါလားကွယ်။ My Graden မှာ ဘယ်လိုဖြစ်ကြတာလဲ။ ပြီးတော့ မောင်ဟိန်းကမှာ ရှေ့မှာဖြစ်တာ ဘယ်လောက်ရုပ်ဆိုးသလဲ"

မေမေ သိသွားပြန်ပြီ။ အေးလေ ... My Garden လိုနေရာမျိုးဆိုတာက မေမေတို့အသိုင်းအဝိုင်းက လူတွေပဲရှိတတ်သည့်နေရာမျိုးကို။

"ဒီသတင်းကို ဘယ်သူပြောတယ်ထင်လဲ မြရောင်၊ မမမိ ပြောတာ။ ငါလေ ကိုယ့်မျက်နှာကို ဓားနဲ့သာလှီးပစ်ချင်တယ်"

"အန်တီမိမိ ပြောတာ"

"မမမိ ကိုယ်တိုင် အဲဒီဆိုင်ထဲမှာ ရှိနေတာတဲ့။ ကဲ ... ဘယ်လောက်ရှက်ဖို့ ကောင်းသလဲ။ ဘယ်လောက် ရုပ်ပျက်သလဲ။ ဟမ်"



www.burmeseclassic.com

www.burmeseclassic.com



မြရောင်လည်း အရှမ်းရှက်သွားသည်။ မောင်ဟိ မိခင်ရှေ့မှာ ဒီအဖြစ်အပျက်ကြီးတော့ မဖြစ်ချင်ပါဘူး။

"စဉ်းစားပေါ့ သမီး။ ငါ့သမီး အဲဒီကောင်လေးကို ဘ တွေမက်နေလဲတော့ မေမေ မသိဘူး။ မေမေ့သမီးလေး ဒီလိုကောင်စားမျိုးလေးနဲ့ သဘောလုံးဝမတူဘူး။ သမီးသ သူနဲ့ယူရင် မေမေ့ကို အရင်သတ်သွား"

"အိုး ... မေမေ့"

"ဟုတ်တယ် မြရောင်ချိုချို၊ သမီးကို အဲဒီလောက် ကန့်ကွက်တယ်။ သမီး မောင်ဟိန်းကမ္ဘာကို လက်မထ ချင်ရင်နေ၊ အဲဒီကောင်လေးကလွဲရင် ဘယ်သူနဲ့မဆို သဘော တူတယ်"

မေမေ တော်တော်စိတ်ဆိုးနေပြီ။ တစ်ခါမှ ဒီလို ပြောဘူးပါ။ မြရောင်လည်း တော်တော်ရှက်သွားပါသည်။ အန်တီ မိမိ တွေ့သွားတာကတော့ ရုပ်ဆိုးလွန်းသည်။

မောင်ဟိန်းက အန်တီမိမိကို ပြန်မပြောဘူးဆိုတာ မြရောင် ယုံသည်။





အန်တီမိမိကိုယ်တိုင် တကယ်တွေ့သွားတာ ဖြစ်ရမည်။ လိုလိုလားလား ကမ်းလှမ်းထားတဲ့ ချွေးမလောင်းရဲ့ ရုပ်ပျက်ဆင်းပျက် အဖြစ်ကို မြင်သွားတဲ့ အန်တီမိမိ တစ်ယောက် ဘယ်လိုများ ထင်သွားမလဲ။

ပြီးတော့ မောင်ဟိန်းကိုလည်း မေးမှာပဲ။ ဒါပေမဲ့ မောင်ဟိန်းက သူမကို ဘာမှပြန်မပြောခဲ့။ မောင်ဟိန်း မိမိအပေါ် မေတ္တာထားပုံက မိမိ ညို့ကိုချစ်သလို ဖြစ်နေပြီ။

မြရောင်သည် ညို့ကိုချစ်ရတဲ့အတွက် ပထမဆုံးအနေနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိ ဖြစ်လာသည်။

ညို့ကို မြရောင် ရွေးချယ်ခဲ့မယ်ဆိုရင် အရာအားလုံးကို ဆုံးရှုံးရတော့မည်ထင်သည်။

ပထမဆုံး မြရောင် ပြန်သုံးသပ်ချင်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြရောင် ... ညို့နဲ့ မနက်ဖြန်တွေ့ချင်တယ်။ အရေးကြီးလို့ မဖြစ်မနေ မြရောင်ကို အချိန်ပေးပါ ညို့."

"မင်းဘာသာ အရေးကြီးတာ။ ငါက ဘာလုပ်ရမှာလဲ။ မနက်ဖြန် ကိုယ့်အချိန်ဇယားပြည့်နေတယ် မြရောင်ချိုချို ရဲ့."

"ညို့ကို မြရောင် ဘာမှမတောင်းဆိုဖူးဘူးနော်၊ ဒီတစ်ခါ တော့ တောင်းဆိုပါရစေ၊ မဖြစ်မနေ အချိန်ပေးပါ၊ မြရောင် ဘဝနဲ့ချီပြီး အရေးကြီး ..."

ညို့က မြရောင် စကားမဆုံးခင် ဖုန်းချပစ်သည်။ ဟင် ...။ မြရောင် ညို့ဖုန်းကို ချက်ချင်းပြန်ခေါ်လိုက်သည်။ လတ်တလောမှာ သူမ ညို့နဲ့ အမြန်ဆုံးတွေ့ခွင့်ရဖို့ အရေးကြီး သည်။





သူမရဲ့ဝေဝါးနေတဲ့ ဆုံးဖြတ်ချက်အတွက် ညို့နဲ့တွေ့ဖို့ လိုအပ်နေသည်။

သူမရဲ့ရှုပ်ထွေးနေတဲ့ စိတ်တွေကို ရှင်းပစ်ဖို့အတွက် ညို့ကိုတွေ့ရမှဖြစ်မည်။

သူမဖုန်းတွေ အဆက်မပြတ် ခေါ်လွန်းတော့ ညို့က ဖုန်းပိတ်သွားသည်။

ညို့ သူမကို တစ်စက်မှ မစာနာပါလား။ ညို့သည် သူမကို တမင်သက်သက် နှိပ်စက်ဖို့များ ချဉ်းကပ်ခဲ့သလားတောင် ထင်ရ၏။

သူမက ညို့ကို အများကြီး နားလည်ပေးခဲ့သလောက် ညို့ကတော့ ...။

သူမ တွေ့ခွင့်တောင်းလိုက်မှ ညို့နဲ့တစ်ပတ်လောက် တောင် အဆက်အသွယ် ပြတ်သွားသေးသည်။

တစ်ပတ်ပြည့်တဲ့နေ့ကျမှ ညို့ဆီက ဖုန်းရုတ်တရက် ဝင်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အခု ဘယ်မှာလဲ။ ကိုယ် ကန်ပေါင်က ထိုင်နေကျဆို[...] မှာရှိတယ်။ အခု လာခဲ့"

ညို့အသံကြားတာနဲ့ ညို့ကိုစိတ်ဆိုးဖို့မေ့ကာ ည[...] ရှိရာသို့ ဆေးကြိမ်လုံးနဲ့ တို့ခေါ်သလို အပြေးသွားမိသည်။

ညို့က အေးအေးလူလူပင် ဘီယာကို စိမ်ခံသော[...] နေသည်။

"ညို့"

"ထိုင်"

သူမ ဝင်ထိုင်တော့ ...

"ဘီယာသောက်မလား"

"မသောက်ပါဘူး။ မသောက်တတ်ဘူး"

"ဟက် ဟက် ... ဒီတစ်ခုတော့ ရှော်လိုက်ပါမယ်"

မြရောင်က အအေးတစ်ဘူးမှာကာ အအေးကို တစ[...] ကျိုက်မြန်မြန်မော့ပြီး လည်ချောင်းရှင်းလိုက်သည်။

ပြောစရာစကားတွေ ရှောရှောရှူရှူ ထွက်အောင်[...] လို့လေ။





"ညို့"

ညို့က မျက်ခုံးပင့်ကြည့်သည်။

"မြရောင်နဲ့ ညို့ကိစ္စ အိမ်ကလူကြီးတွေ သိသွားပြီ"

"သိတော့"

"လူကြီးတွေက မြရောင်ကို မောင်ဟိန်းနဲ့ သဘောတူထား ကြတာ"

"အဲဒီတော့"

"မြရောင် ဘာလုပ်ရမလဲ"

"လုပ်ချင်တာလုပ်လေ"

"ဟင့်အင်း ... မြရောင် မဆုံးဖြတ်တတ်ဘူး။ ညို့ပဲဆုံး ဖြတ်ပေးပါ"

"ဟား ဟား ... မြရောင်ချိုချိုက တော်တော်ရူးတာပဲ။ မင်းကိုသဘောမကျတာ အဲဒါတွေပဲ။ ကိုယ့်ဘဝကို ကိုယ် မဖန်တီးဘဲ သူများလက်ထဲ ဘာလို့လိုက်အပ်နေတာလဲ ... ဟမ်"



www.burmeseclassic.com

www.burmeseclassic.com



“ပြောရက်လိုက်တာ ညှို့ရယ်။ မြရောင်က ညှို့ကိုချစ်လွ လို့ ဦးစားပေးတာ။ မြရောင်ဘဝကို ဆုံးဖြတ်ခွင့်ပေးတာ

“ကျွတ် ... အဲဒီလုပ်ရပ်တွေက ဆွဲဆောင်မှုမရှိဘူး မြရော ချိုချို။ မက်လောက်တဲ့ အထာမဟုတ်ဘူးကွ”

“ညှို့ရယ်”

“as you like ပါကွာ။ ကြိုက်သလို လုပ်စမ်းပါ ဟုတ်ပြ လား။ တခြားယောကျ်ားတွေတော့ မသိပေမယ့် ကိုယ်က သူများတွေအတွက် ခေါင်းစားပေးရတာ ဝါသနာမပါဘူး မြရောင်ချိုချို”

“မြရောင် ဆုံးဖြတ်ရမှာက ညှို့နဲ့လည်း ဆိုင်နေတယ်လေ ညှို့ရယ်။ လက်ရှိမှာ မြရောင်က ညှို့ချစ်သူလေ။ ညှို့ချစ်သူ ကို အိမ်ကလူကြီးတွေ သဘောတူတဲ့သူ ရှိတာဟာ ညှို့နဲ့ မဆိုင်ဘူးလား”

“မြရောင်မှာ ကိုယ်ရှိတယ်။ လူကြီးတွေသဘောတူတဲ့သူ ရှိတယ်။ ရွေးစရာနှစ်ယောက် ဆိုပါတော့။ ဒါပေမဲ့ မြရောင်





ကြိုက်တဲ့သူကိုရွေးပေါ့၊ သူ့ကိုငြင်းငြင်း ကိုယ့်ကိုငြင်းငြင်း ဒါက မြရောင်ကိစ္စပဲလေ။ ကိုယ်က ဘာဆုံးဖြတ်ပေးရဦး မှာလဲ”

“ကောင်းပြီလေ၊ ဒါဆို မြရောင်က ညှို့ကို ရွေးလိုက်တယ် ဆိုရင်ရော”

“as u like ပါဆိုကွာ”

“မြရောင် တစ်ယောက်တည်း ဆုံးဖြတ်လို့မရတာ ညှို့ သိ ပါတယ်။ မြရောင် ညှို့ကို ရွေးလိုက်ပြီဆိုရင် ညှို့က မြရောင်ကို လက်ထပ်မှာလား”

“ဟုတ်ပြီ။ မြရောင် ဘယ်သူ့ကိုယူယူ ကိုယ်နဲ့မဆိုင်ဘူး။ ကိုယ် မြရောင်ကို လက်ထပ်မှာလား ဆိုတာကတော့ ကိုယ့်အပိုင်းပေါ့။ ဒါကလည်း မြရောင်ကို ကိုယ်ပြောခဲ့ဖူး ပါတယ်။ ကိုယ် ခုထိ မြရောင်ကို လက်ထပ်ဖို့ စိတ်ကူး မရှိဘူး။ ဒါပေမဲ့ တစ်နေ့နေ့မှာ လက်ထပ်ချင်စိတ်ပေါက် လာမလားဆိုတာ ကိုယ်မသိဘူး။ ကိုယ်က အတိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်တွေ သိပ်အုံးမစားတတ်ဘူး မြရောင်။ ပစ္စုပ္ပန်မှာ စိတ်ထဲရှိတဲ့အတိုင်းနေတယ်။ အဲဒါ ဘယ်အချိန်လာမေးမေး ကိုယ်ဖြေမယ့်စကားပဲ”

“ဒါဆို မြရောင် မောင်ဟိန်းကို လက်ခံလိုက်ရင်လည်းဖြစ်တယ်ပေါ့နော်”

“ဖြစ်လား မဖြစ်လား ဆိုတာ အခု ကိုယ်မသိသေးဘူးမြရောင်။ လောလောဆယ် မြရောင်က ကိုယ့်နားမှာ ရှိနေသေးတယ်လေ”





မြရောင် စိတ်တွေရှုပ်ထွေးနေသည်။ တစ်ယောက်ယောက်ကို ရင်ဖွင့်ချင်ပြန်သည်။ ဒါပေမဲ့ အဲဒီတစ်ယောက်ယောက်က မောင်ဟိန်း မဟုတ်သော တစ်ယောက်ယောက်ပါ။

မြရောင် နီလာ့ကိုခေါ်ပြီး ကော်ဖီရှော့ပ်တစ်ခုကို ထွက်လာခဲ့လိုက်သည်။

နီလာ့ကို ဖြစ်ပျက်သမျှ အကုန်ရင်ဖွင့်လိုက်၏။ ညို့နဲ့ မောင်ဟိန်းကြားက စိတ်ညစ်စရာ မှန်သမျှပေါ့။

နီလာက နားထောင်ရင်း အံ့ဩသည့်ရုပ် ပေါက်ပေါက်လာကာ မျက်လုံးက ပြူးပြူးလာ၏။

သူမစကားဆုံးတော့မှ ...

“ဟယ် ... ကိုထွန်းက အဲလောက်တောင်ဆိုးတယ်၊ ငါလေ နင်ပြောတာကို နားရှိလို့သာ ကြားရတယ်။ ဟုတ်ရဲ့လား



www.burmeseclassic.com

www.burmeseclassic.com



လို့တောင် သံသယဖြစ်မိတယ် တကယ်။ ကိုထွဋ်ဆိုတာ မိန်းကလေးတွေအပေါ်ဆို အရမ်းကို သဘောကောင်းတဲ့ သူပဲ။ သူ့ကို ပါးရိုက်သွားလည်း အပြုံးမပျက်ဘူး။ ပက်ပက်စက်စက် ပြောသွားလည်း အေးဆေးပဲ။ ငါတောင် သူ့ရဲ့ အဲဒီစိတ်ကလေး၊ သည်းခံနိုင်စွမ်းလေးကို သဘောကျလို့ ခုထိ ဆက်တွဲဖြစ်နေတာ"

"ပုံပြင်မဟုတ်ဘူး နီလာရေ။ ငါ့ကိုဆို တကယ်ရက်စက်တာ။ သူကလည်း ပြောပါတယ်၊ ငါ့တစ်ယောက်တည်းကိုပဲ ဒီလိုလုပ်မိတာတဲ့"

"တကယ့် အံ့ဖွယ်ပါပဲဟယ်။ Discovery Channel က လာတာတွေတောင် ဒီလောက် စိတ်ဝင်စားဖို့ မကောင်းဘူး"

"ငါ ဘာလုပ်ရမလဲ နီလာ"

"နင်က ဘာလုပ်ချင်သေးလို့လဲ။ နင့်မှာ Choice မရှိဘူးလေ။ နင့်ဘွား သဘောတူပြီး နင့်အပေါ် ကောင်းတယ်ဆိုတဲ့ တစ်ယောက်ကိုပဲ လက်ထပ်ရမှာပေါ့။ ကိုထွဋ်က





နင့်အပေါ်လည်း မကောင်းဘူး။ နင့်အိမ်ကလည်း သဘောမတူဘူးလေ"

"ဒါပေမဲ့ ငါ သူ့ကို ချစ်တယ် နီလာ"

"သူက နင့်ကို လက်ထပ်ဖို့မှ မပြောတာ၊ မိန်းကလေးတစ်ယောက်ရဲ့အချစ်က အိမ်ထောင်တစ်ခု ထူထောင်ဖို့အတွက် အသုံးမဝင်ဘူးဟ။ မိန်းကလေးဘက်က ဘယ်လောက်ချစ်ချစ် ယောကျ်ားလေးက ကမ်းလှမ်းမှ လက်ထပ်လို့ရမှာလေ"

"ဖြစ်နိုင်ရင် ငါ ဘယ်တော့မှ အိမ်ထောင်မပြုချင်တော့ဘူးဟာ"

"ဘာလဲ ... နင်က ကိုထွဋ်ရဲ့အနာဂတ်ကို စောင့်ချင်လို့လား"

"ဖြစ်နိုင်ရင်ပေါ့"

"ရူးပါ့ဟာ၊ ဒီမှာ မြရောင်။ ငါက ကိုထွဋ်နဲ့ အဆင်ပြေတယ်နော်။ သူ့အပေါ် ငါ နားလည်ပေးသလို ငါ့အပေါ်



www.burmeseclassic.com

www.burmeseclassic.com



လည်း သူက ကောင်းကောင်းဆက်ဆံတယ်။ ပြီးတော့ သူ့ဘက်ကို မသိပေမယ့် ငါ သူ့ကို တကယ်ချစ်တယ်ဆိုတာ နင် သိပါတယ်။ ဒါပေမဲ့ ငါ သူ့ကို ဘယ်တော့မှ လက်မထပ်ဘူး မြရောင်။ ငါ့ကို လက်ထပ်ချင်လှပါချည်ရဲ့လို့ ဒူးထောက်တောင်းပန်ရင်တောင် ငါ သူ့လိုလူကို လက်မထပ်ရဲဘူး"

"ဟင်"

"အဲဒါကြောင့် နင့်ကို ရူးတယ်လို့ပြောတာပေါ့။ အချစ်ကို ဘယ်ဘက်ရင်အုံထဲမှာ သိမ်းထားလိုက်စမ်းပါဟာ။ တကယ်တော့ အချစ်ဆိုတာလေးက ဘဝကြီးနဲ့ယှဉ်လိုက်ရင် ပါးပါးလေးပါဟာ။ ပြီးတော့ အဲဒီအချစ်ဆိုတာကလေ ဘဝအတွက် ဘာမှသုံးလို့ရတဲ့အရာ မဟုတ်ဘူး"

"နီလာ"

"နင် ဟိုသီချင်း ကြားဖူးလား။ တိတ်တိတ်ကလေးပဲ ချစ်သွားမယ်တဲ့။ အဲလိုပေါ့ဟာ။ အချစ်ကို တိတ်တိတ်ကလေး





ချစ်သွားလို့ရပေမယ့် ဘဝကိုတော့ လူမသိ သူမသိ တိတ်တိတ်ကလေး လျှောက်လှမ်းလို့ မရဘူးဟ"

"ငါ မောင်ဟိန်းကို လက်မထပ်ချင်ဘူး"

"ဒါကတော့ နင့်သဘောလေ။ ဒါပေမဲ့ ကိုထွန်းကို စောင့်မယ်ဆိုရင်တော့ ငါအားမပေးဘူး။ ကိုထွန်းကြောင့် နင့်အပေါ် ကောင်းတဲ့လူတစ်ယောက်ကို လက်လွှတ်လိုက်ရမှာမျိုးလည်း မဖြစ်စေချင်ဘူး။ နင်•အဲဒီလူကို တကယ်သဘောမကျဘူး ဆိုရင်တော့ တစ်မျိုးပေါ့။ ငါသာ နင့်နေရာမှာဆို အဲဒီလူကို လက်ခံပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ မင်္ဂလာပွဲ ဆင်နွှဲပစ်မှာ"

"ဟုတ်တယ် နီလာ၊ ငါက မိုက်မဲတဲ့ ငတုံးမပါဟာ။ သိသိကြီးနဲ့မိုက်တဲ့ အမိုက်မပါ"

"သူငယ်ချင်း ကိုထွန်းနဲ့ ပတ်သက်ရင်တော့ စိတ်လျှော့လိုက်ပါတော့ဟာ။ နင့်ကို ဒီလောက်တောင် တန်ဖိုးမထားဘဲ ရက်စက်နေတာ။ ပြီးတော့ နင့်ဘက်မှာလည်း တကယ်



www.burmeseclassic.com

www.burmeseclassic.com



ကို ကောင်းမွန်သင့်မြတ်တဲ့ သတို့သားလောင်း ရှိနေပြီပဲ။ အစားထိုးကြည့်လိုက်ပါလားဟာ ... ဟမ်”

ဘယ်သူ့ကိုပဲ ရင်ဖွင့်တိုင်ပင်ပါစေ။ ဒီအဖြေပဲထွက်မှာပါ။ အိုလေ ... သူမကိုယ်တိုင်လည်း ဒီလိုပဲ ဖြစ်သင့်တာကို သိသိကြီးနဲ့ ...။





နီလာသည် မြရောင်ဆီက ကြားရတဲ့စကားတွေကို အံ့သြပြီးရင်း အံ့သြကာ ကိုထွဋ်ကို တွေ့ချင်လာသည်။

မြရောင်သည် ဘယ်လိုလူလဲဆိုတာ ပေါင်းတာကြာပြီဖြစ်တဲ့ သူငယ်ချင်းမို့ သူမ ကောင်းကောင်းသိပါသည်။ သို့သော် မြရောင်ပြောသော ထက်ပိုင်ထွဋ်ရဲ့ ကာရိုက်တာတွေကလည်း သူမအတွက်တော့ အသစ်တွေ ဖြစ်နေသည်။

သူမ သိထားသော ထက်ပိုင်ထွဋ်ဆိုတာ လွတ်လပ်ပေါ့ပါးပျော်ရွှင်စွာ နေတတ်ပြီး မိန်းကလေးတွေကို ထိခိုက်နစ်နာအောင် မပြုတတ်သူပါ။ ယုတ်စွအဆုံး ရည်းစားတွေသာ ထည်လဲတွဲတာ။ မိန်းကလေးတစ်ယောက် ထိခိုက်နစ်နာလောက်တဲ့အထိ အသားယူ အခွင့်အရေးယူမှုများ မပြုလုပ်တတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း သူမတို့လို နားလည်မှုနဲ့တွဲတဲ့ ရည်းစားတွေ အများကြီး ဖြစ်နေတာပေါ့။

ထက်ပိုင်ထွဋ်ရဲ့ရည်းစားတွေတိုင်းက ထက်ပိုင်ထွဋ် ကို သဘောပေါက်ကြသည်။ ထက်ပိုင်ထွဋ်လို လူမျိုးက ချုပ်ကိုင် လို့မရဘူးဆိုတာကို နားလည်ကြသည်။

မြရောင် တစ်ယောက်သာ ရှုးသွပ်နေတာ အပြစ် တော့ မပြောလိုပါဘူး။ ရည်းစားဦးအပေါ် အရူးအမူး ဖြစ်တတ် တာ သဘာဝပဲလေ။ မြရောင်လို ဖြူစင်ပြီး ကလေးဆန်သော မိန်းကလေးက ပိုဆိုးတာပေါ့။

ကိုထွဋ်ဆီ ဖုန်းခေါ်လိုက်သည်။

"ကိုထွဋ်ရေ ... ဘယ်မှာလဲ၊ နီလာ ကိုထွဋ်ကို တွေ့ချင်လို့"

"ခုတော့ မအားသေးဘူး နီလာ၊ ညနေဆိုရင်တော့ အချိန် ပေးလို့ရတယ်"

"ဘယ်နနာရီလဲ"

"သုံးနာရီလောက်ပေါ့"





"ဘယ်မှာ ဆုံမလဲ ကိုထွဋ်"

"ရတယ်၊ နီလာ အဆင်ပြေတဲ့ဆီပေါ့"

"စိမ်လန်းမှာပဲ စောင့်မယ်လေ"

"အိုခေ ...။ ကိုယ် သုံးနာရီ အရောက်လာမယ်"

ဘယ်သူနဲ့မဆို အချိန်တိကျတဲ့ ကိုထွဋ်က ဘာလို့ များ မြရောင်နဲ့ကျမှ အမြဲနောက်ကျတတ်တာပါလိမ့်။

တွေးကြည့်ရင် အံ့သြစရာတွေချည်းပင်။ နီလာက သုံးနာရီအတိ စိမ်းလန်းကို ရောက်အောင်သွားသည်။

ကိုထွဋ်ကားကလည်း နီလာနဲ့ တစ်ပြိုင်တည်းရောက် လာသည်။

အအေးကိုယ်စီမှာပြီး ...

"ကိုထွဋ်"

"ပြော နီလာလေး"

"မြရောင်ဆီက သတင်းတွေ ကြားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုင်ထွဋ်က နီလာ့ကိုမကြည့်ဘဲ ကန်ရေပြင်ဘက်ကို ငေးနေသည်။

"နီလာ မကြားဘူးတဲ့ အသစ်တွေ ကြားရတယ်။ ယုံတော့ မယုံနိုင်ဘူး။ ဒါပေမဲ့ မြရောင်အကြောင်းကို သိနေလို့သာ"

ထက်ပိုင်ထွဋ်က ခေါင်းညိတ်သည်။

"တကယ်ပဲလား ကိုထွဋ်။ သူ့အပေါ် ကိုထွဋ်ရဲ့ဆက်ဆံရေးက သူပြောတဲ့အတိုင်းပဲလား"

"ဟုတ်တယ်"

"ဟင်"

"ကိုထွဋ် သူ့ကို ဘာလို့ အဲလိုတွေ လုပ်မိမှန်းမသိဘူး။ သူ့ကိုမြင်တာနဲ့ နှိပ်စက်ချင်တယ်။ သူစိတ်ညစ်အောင်လုပ်ရမှ နေသာထိုင်သာရှိသလိုပဲ။ ကောင်းတော့ မကောင်းဘူးပေါ့ကွာ။ ဒါပေမဲ့ သူကလည်း ကိုယ်နှိပ်စက်သမျှ သည်းခံတယ်၊ အံ့ဩစရာပဲကွာ၊ တခြားတစ်ယောက်သာဆို ကိုယ့်ကို ဆယ်ခါပြန်တောင် ထားသွားလောက်ပြီ"





"သူက အဖြူထည်လေး ကိုထွဋ်ရဲ့။ ကိုထွဋ်နဲ့မှ ပထမဆုံး ယောကျ်ားလေးတွေနဲ့ သိကျွမ်းဖူးတယ်လို့ပဲ ပြောရမလား။ သူ့ကမ္ဘာမှာ သူက သူ့အဘွားတစ်ယောက်နဲ့ပဲ လက်ပွန်းတတီးရှိတာ။ မိဘတွေကလည်း စီးပွားရေးထဲ နစ်နေကြပြီး သူ့ကို ထင်သလောက် ဂရုစိုက်နိုင်ကြတာ မဟုတ်ဘူး။ နီလာတို့ကလွဲပြီး ယောကျ်ားလေးသူငယ်ချင်းလည်း မရှိဘူး။ အစ်ကို မောင်တွေလည်း မရှိဘူး။ ဒါကြောင့် တကယ် အရူးအမူး ခံစားနေရရှာတာပါ"

"ကိုယ် ဘာလုပ်ရမလဲ။ ကိုယ်ကလည်း သူ့ကွယ်ရာမှာဆို သူ့ကို သနားသလိုလိုနဲ့ သူ့ကိုတွေ့လိုက်ရင် နှိပ်စက်ချင်လာပြန်ရောကွာ"

"အခု သူ့အိမ်က သဘောတူထားတဲ့သူ ရှိတယ် ကိုထွဋ်"

"ကိုယ် ... သိပါတယ်။ သူ့လူက ဂဏန်းမြင့်မြင့်ထဲကပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုထွင့် အပြတ်ပြောပြီး လွှတ်ပေးလိုက်ပါ ကိုထွင့်ရယ်၊ သူ အဆင်ပြေပါစေ။ ကိုထွင့်လည်း သူ့ကို လက်ထပ်ချင်စိတ်မှ မရှိတာ"

"နီလာကတောင် ကိုယ့်ကို အဲလိုပြောနေပြီပေါ့နော်"

"ကိုထွင့်အတွက် တစ်ယောက်လျော့သွားလို့ ဘာမှမဖြစ်ဘူး။ မြရောင်က ဘဝနဲ့ချီတဲ့ ဆုံးဖြတ်ချက် ဖြစ်နေတယ်လေ။ မြရောင့် သနားပါတယ် ကိုထွင့်ရယ်"

"နီလာ ... နီလာရော ကိုယ့်ကို ဘယ်လို သဘောထားလဲ"

"အမှန်အတိုင်း ပြောမယ်နော်၊ ကိုထွင့်ကို နီလာ တကယ်ချစ်တယ်၊ ဒါပေမဲ့ ချစ်ရုံပဲချစ်တာ။ ဘယ်တော့မှ လက်ထပ်ဖို့ စိတ်ကူးမရှိဘူး"

"အဟက်"

"တကယ်ပြောတာ။ ကိုထွင့် ဒူးထောက်တောင်းပန်ရင်တောင် နီလာ ကိုထွင့်ကို မယူဘူး။ အဲလိုပဲ မြရောင်ကို





လည်း ကိုထွင့်နဲ့ သဘောမတူဘူး။ မတန်ဘူး။ ကိုထွင့်က မြရောင်နဲ့ ထိုက်တန်တဲ့ သတို့သားမဟုတ်ဘူး"

ထက်ပိုင်ထွင့်က နီလာ့ကို ဘာမှပြန်မပြော။ မြရောင်ကလွဲရင် ကျန်တဲ့ကောင်မလေးတွေ အကုန်လုံး သူ့ကိုပဲ အဲလိုပြောရဲဆိုရဲကြတယ်။ ဒါပေမဲ့ မြရောင်ကတော့ အမြဲ သူပြောသမျှ ခေါင်းတွင်တွင်ညိတ်ရင်း ...။

၆၀ ဖန်ခါ၊ ဘုရှိုးပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဓမ္မဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညို့သည် မြရောင် ဖုန်းခေါ်တာကို မကိုင်ဘဲ ပ
ထားလိုက်မလို့ပင်။ သို့သော် နီလာ့စကားတွေကို ပြန်ကြားယော
ကာ နည်းနည်းအားနာသွားသဖြင့် ဖုန်းကို ကောက်ကိုင်လိုက်သည်

"ဟဲလို"

"ညို့"

"အင်း ... ပြော မြရောင်ချိုချို"

"မြရောင် တစ်ခုခုကို မဖြစ်မနေ ဆုံးဖြတ်ရတော့မယ်
ညို့။ မြရောင်အဘွားက မြရောင်ရဲ့မင်္ဂလာပွဲကို မဖြစ်မနေ
စီစဉ်ဖို့ လုပ်နေပြီ"

"အဲဒီတော့ ..."

"မြရောင် ညို့ကို တကယ်လေးလေးနက်နက် ချစ်ခဲ့တာ
ပါ။ ညို့ မြရောင်ကို နည်းနည်းကလေးငဲ့ပြီး ညို့သဘော





ထားလေးကို ပြောပြပါလားဟင်၊ ညို့ မြရောင်ကို တကယ် မချစ်ခဲ့ဘူးလား။ ညို့ မြရောင်ကို နည်းနည်းလေးတောင် ခံစားလို့မရခဲ့ဘူးလား"

"မင်္ဂလာပွဲစီစဉ်နေပြီဆို။ ဘာတွေ လာမေးနေသေးတာလဲ"

"အဲဒီ စီစဉ်မှုတွေမှာ မြရောင်ရဲ့ဆုံးဖြတ်ချက်တွေ၊ မြရောင်ရဲ့ဆန္ဒတွေ မပါသေးဘူးလေ ညို့ရဲ့။ ပြောပါ ညို့ရယ်၊ မြရောင်ကို ဘယ်အတိုင်းအတာထိ သဘောထားလဲ"

"မြရောင်ချိုချို ကိုယ့်သဘောထားကို ဘယ်နှခါပြောရမလဲ၊ ကိုယ် မင်းကိုချစ်တယ်၊ ကျန်တဲ့သူတွေကိုလည်း ချစ်တယ်၊ ဒါပေမဲ့ ခုချိန်မှာ ကိုယ်လက်ထပ်ချင်စိတ် မရှိသေးပါဘူး။ ဘယ်သူ့ကိုမှ လက်မထပ်ချင်ဘူး။ တစ်ချိန်မှာ ဘယ်သူ့ကို လက်ထပ်ဖြစ်မလဲဆိုတာလည်း ကိုယ်မသိသေးဘူး"

"တကယ်ဆို ညို့ အဲဒီလို မပြောသင့်ဘူး၊ ဘာလို့လဲ သိလား ညို့။ ညို့ရဲ့မိခင်ဟာ ယောကျ်ားတစ်ယောက်ရဲ့ဘယ်ဘဝမှာ နေခဲ့ရသလဲ။ ညို့က ဘယ်လိုမွေးဖွားကြီးပြင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရသလဲ။ ဟင်း ဟင်း ... ဒါပေမဲ့ ညို့က ဘမျိုးဘိုးတူပဲ။ သားကိုလိုချင် အဖေကိုကြည့်ဆိုတဲ့ စကားပုံကို ဒီတ်အောက်တယ် မမှန်ဘူးလို့ ထင်ခဲ့တဲ့ ကျွန်မတောင် အဲဒီစကားလုံးရှေ့မှာ ဒူးထောက်ရတော့မယ်ထင်တယ်၊ ကောင်းပြီလေ၊ ကျွန်မ ဘွားဘွား စီစဉ်တဲ့အတိုင်း လက်ခံပြီး မောင်ဟိန်းကို လက်ထပ်လိုက်ပါ့မယ်။ ညို့ ... ရှင်လည်း ရှင့်ကိုယ်ရှင် ဘမျိုးဘိုးတူ ချိုကလေးနဲ့ ဖြစ်နေတာကို သေချာပြန်ဆန်းစစ်ကြည့်လိုက်ပါဦး”

ပြောပြီးတာနဲ့ မြရောင်က ဖုန်းချသွားသည်။ ထက်ပိုင်ထွန်းမှာ အံ့သြလွန်းသဖြင့် ဘာမှတောင် ပြန်မပြောနိုင်ခဲ့။

ရေခဲတုံးက ရုတ်တရက် မီးထတောက်လိုက်သလားထင်ရသည်။ သူ့ကို တကတ်ကတ်နဲ့ ပြောသွားတာ မြရောင်ချိုချိုမှ ဟုတ်ရဲ့လားလို့တောင် ထင်ရသည်။

နေပါဦး ... ဘမျိုးဘတူတဲ့။ သူ ဒီစကားကို တော်တော်စက်ဆုပ်ပါသည်။





မတူချင်ပါဘူး။ သူ့ကိုမွေးခဲ့သောဖခင်နဲ့ သူ မတူချင်ပါ။ သူ ဘာတွေတူနေလို့လဲ။

သူ့ဖခင်လို မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက်ယူနေတာမှ မဟုတ်တာ။ ယူဖို့မပြောနဲ့။ အဲဒီမိန်းကလေးတွေကို ထိခိုက်နစ်နာအောင်တောင် ဘာမှမလုပ်ဘူး။ ဘာလို့ သူကဖခင်နဲ့ တူရမှာလဲ။

ပထမတော့ သူ့ကို ဒီလိုပြောသွားတာကို အံ့သြသည်။ နောက်တော့ သူမပြောသွားသည့် စကားတွေကို ခံစားပြီးနာကျင်သည်။

မြရောင်ချိုချိုသည် သိုးငယ်လေးတစ်ကောင်လို ငြိမ်ကုပ်နေရာကနေ သိုးမည်းတစ်ကောင်လို သူ့ရဲ့ပျော့ကွက်ကိုမှ နင်းသွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မြရောင်ချိုချိုနှင့် နောက်ဆုံး ဖုန်းပြောပြီးကတည်းက အဆက်အသွယ်မရတော့။

သူ ဖုန်းခေါ်တိုင်းလည်း ဘယ်တော့မှ ခေါ်မရ။

သူ့ဖုန်းနံပါတ်ကို **Black list** ထဲ သွင်းထားပြီထင်သည်။

သူသည် မြရောင်ချိုချိုနဲ့ ပတ်သက်လေတိုင်း အမြဲ နိုင်စားနေကျမို့ ခုလို အဆက်အသွယ်ဖြတ်သွားတာကို သည်းမခံနိုင်ဘဲ ဒေါသတွေ ထွက်နေခဲ့သည်။

ဖယောင်းရုပ်တစ်ရုပ်ကို လိုသလို ပုံသွင်းတိုင်း အံဝင်ခွင်ကျ ဖြစ်ခဲ့တဲ့ သူမက ရုတ်တရက်ကြီး ကျောက်စိုင်ကျောက်သားလို မာကျောပြောင်းလဲသွားတော့ သူ နေမထိထိုင်မသာ ဖြစ်နေသည်။





လူဆိုတာ လိုက်ရင်ပြေးတတ်သည့်သဘောရှိပြီး ပြေးတဲ့သူကိုလည်း လိုက်ချင်တာ သဘာဝပဲလေ။

အရင်ကဆို ရှိတယ်တောင် မထင်ခဲ့သော၊ တစ်ခါတလေ တစ်ပတ်တစ်ရက်၊ တစ်လနေလို့တောင် တစ်ရက်မတွေ့ဖြစ်သော မြရောင်ချိုချိုကို သူ အခု အချိန်တိုင်း စိတ်ရောက်နေမိသည်။

သူမဖုန်းကို ဆက်မရတိုင်း ဒေါသတွေနဲ့ နပန်းလုံးနေမိသည်။

သူမအိမ်က သူနဲ့ သူမအကြောင်း သိနေလောက်ပြီမို့ သူမအိမ်ကိုလည်း အရင်လို စွတ်ရွတ်မဝင်ရဲ။

သူမအိမ်နား သွားစောင့်တော့လည်း သူမကို မတွေ့ရနှင့် တော်တော်ကို နေမထိ၊ ထိုင်မသာပါ။

အဓိက,က သူမကို လွမ်းဆွတ်လွန်းလို့မဟုတ်။ သူမ ကိုယ့်ကိုစွန့်ခွာသွားတဲ့ ဘမျိုးဘိုးတူကိစ္စကို ရှင်းချင်တာ။

မလောက်လေး မလောက်စားလေးက တကတ်ကတ်နဲ့ ပြန်အာခံသွားတာကို ဒေါသထွက်တာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်နဲ့တစ်ကိုယ် ဘမျိုးဘိုးတူဆိုတဲ့စကားကို သူမနဲ့မှစပြီး အပြောခံရတာလေ။

တစိမ့်စိမ့်တွေးလေ သူမကို ဒေါသထွက်လေပဲ။ သူမကို ဒေါသထွက်လေ သူမနဲ့တွေ့ချင်လေ။ သူမနဲ့မတွေ့ရလေ သူမကို ဒေါသပိုထွက်လေနှင့် လုံးချာလည်နေသည်။

ခုရက်ပိုင်း တခြားကောင်မလေး အကုန်လုံးကို အဆက်အသွယ်ဖြတ်ကာ သူ့ဖုန်းကို ပိတ်ထားပြီး အိမ်ဖုန်းဖြင့် မြရောင် ဖုန်းကို ခေါ်ကြည့်လိုက်သည်။

သူ့ဖုန်းကို မြရောင်က Black list လုပ်ထားတာကိုး။

ထက်ပိုင်ထွဋ်သည် အိမ်ဖုန်းဖြင့် ဘယ်ကောင်မလေးကိုမှ မခေါ်ဘူးပါ။ ဘယ်ကောင်မလေးမှလဲ အိမ်ဖုန်းကိုမသိပါ။

ဧယားနောက်မှာစိုးလို့ အစဖျောက်ထားတာပင်။

ဒါပေမဲ့ မြရောင်ချိုချိုကိုတော့ ခေါ်ရပြီ။

ဖုန်းခလုတ်ကိုနှိပ်ရင်း ဘာလို့ ရင်တွေခုန်နေပါလိမ့်။





ဖုန်းဝင်သွားသည့် အသံကလည်း ဘာလို့ ဒီလောက် နားဝင်ချိုနေပါလိမ့်။

"ဟဲလို"

ထုံးစံအတိုင်း တိုပြတ်ပြတ် ဖုန်းထူးသံ။ မိန်းကလေး ရယ်လို့ ချိုအီသာယာတဲ့အသံမျိုး သူမဆီက တစ်ခါမှမကြားရ။

"ဟဲလို ... ဟဲလို"

သူ ဘာမှမပြောတော့ စိတ်မရှည်သံနှင့် ဟဲလိုကို နှစ်ခါဆင့်သည်။

"မြရောင်ချိုချို"

"ဟင်"

သူ့အသံကြားတာနှင့် ဖုန်းချသွားသည်။ သွားပြီ။ ဒီဖုန်းနဲ့ဆက်လည်း ကိုင်မှာမဟုတ်တော့။ နေပါဦး။ သင်းက ဘာလို့ ဒီလောက် [illegible]ကဲဆတ်နေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မြရောင်က ကြောက်နေတာပါ။ ရင်ထဲမှာ ခံစားရလွန်းလို့ ဒေါသတွေ ထွက်လာကာ ပြောမိပြောရာ ပြောလိုက်မိပြီးမှ ညို့ကို ရင်မဆိုင်ရဲ။

ငယ်ကြောက်ပုံစံ ဖြစ်နေသော မြရောင်ဟာ ခံစားချက်တွေ အပြည့်နဲ့ ပြောချလိုက်ပြီးမှ ပြောရင်း ပြောရင်း ကိုယ်ဘာတွေပြောနေမိလဲဆိုတာ ပြန်သတိရလာကာ ဖုန်းကိုအမြန်ချလိုက်ပြီး ...

အဲဒီကတည်းက ညို့ ပြန်ခေါ်မှာစိုးကာ ညို့ဖုန်းကို Black List လုပ်လိုက်တာပါ။

ခုတော့ ညို့က သူမ Black list လုပ်မှန်းသိကာ တခြားဖုန်းနဲ့ ခေါ်လာပြီ။

ညို့အသံကြီး ကြားလိုက်ရုံနှင့် လူက စိမ့်တက်လာကာ ဖုန်းကို အမြန်ပိတ်ပစ်လိုက်မိသည်။





ဒီရက်ပိုင်း ကြောက်လို့ အပြင်တောင်မထွက်ရဲ။ ညို့ကားက သူမတို့လမ်းထဲ ရစ်ဝဲနေတာကို ချောင်းကြည့်ပြီး ကျောစိမ့်နေသည်။

သို့သော် ညို့ အရင်တစ်ခါကလို အိမ်ကိုရောက်လာမှာလည်း ကြောက်မိပါသည်။

"ဒေါက် ... ဒေါက် ... မြေးရေ ... မြရောင်၊ အောက်မှာ မောင်ဟိန်း ရောက်နေတယ်ဟေ့"

"ဟုတ်ကဲ့ ဘွား၊ လာပါပြီ"

တကယ်တော့ ဘွားက မောင်ဟိန်းနဲ့ကိစ္စကို အတင်းအကျပ် စီစဉ်တာမျိုး မလုပ်ပါ။

သူမက ညို့များ လုပ်လုပ်ရှားရှား ဖြစ်လာမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ လိမ်ပြောလိုက်တာပင်။

ဘွားက ခေတ်မီသော အဘွားကြီးပါ။ သူ့မြေးကို မပိုင်ဘဲနဲ့ ဘယ်စီစဉ်မှာလဲ။ တစ်ခုခုဆို မိန်းကလေးရှင်က ပိုအရှက်ကွဲမှာလေ။



www.burmeseclassic.com

www.burmeseclassic.com



မြရောင် အိမ်နေရင်းဝတ်သော ချာလီဘောင်းဘီ

အပွလေးကို အပေါ်က ချည်သားဘလောက်စ်လက်ပြတ်ကလေး

နဲ့ တွဲဝတ်ရက်နှင့်ပင် ဆင်းလာ၏။

အမြဲစည်းနေကြဖြစ်သော ဆံပင်နှစ်ဖက် ခွဲစည်းတာ

တောင် မလုပ်မိခဲ့။ ပခုံးကျော်ရုံဆံပင်တွေက ဒီတိုင်းဝဲကျနေသည်။

ကြည့်လိုက်ရုံနှင့် မသပ်မရပ်ဖြစ်နေတာ သိသာသည်။

"ဟေး ... ဘယ်လိုပုံ ဖြစ်နေတာလဲ"

မြရောင်က ပြုံးစိစိနဲ့ ပခုံးတွန့်ပြကာ ...

"ဘာကိစ္စလဲ"

"ကိုယ် ပဲခူးဘက်သွားစရာရှိလို့ မြရောင်များ လိုက်ချင်

မလားလို့ လာခေါ်တာ။ စိတ်ပြေလက်ပျောက်ဖြစ်ဖြစ်

လိုက်ခဲ့ပါလား"

"မလိုက်တော့ပါဘူး မောင်ဟိန်းရယ်"

"လိုက်ခဲ့ပါ။ တစ်ယောက်တည်း သွားရမှာ ပျင်းလို့"





"အပြင်ထွက်လို့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

မြရောင်က သူမနဲ့ ညီ့ရဲ့ပြဿနာကို ပြောပြလိုက်

သည်။

"ဟား ... မိုက်တယ်ကွာ၊ ဘယ်ကသတ္တိတွေနဲ့ အဲလိုပြော

ချလိုက်တာလဲ"

"စိတ်တိုတိုနဲ့ ပြောလိုက်တာ၊ အခု အပြင်တောင်မထွက်

ရဲဘူး"

"ဖြစ်ရလေ။ ပျားအုံကို တုတ်နဲ့သွားထိုးပြီးမှ ပျားတုပ်ခံ

ရမှာ ကြောက်နေတာပါ။ ဒါပေမဲ့ မြရောင် အမြဲရှောင်နိုင်

တာမှ မဟုတ်တာ။ အခု ကိုယ်ပါတာပဲ။ လိုက်ခဲ့လိုက်

ပါကွာ"

"မထွက်ရဲသေးဘူး မောင်ဟိန်းရဲ့။ ကိုယ့်ဘာသာပဲ သွား

လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ခေါ်မရသဖြင့် မောင်ဟိန်း တစ်ယော
တည်း သွားရ၏။ မောင်ဟိန်းသည် မြရောင်၏ကလေးဆ
ကို တစိမ့်စိမ့်တွေးကာ သဘောကျနေသည်။





မြရောင် Massage ကိုဖတ်ပြီး တော်တော်လန့်သွား၏။ ဖုန်းကို တုန်တုန်ယင်ယင် နှိပ်နေသဖြင့် ဖုန်းခလုတ်တွေ အလွဲလွဲချော်နေ၏။

စိတ်ကိုတည်ငြိမ်အောင်ထားပြီး တစ်ခါထပ်နှိပ်ရသည်။ ဖုန်းဝင်သွားသံသည် မြရောင် နားဝမှာ ပြင်းအားမြင့်ဗုံးတစ်လုံး ပေါက်ကွဲသံအလား။

"ဟဲလို"

"အမယ်လေး"

စိတ်ထဲက လန့်နေတာကို ယောင်ပြီး ပါးစပ်ကထွက်သွားသည်။ ကြားဖူးသမျှ သူ့အသံ တွေထဲမှာ ဒီတစ်ခါကြားရတာ အလန့်ဆုံးပဲလေ။ အဲဒါကြောင့် လန့်ပြီးအော်မိတာ။ တစ်ဖက်က ထက်ပိုင်ထွဋ်တောင် ကြောင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြရောင်ချိုချိုလား"

"ဟုတ် … ဟုတ်တယ်"

"ငါ မင်းတို့လမ်းထိပ်မှာရှိတယ်၊ ခုထွက်ခဲ့"

"ဟို … ဟိုလေ … မြရောင် မအား …"

ညို့က စကားမဆုံးခင် ဖုန်းချသွား၏။ ဒုက္ခပါပဲ ရေချိုးပြီးသားမို့ တွေ့ရာဂါဝန်တစ်ထည် အမြန်လဲလိုက်သည် ပိုက်ဆံအိတ်ထဲ ပိုက်ဆံဖြည့်။ ဖုန်းနဲ့ ကားသော့ယူပြီး အပြင်ထွက် လာတော့ …

"ဘယ်လဲ မြေး"

"သြော် … စာအုပ်သွားဝယ်မလို့ အဘွား"

"မြန်မြန်သွား၊ မြန်မြန်ပြန်ခဲ့"

"ဟုတ်"

"သြော် … ကားကိုတော့ ဖြည်းဖြည်းပဲမောင်းနော်။ ဂရု စိုက်မောင်း"

"ဟုတ်ကဲ့ပါ"





ဘွားဆီက အစစ်အဆေးသံတွေ ထပ်မထွက်လာ ခင် မြရောင် အမြန်လစ်ခဲ့ရသည်။

လမ်းထိပ်မှာ ညို့ကားကို တွေ့ရသည်။

ညို့ကဖုန်းဖြင့် …

"စိမ်းလန်းကိုသွား"

သူမကတော့ ညို့စေရာအတိုင်း နာခံရုံပေါ့။ ညို့ မျက်နှာကြီးကို ခုထိမတွေ့ရသေး။ သူ့ကားထဲကနေ ဖုန်းလှမ်း ဆက်တာပဲ ရှိသေးသည်။

စိမ်းလန်း ရောက်တော့ ကားပါ့ခ်က တော်တော်နဲ့ မရဘဲ ကျပ်နေသည်။ မြရောင်ကတော့ ကားကျပ်နေတာကိုတောင် ဝမ်းသာနေသေး။

အချိန်ဆွဲလို့ ရလို့လေ။ ညို့ကားတောင် ပါ့ခ်တိုးပြီးပြီ။ မြရောင် ဝေလေလေ လုပ်နေလိုက်၏။

"ဒေါက် ဒေါက်"

"အမယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ညို့မျက်နှာကြီး ကားပြတင်းမှန်နား ကပ်ကာ ပေါ်လာသဖြင့် လန့်ပြီးကားဘရိတ်ကိုကို နင်းမိသွား၏။ ကားစက်လည်း အလိုလိုရပ်ပြီးသား။

"ဒေါက် ဒေါက် ဒေါက်"

အမယ်လေး ... ကားမှန်တော့ ကွဲတော့မှာပဲ။ မြရောင် မှန်အမြန်ချပေးလိုက်တော့ ...

"ဟိုဘက်မှာ လွှတ်နေတယ် မတွေ့ဘူးလား၊ မြန်မြန်ဝင်လိုက်"

"ဟုတ် ... ဟုတ်ကဲ့"

ကားပါ့ခ်ထိုးပြီး စိမ်းလန်းမှာထိုင်ကာ အအေးမှာသည်။

"နေပါဦး၊ မြရောင်ချိုချိုက ဘာလို့ ကိုယ့်ဖုန်းကို Black list လုပ်ထားရတာလဲ"

"မလုပ် ... မလုပ်ပါဘူး"





"ကိုယ့်ဒေါသကို ထပ်မဆွနဲ့နော်။ ကိုယ့်အသံကြားတာနဲ့ ဖုန်းချတာကရော ဘာသဘောလဲ"

"ဖုန်း ... ဖုန်းက သူ့ဘာသာကျသွား"

"ဘာ သူ့ဘာသာကျရမှာလဲ"

မြရောင် ခေါင်းမမော့ရဲ။ ညို့ဒေါသကြီးက ပြင်း အားသုံးရာခြောက်ဆယ်ဒီဂရီ ဖြစ်နေသည်။

"ပြီးတော့ ကိုယ့်ကိုများ ပြောဆိုသွားလိုက်တာ။ ဘမျိုးဘိုးတူ ဟုတ်လား"

"ဟို ... ဟို"

"ဒီမှာ မြရောင်ချိုချို၊ ကိုယ်က ရည်းစားများတာမှန်တယ်။ ဒါပေမဲ့ ဘယ်မိန်းကလေးအပေါ်မှာမှ ထိခိုက်နစ်နာအောင် မလုပ်ခဲ့ဘူး။ အလွန်ဆုံးအဆင့် လက်ကလေးကိုင်၊ ပခုံးလေးဖက်၊ ပါးလေးနမ်းရုံလောက်ပဲ။ ဒါပေမဲ့ အဲဒါကြီးကို တောင် အရသာခံပြီး လုပ်ခဲ့တာမျိုး မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ပန်းတိုင်းနမ်းတဲ့ လိပ်ပြာဆိုတာ သူတော်ကောင်းလို့ ပြောရမှာလား"

"ပြောသင့်ရင် ပြောရမှာပေါ့။ လိပ်ပြာဆိုတာ ဝတ်မှုန်ကူးတာပဲရှိတာ။ ပျားတွေ ပိတုန်းတွေကို မတရားဝတ်ရည်လိုက်စုပ်နေတာ မဟုတ်ဘူး"

မြရောင်က ခေါင်းငုံ့ထားရင်း နှုတ်ခမ်းမဲ့လိုက်သည်။ ကျလည်းကျလောက်ပါရဲ့။ စကားတတ်တိုင်း လျှောက်ပြောနေတာ။

"မြရောင်ချိုချို ပြောပါဦး၊ ကိုယ်က ဘာတွေများ ဘမျိုးဘိုးတူဖြစ်နေလို့လဲ။ ကိုယ့်အဖေကို ကိုယ်အရမ်းစိတ်နာတယ်။ ကိုယ့်အဖေနဲ့ကိုယ် မတူချင်လို့ ဒီနေ့ထိ ဘယ်မိန်းမနဲ့မှ လက်မထပ်ဘဲ ကင်းကင်းရှင်းရှင်းနေခဲ့တာကွ။ ဒါပေမဲ့ မြရောင်ချိုချိုက ကိုယ့်ကို ဘမျိုးဘိုးတူဖြစ်စေချင်တယ်ထင်တယ်။ ကောင်းပြီလေ ကိုယ် မြရောင်ချိုချိုကို လက်ထပ်မယ်"





"ဟင်"

"မြရောင်ချိုချို အခု မပြန်နဲ့တော့။ ကိုယ်နဲ့ တစ်ခါတည်းလိုက်ခဲ့တော့"

မြရောင် ဘာပြောရမှန်းမသိ။ သေချာတာက သူ့ရဲ့ လက်ထပ်ခွင့်တောင်းမှုအတွက် မြရောင် ဝမ်းသာအားရမရှိတာပါပဲ။ မြရောင်အတွက် အန္တရာယ်အငွေ့အသက်တွေ ရစ်သိုင်းလာသလိုတောင် ခံစားရသည်။

"မြရောင်ရဲ့ကားကို ဒီမှာပဲရစ်ခဲ့။ ကိုယ်တို့ စိတ်ချရတဲ့နေရာရောက်မှ မြရောင်ချိုချို အိမ်ကို ဖုန်းလှမ်းဆက်ပြီးလာယူခိုင်းလိုက်ပေါ့"

ဟင့်အင်း ...။ မြရောင် သူ့နောက်မလိုက်ချင်ဘူး။ မြရောင် ရင်ထဲမှာ အရမ်းကိုငြင်းဆန်နေပေမယ့် မြရောင်နှုတ်ဖျားကတော့ အာစေးမိနေသလို ဘာသံမှမထွက်နိုင်ခဲ့။ ညို့က အအေးဖိုးရှင်းနေပြီ။ မြရောင်ကို သူ ခေါ်သွားတော့မည်။

မြရောင်ဘေးကို အရိပ်တစ်ခု ကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... မြရောင်"

"ဟင် ... မောင်ဟိန်း"

ခုချိန်မှာ မောင်ဟိန်းကို တွေ့လိုက်ရတဲ့အတွက် မြရောင် ရင်ထဲ ဘယ်လိုဝမ်းသာမိမှန်းမသိ။ ကယ်တင်ရှင်ကြီး ရောက်လာသလိုလို။ ညို့မျက်နှာကတော့ စိတ်အနှောင့်အယှက် ဖြစ်သွားပုံရသည်။

"ဟာ ... တိုက်တိုက်ဆိုင်ဆိုင် လာဆုံတယ်ကွာ"

အမှန်တော့ မောင်ဟိန်းကို အဘွား လွှတ်လိုက်တာပါ။ အိမ်ထဲက အိမ်ပြင်မထွက်တဲ့ မြရောင်တစ်ယောက် ရုတ်တရက် အပြင်သွားမည်ဆိုတော့ စိတ်မချဘဲ ဘွားကားနဲ့ ဒရိုင်ဘာကို နောက်ယောင်ခံ လိုက်ခိုင်းလိုက်ပြီး မြရောင်တို့ စိမ်းလန်းမှာ ထိုင်နေသည်ဆိုတော့ မောင်ဟိန်းကို လွှတ်လိုက်တာပင်။ ဘွားက နှစ်ဆယ့်တစ်ရာစု ဘွားလေ။

ဘယ်ခြေလှမ်းရင် ဘယ်ရောက်တယ်ဆိုတာ ကွက်ကျော်မြင်ထားပြီးသား။ ထို့ကြောင့် မောင်ဟိန်းကို လွှတ်လိုက်တာပင်။





ညို့က စိတ်မရှည်ဟန်ဖြင့် ...

"မြရောင်ချိုချို ... သွားစို့"

မြရောင် ဘာပြောရမှန်းမသိ။ သေချာတာတော့ မြရောင် မလိုက်ချင်ဘူး။

"မြရောင်တို့ ဘယ်သွားမှာလဲ။ ကိုယ်ရော လိုက်ခဲ့လို့ရလား"

"ဒီမှာကိုယ့်လူ၊ သူများသမီးရည်းစားကြား ဝင်မရှုပ်နဲ့ကွာ"

"မြရောင်က ကိုယ့်သတို့သမီးလောင်းလည်း ဖြစ်နေသေးတယ် သူငယ်ချင်း"

"ဟား ... ကျွတ် ... မြရောင်ချိုချို ကိုယ် သိပ်စိတ်မရှည်တတ်ဘူးနော်"

"မြရောင် ကိုယ့်ကို အဘွားလွှတ်လိုက်တာ"

"ဟင်"

မောင်ဟိန်းရဲ့စကားက ပိုထိရောက်ပါ၏။ အဘွား လွှတ်လိုက်တာဆိုတော့ အဘွားက မြရောင် ဒီကိုလာတာသိနေ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ ဒုက္ခ။ မြရောင်က အဘွားကိုညာပြီး စာအုပ်ဝယ်မလို့လို ပြောလာတာ။

အဘွားက မြရောင်ကို တစ်ခွန်းမှမဆူ။ စစ်ဆေးမေး မြန်းခြင်းမရှိဘဲ မျက်လုံးဒေါက်ထောက် ကြည့်နေခဲ့ပုံပဲ။

"ညို့ ... မြရောင် အိမ်ပြန်တော့မယ်"

"မြရောင်ချိုချို"

မြရောင် သူတို့နှစ်ယောက်ရှေ့က ပြေးထွက်လာ ကာ ကားပေါ်တက်ပြီး မောင်းထွက်ခဲ့တာ့၏။

စာအုပ်သွားဝယ်မယ်ဆိုပြီး လက်ဗလာနှင့်ပြန်လာ သော မြရောင်ကို ဘွားက ဘာမှမပြောပါ။





ထက်ပိုင်ထွဋ်သည် မြရောင်ရဲ့အငြင်းကို ခံလိုက် ရသလို ခံစားရပြီး နေမထိ ထိုင်မသာပါ။

အမြဲ ခေါင်းညိတ်တတ်တဲ့ ပုတ်သင်ညိုမကလေး မြရောင်။ သူကသာ လက်ထပ်မည်ဆိုရင် အချိန်မရွေး ခေါင်းညိတ် မှာပဲလို့ အထင်သေးခဲ့တဲ့ မြရောင်။

မနေ့က ဟိုကောင်ရောက်လာလို့ပဲ ထထွက်သွား တာလားမသိ။ ဒါပေမဲ့ ခုထိ မြရောင်ဖုန်းကို ဆက်မရသေး။ ဖုန်း ပိတ်ထားသည်။

မြရောင်ချိုချို သူ့ကို လက်မထပ်ဘူးပေါ့။ အဲလို တွေးလိုက်မိတော့ သူက ပူစပ်ပူလောင်ဖြစ်ကာ ဒေါသတွေထွက် လာသည်။

နေမထိ ထိုင်မသာ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်တာလဲ။ အရင်ကောင်မလေးတွေတုန်းကလည်း ဒီလိုပဲ။ သူ့ကို စိတ်ပျက်ကာ လမ်းခွဲထွက်သွားခဲ့ကြဖူးတာပဲ။ မြရောင်ချိုချိုကျမှ ဘာလို့ဒေါသတွေထွက်ပြီး မခံနိုင်ဖြစ်နေတာလဲ။

မြရောင်ချိုချိုကို အရွဲ့တိုက်ပြီး လက်ထပ်ဖို့ဆုံးဖြတ်ခဲ့တာပါ။ ဒါပေမဲ့ သူမအသံလည်း မကြားရ။ သူမနဲ့လည်း အဆက်အသွယ် လုပ်မရတာကို သူ တော်တော်စိတ်တိုနေမိတာ ဘာကြောင့်လဲ။

သူမ ဟိုကောင်နဲ့ လက်ထပ်သွားမှာ စိုး၍လားဟား။

သူ မြရောင်ချိုချိုကို လက်လွှတ်ဆုံးရှုံးမခံနိုင်ပါလား။

မြရောင်ကို မစွန့်လွှတ်နိုင်ပါလား။

သူ့အားမှာ မြရောင်သာ မရှိတော့ရင် သူ့ရဲ့နေ့ရက်တွေ ရပ်တည်နိုင်ပါ့မလား။





သူ့အပေါ် မြရောင်လောက် နားလည်ပေးနိုင်တဲ့သူ မရှိ။ မြရောင်လောက် စိတ်ရှည်သည်းခံပြီး ချစ်နိုင်တဲ့သူ မရှိပါလား။

သူ့ဘဝကြီးက မြရောင် မရှိလို့ မဖြစ်တာကို သူ ကောင်းကောင်းကြီး သဘောပေါက်သွားတဲ့အချိန်မှာ သူ မြရောင်ကို တကယ်ချစ်မိနေပြီလား ဆိုတာကို ပြန်သုံးသပ်မိသည်။

ဒီမိန်းကလေးကိုမြင်တိုင်း အနိုင်ကျင့် နှိပ်စက်ချင်စိတ်တွေပဲရှိကာ ရက်ရက်စက်စက်တွေ လုပ်ခဲ့မိတာဟာ မုန်းလွန်းလို့တော့ မဟုတ်တာ သေချာ၏။

ဒါပေမဲ့ မိန်းမတစ်ယောက်ကို ချစ်မိရင် နှိပ်စက်ချင်စိတ် ပေါက်လာတတ်သလား။ မဖြစ်နိုင်။ ကိုယ်ချစ်တဲ့သူ စိတ်ညစ်၊ စိတ်ဆင်းရဲအောင် ဘယ်သူက နှိပ်စက်ရက်မလဲ။

ဒါဆို သူ မြရောင်ကို မချစ်ဘူးလား။

မြရောင်ကိုမချစ်ဘဲ သူ့အပေါ် ကောင်းလွန်းတဲ့ မြရောင်ကို အတ္တကြီးစွာနဲ့ မစွန့်လွှတ်နိုင်တာလား။



www.burmeseclassic.com

www.burmeseclassic.com



သူ အရမ်းလောဘတက်နေတာလား။ သူ့ကိုယ်သူ
ဝေခွဲမရတော့။

သူ မှတ်မိတာတစ်ခုတော့ ရှိသည်။ ဘယ်မိန်းက
လေးအိမ်ကိုမှ လိုက်မသွားဖူးတဲ့ သူ မြရောင်တို့အိမ်ကိုတော့
သွားခဲ့ဖူးသည်။

မြရောင် အဘွားကိုလည်း ထိပ်တိုက်တွေ့ဖူးခဲ့သည်
သို့သော် မြရောင် အဘွားသည် သူ့အပေါ် မနွေးထွေးခဲ့။ သူ
တာပေါ့။

ဂျစ်ကားအစုတ်ကလေးနဲ့သူက လူကြီးသူမတွေ
မျက်စိတွေ့လောက်စရာမှ မရှိတာ။

ဟိုကောင် မောင်ဟိန်းဆိုလား ဘာလား အဲဒီကောင်
ကတော့ နောက်ဆုံးပေါ်နံပါတ်နဲ့ ကားအကောင်းစားကြီးစီး
တော့လည်း မက်လောက်စရာပေါ့။

တကယ်ဆို သူ့အဖေက အဲဒီမောင်ဟိန်းရဲ့မိဘ
ထက်တောင် ချမ်းသာဦးမည်လေ။





သို့သော် သူကတော့ ခံစားခွင့်မရှိသည့် သား။

သူ့ကို လိုလားပုံမပြသော သူမအဘွားကြောင့်ပဲ
မြရောင်ကို သူ နိုပ်စက်မိသလားမသိ။

သူသာ အဖေ့ရဲ့တရားဝင်သားဆိုရင် မြရောင်အဘွား
ဘယ်လိုဆုံးဖြတ်မှာလဲ။

မြရောင်တို့အိမ်၊ မြရောင်စီးတဲ့ကားကို ကြည့်ရတာ
ပိုက်ဆံတော့ရှိပေမယ့် အရမ်းအလျှံကြီးတော့မဟုတ်။ ဒီတော့လည်း
ဟိုကောင် မောင်ဟိန်းက မက်လောက်စရာပေါ့လေ။

မခံချင်စိတ်ကြောင့်များ သူ မြရောင်ကို ပိုလိုချင်လေ
သလားမသိ။ သူ အရှုံးသမားမဖြစ်ချင်ဘူး။

သူ့အပေါ်ကောင်းတဲ့ မြရောင်ကို သူ့အတွက်
လောဘစိတ်နဲ့ လိုချင်နေတာလား ? ။

ဒါမှမဟုတ် ဟိုသူဌေးသားကို အရှုံးမပေးချင်လို့
သူ မြရောင်ကို သိမ်းပိုက်ချင်တာလား ? ။

သေချာတာကတော့ ဘယ်လိုမှ အဆုံးရှုံးမခံချင်
တော့တာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပဲ သူ့ဆီကို လာခဲလှစွာသော ဖုန်းတ[illegible] ဝင်လာခဲ့သည်။

မထင်သောဖုန်းမို့ ကိုင်ရမှာတောင် မေ့နေခဲ့သည်။ ဒုတိယတစ်ကြိမ် ထပ်ခေါ်မှ ကိုင်မိ၏။

"ဟဲလို"

"အေး ... မင်း အခု ဘယ်မှာလဲ"

"အိမ်မှာပါ"

"ဒါဆို ငါ့ရုံးခန်းကိုလာခဲ့။ အခုနော်။ ညနေဆို [illegible] ဗန်ကောက်သွားမှာမို့လို့"





အဖေ့အတွက် သူဟာ မတတ်သာလို့ အသိအမှတ်ပြုထားတဲ့သား။ လာဆိုလာ၊ သွားဆိုသွားရတဲ့သား။

သူ ဂျစ်တိုက်ပေါက်ကွဲဖို့ စဉ်းစားလိုက်တိုင်း မေမေ့စကားသံကို ကြားယောင်ကာ ...

"သားရယ် ... ရာဇကုမာရ်မင်းသားလည်း သားလိုပဲ မထင်မရှား မွေးခဲ့တာပါ။ ခမျာ သားဖြစ်ပြီး ထီးနန်းတောင် မရဘူး။ သမီးကမွေးတဲ့ ရင်ခွင်ပိုက်မြေးကို ထီးနန်းပေးပြီးမှ ရောက်လာတဲ့ သားမို့လို့ ဘာအခွင့်အရေးမှမရတဲ့ သား။ မစို့မပို့ အခြေအရံဥစ္စာလေးနဲ့ပဲ ကျေနပ်လိုက်ရပေမယ့် သူ့အဖေ ကျန်စစ်မင်းကြီးအပေါ် ဘယ်လောက် ကျေးဇူးသိခဲ့သလဲ။ သူ့မှာ ငါကသားပဲ၊ ငါ့ကို ထီးနန်းပေး



www.burmeseclassic.com

www.burmeseclassic.com



ရမှာပေါ့။ ငါ့ကိုကျော်ပြီး မြေးကိုပေးရသလားဆိုတဲ့စိတ် မထားခဲ့ဘူး သား။ မေမေ ဒီလောက်ပြောရင် သားသဘောပေါက်ပါတယ်။ ကိုယ့်ကိုပစ်ထား၊ ကိုယ့်ကိုအလိုမရှိဘဲ နှိပ်စက်ညှဉ်းပန်းနေရင်တောင်မှ အဖေဟာ အဖေပဲ သား ပစ်မှားလို့မရဘူး။ မွေးကျေးဇူးဆိုတာ မေမေတို့လို သာမန်ပုထုဇဉ်တွေအတွက် ဘယ်လိုနည်းနဲ့မှ ပြန်ဆပ်လို့ မကုန်နိုင်ဘူး သား ...

အခု သားအဖေက သားအပေါ် တာဝန်ကျေပါတယ်၊ သားအတွက် လိုလေသေးမရှိ ထောက်ပံ့တယ်။ တာဝန်ယူတယ်။ ထီးနန်းအမွေ မရရင်တောင် သားအဖေမေတ္တာကို ရသင့်သလောက် ရပါတယ် သားရယ်၊ အဲဒါကြောင့် အဖေ စိတ်ဆင်းရဲအောင် မလုပ်မိစေနဲ့။ သားပဲ ငရဲရမယ် နော်သား။ မေမေ့စကားကို မမေ့ပါနဲ့သားရယ် ... နော်"

မေမေ့ဆန္ဒတွေကြောင့် သူ အမြဲဖေဖေ့အပေါ် ပေါက်ကွဲခွင့်မသာခဲ့။





ထိုသို့မပေါက်ကွဲရတိုင်း သူ့ရင်ထဲမှာ နာကြင်ရပါသည်။

ဖေဖေ့ကို နာကျင်တာ မဟုတ်ပါ။ မိဖုရားခေါင်က မမွေးလာတဲ့ ကံကြမ္မာကိုလည်း အပြစ်မတင်ပါ။ သူ မေမေ့ကို ချစ်သည်။ မေမေ့သားပဲ ဖြစ်ချင်သည်။

ဒါပေမဲ့ ဒီအနေအထားကြီးကို သူ ရင်နာတာတော့ အမှန်။

ခံစားနာကျင်ခဲ့သမျှတွေကို ဘာလို့များ မြရောင် အပေါ် သွန်ချချင်မှန်းမသိ။

သူ့ဘဝမှန်၊ သူ့ဇာစ်မြစ်ကို ဘာလို့ မြရောင်ကိုဖွင့် ပြောမိမှန်းမသိ။

အခုလည်း သူ့ကားလေးက အဖေ့ကုမ္ပဏီရှေ့ကို ထိုးဆိုက်ရပြန်ပြီ။

အဖေသည် သူ့ကို ခေါ်ခဲ့ပါသည်။

သူကပဲ ကိစ္စရှိလို့ သွားခဲ့ရတာများသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ"လို့ တရင်းတနှီး မပတ်သက်ရဘူးလို့ အဖေပဲ ကန့်သတ်ခဲ့တာလေ။ အဖေ့မှာက သူ့လိုမထင်မရှား သားသမီး ဘယ်နှယောက်ရှိလဲ သူ မသိ။

သူ သိတာကတော့ အဖေ့ရဲ့တရားဝင်မယားကြီးက မွေးသော တရားဝင်သားသမီးတွေဆို အဖေ သည်းသည်းလှုပ်သည်။

တစ်ခါတလေ အဖေ့ဆီ သူ ရောက်နေတုန်း အဖေ့ သားသမီးတွေ ရောက်လာရင် သူ အဖေ့ကို အဖေလို့ခေါ်ခွင့်မရှိ သလို အဖေကိုယ်တိုင်လည်း သူ့ကို သူစိမ်းတစ်ယောက်လို ဆက်ဆံတတ်၏။

ဒါပေမဲ့ သူက နာကြည်းခွင့်မှ မရှိတာ။ အဲဒါ သူ့ အဖေ ဖြစ်နေလို့ သူ့မှာ နာခွင့်မရှိဘူးလေ။

ဒီတော့ သူ ပျော်သလိုနေသည်။ လေသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"ဦးပိုင်ထွဋ်နဲ့ပါ"

"appointment ယူထားပါလားရှင်"





"ဟုတ်ကဲ့။ သားထက်ပါ"

အဖေ့ကုမ္ပဏီကိုလာရင် သူ့နာမည် ထက်ပိုင်ထွဋ် ဆိုတာ ပြောခွင့်မရှိပါ။

အဖေ့နာမည် ပါနေလို့လေ။

အဖေ့အခန်းထဲရောက်တော့ ...

"လာ ... မင်းကို ငါပြောစရာရှိလို့ ခေါ်လိုက်တာ"

သူ အဖေ့ရှေ့က ထိုင်ခုံမှာ ဝင်ထိုင်ရုံရှိသေး ...

"မင်း ဘွားချိုရဲ့မြေးမလေးနဲ့ တွဲနေတယ်ဆို"

"ဘွားချို"

"ကောင်မလေးနာမည်က မြရောင်ချိုချို"

"ဩော်"

ဖေဖေ သူ့ကိစ္စတွေ စိတ်ဝင်စားသားပဲ။

"ပြောချင်တာက မြရောင်ချိုချို ဆိုတဲ့ ကောင်မလေးနား မှာ မင်းကို နောက်ထပ်မတွေ့ချင်တော့ဘူး"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဘာလို့လဲ ဖေဖေ"

"ဘာလို့လဲဆိုတော့ ဘွားချိုမြေး ဖြစ်နေလို့ပဲ။ ဘွားချို ဆိုတာက မြန်မာပြည်ရဲ့ နံပါတ်တစ်ဆယ်ဝင်နေတဲ့ သူဌေးမကြီး။ အသိုင်းကြီး ဝိုင်းကြီး။ မြရောင်ချိုချိုဆိုတာက ဘွားချိုရဲ့တစ်ဦးတည်းသောမျိုးဆက်။ မင်းနဲ့ ဘယ်လိုမှဖြစ်မှာ မဟုတ်ဘူး"

"ဗျာ ... ဘယ်လိုမဖြစ်တာလဲ ဖေဖေ။ ပြီးတော့ သူ့အဘွားက သူဌေးမကြီး။ အဲလောက် ချမ်းသာတယ်"

"ဟုတ်တယ် ချမ်းသာတယ်။ မင်းမသိဘူးလား။ ငါက မင်းသိလို့ လိုက်တယ်ထင်တာ"

"မသိဘူး ဖေဖေ"

"အေး ... သိလည်း မဖြစ်ဘူး။ မသိဘူးဆိုရင်လည်း နောက်သာဆုတ်လိုက်"

"ဘာလို့လဲ ဖေဖေ"





"ဟ ... ဘာလို့ရမလဲ၊ မင်းအဆင့်နဲ့ ကောင်မလေးအဆင့် ဘယ်လိုမှ ယှဉ်မရဘူး။ ပြီးတော့ မင်း သူ့ကိုယူရင်ရော ဘယ်မလဲ မင်းမိဘအသိုင်းအဝိုင်း၊ ငါ့ကို ဆွေမျိုးစပ်လို့ မရဘူးဆိုတာ မင်း ကောင်းကောင်းနားလည်မှာပါ။ ငါ မင်းကို အဖေနေရာကလွဲရင် အားလုံးတာဝန်ယူနိုင်တယ် လို့ ပြောပြီးသားနော်"

"ဖေဖေ"

"ငါ့စီးပွားရေးကိစ္စတွေနဲ့ ဘွားချိုကို အားကိုးနေရတဲ့ အပိုင်းတွေရှိသေးတယ်၊ မင်းသာ ငါနဲ့ပတ်သက်နေမှန်းသိ ရင် အကုန်ရှုပ်ကုန်မှာ"

ဖေဖေ့လို မဟာသူဌေးကြီးတစ်ယောက်ကတောင် မြရောင်အဘွားကို အားကိုးနေရသေးသတဲ့။

မြရောင်က အနေရိုးလို့ပဲလား မသိ။ အဲလောက် ချမ်းသာတယ်တောင် မထင်ရ။ ပြီးတော့ မြရောင်တို့က အဲလောက် ချမ်းသာရင် ဟို မောင်ဟိန်းဆိုတဲ့ လူထက်တောင် သာဦးမလား မသိ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူမအဘွားက သူ့လောက်ကို မျက်စိမကျတာပေါ့။

နေပါဦး။ သူမအဘွား မျက်စိမကျတာထားပါ။ ဖေဖေက ဘာလို့ထားရသလဲ၊ တကယ်ဆို ဖေဖေက ဝမ်းသာဖို့တောင် ကောင်းသေးသည်လေ။

ခုတော့ ...။

"မင်း သွားလို့ရပြီ"

"ဖေဖေ"

"ငါ လေဆိပ်ဆင်းရတော့မယ်"

"ဖေဖေ"

"ဩော် ... ပြောနေတာ နားမလည်ဘူးလား၊ ကဲ ... ပြော၊ ဘာလဲ"

"သူနဲ့သားကို ဘာလို့သဘောမတူတာလဲ"

"ဟ ... မင်း တယ်နားဝေးပါလား။ မင်းလိုသာမန်အဆင့်နဲ့ ဘွားချိုမြေးကို ယူလို့မဖြစ်သလို၊ မင်းကို ငါ့သားအနေ





နဲ့ ချပြဖို့ကလည်း မဖြစ်နိုင်ဘူး။ ဩော် ... ထပ်ပြောလိုက်ဦးမယ်။ အခု ဘွားချိုက သူ့မြေးကို ငါ့ရဲ့ပါတနာတစ်ယောက်သားနဲ့ သဘောတူထားတာ။ ကောင်လေးက စင်ကာပူမှာ ပညာသင်ပြီး ပြန်လာတာ မကြာသေးဘူး။ မင်းနဲ့ ဘယ်လိုမှယှဉ်မရဘူး။ ကိုယ့်အခြေအနေကို ကိုယ်သဘောပေါက်"

ရက်စက်လိုက်တဲ့ ဖေဖေ။ ဒီတစ်ခါတော့ ကျွန်တော် ဖေဖေ့စကားကို နားမထောင်နိုင်တော့ဘူး။

ဖေဖေ့ကို ရွဲ့ချင်လို့တော့ မဟုတ်ဘူး။ ကျွန်တော် မြရောင်ကို လက်လွှတ်ဆုံးရှုံး မခံနိုင်တော့လို့။ အဲဒါဟာ မြရောင် ချမ်းသာလို့မဟုတ်တာ သေချာတယ်။

သူ့အတွက် မရှိမဖြစ် လိုအပ်လို့ပါ။ ပြီးတော့ မြရောင်ဟာ သူ့အတွက် အရမ်းကိုမြင့်တဲ့ ပန်းတစ်ပွင့်ဖြစ်နေခဲ့တဲ့အခါ သူ မရလိုက်ရင်၊ သူ မြရောင်ကို ဆုံးရှုံးလိုက်ရရင် ဆိုတာကိုတွေးပြီး အရမ်းကိုကြောက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ်မှာ မြရောင်လောက် ချစ်နိုင်တဲ့သူ မရှိဘူးလေ။

အဲဒါကြောင့် ...

ပြီးတော့ ဖေဖေနဲ့ စကားပြောတဲ့ခဏမှာ သေချာသွားတာက သူ မြရောင်ကို ဆုံးရှုံးမခံနိုင်လောက်အောင် ချစ်နေပြီဆိုတာပဲ။

မြရောင်ဟာ သူ လာဆိုလာ၊ သွားဆိုသွားအဆင့် မဟုတ်မှန်း သိလိုက်ကတည်းက မြရောင်နားက ဝေးလွင့်ရမှာ ကြောက်သွားတာပါ မြရောင်။

မြရောင် ကိုယ်တိုင် သူ့ကို ပုန်းရှောင်နေပြီး လက်ထပ်ဖို့ ငြင်းဆန်နေခဲ့တာ။

ဖေဖေက မြရောင်နဲ့ သူ့ကို တားမြစ်နေခဲ့တာ။

မြရောင်ရဲ့ အသိုင်းဝိုင်းက သူ့ကိုမကြည်ဖြူခဲ့တာ။

အဲဒီအရာတွေရဲ့ ကန့်သတ်မှုတွေကို သူ အရမ်းကြောက်သွားပြီး ...





မြရောင်ကို မဖြစ်မနေလက်ထပ်တော့မည်ဟု ဆုံးဖြတ်လိုက်မိတော့တာ အချစ်ကြောင့်ပါပဲ။

အဲဒါကို မြရောင် ယုံပါ့မလားတောင်မသိ။



www.burmeseclassic.com

မြရောင်သည် ညှို့ကို တော်တော်ကြောက်သွားသည်။

ညှို့ထံတွင် မြရောင်အပေါ် အငြိုးအတေးတွေ၊ အာဃာတတွေပဲ ရှိနေသည်။

မြရောင်ကို အငြိုးတွေနဲ့ အရယူဖို့ပဲ စဉ်းစား၏။ မြရောင်ကို တန်ဖိုးမထားလွန်းစွာဖြင့် သူ့နောက်ကို လိုက်ခဲ့ဖို့ လွယ်လွယ်ခေါ်သည်။

မြရောင်သည် ခိုးရာလိုက်ရမည့် အဆင့်လား။ ခခေါ် ခလိုက်ရမည့် အတန်းအစားမျိုးလား။

မြရောင်အပေါ် ဘယ်လောက်ထိ ရက်စက်သလဲဆိုရင် ဘီယာဆိုင်မှာ သီချင်းဆိုဖို့ပါ ခိုင်းသည့်အထိပင်။





ညှို့ကို ယူလိုက်ရင် မြရောင်ဘဝမှာ ဘယ်လို ချောက်ကမ်းပါးမျိုးတွေနှင့် ကြုံရဦးမလဲ မသိနိုင်။

ယူပြီးမှ စက္ကန့်ရှိတိုင်း ဒူးနဲ့မျက်ရည်သုတ်နေရရင် မခက်ပါလား။

ပြန်ပြင်လို့မရတဲ့ အချိန်ကျမှ ဒုက္ခအိုးထဲနစ်နေရင် ဘယ်လိုလုပ်မလဲ။

ပြီးတော့ ညှို့ဆိုတာ ဘယ်လိုလူလဲ။ ညှို့အကြောင်း သူမ ဘာမှမသိ။ သူမသိတာ တစ်ကွက်တည်း။

အဲဒါက ညှို့ဟာ သူ့အဖေရဲ့ တိတ်တိတ်ပုန်းသား ဆိုတာရယ်။ အမေမရှိတော့ဘဲ အဘွားနဲ့နေတယ် ဆိုတာရယ်။ ဘာအလုပ်မှမရှိဘဲ အဖေ့လုပ်စာ ထိုင်စားပြီး လောကကြီးကို ကန့်လန့်ရွက်လွှင့်နေတယ် ဆိုတာရယ်လောက်ပဲ သိတာ။

အဖေထောက်ပံ့တာ လျှော်ဖြုန်းခံနေတဲ့ ၁၀၉/၁၁၀ တစ်ယောက်ကို သူမ ဘယ်လိုအားကိုးပြီး ဘယ်လိုယုံကြည်ချက်နဲ့ လက်ထပ်ရမှာလဲ။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



သချောတာက ညို့ကိုယူရင် အဘွားက အမွေဖြတ်မှာ၊ မေမေကလည်း အဘွားနဲ့ထပ်တူ။

မြရောင် ကိုယ်တိုင်လည်း အလုပ်မရှိ အကိုင်မရှိ။ ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်နိုင်၊ ကိုယ်စားဖို့ ထမင်းတောင် ကိုယ်အနပ်ညီအောင် မရှာတတ်သေး။

ဒီတော့ သူမ ညို့ကို ဘယ်လိုလက်ထပ်ရမှာလဲ။

ညို့ကို အားကိုးလို့မရ။ သူမကိုယ်သူမလည်း မရပ်တည်နိုင်မှတော့ ...

"မြေးရေး ... မြရောင်၊ မောင်ဟိန်း ရောက်နေတယ်၊ ဆင်းခဲ့ဦး"

မြရောင် ဖုန်းပိတ်ထားတာမို့ ညို့နဲ့ရော မောင်ဟိန်းနဲ့ပါ အဆက်အသွယ် ပြတ်နေတာပါ။

မောင်ဟိန်းက ...

"မြရောင် ခြံ[illegible]ဆင်းရအောင်"





ခြံထဲမှာထိုင်ရင်း ...

"မြရောင် ... ကိုယ့်ဆီကို ထက်ပိုင်ထွဋ် ရောက်လာတယ်"

"ဟင် ... မောင်ဟိန်းဆီ ဘာလာလုပ်တာလဲ။ သူ တစ်ခုခုများ ..."

"အင်း ... သူက မြရောင်ဆီ ဖုန်းဆက်လို့မရဘူး။ အဲဒါကြောင့် မြရောင်နဲ့တွေ့ချင်တယ်တဲ့။ အိမ်ကိုလည်း မလာချင်ဘူးတဲ့။ အဲဒီတော့ မြရောင်နဲ့ အဆက်အသွယ်လုပ်ပေးဖို့ ကိုယ့်ကိုလာပြောတာပဲ"

"မြရောင် သူနဲ့မတွေ့ချင်ဘူး"

"မတွေ့လို့လည်း မဖြစ်ဘူးလေ မြရောင်ရယ်။ တွေ့လိုက်ပြီး ပြောစရာရှိတာ ပြောလိုက်ပါလား"

"မြရောင် သူနဲ့ပတ်သက်ပြီး ဘာမှမဆုံးဖြတ်ရသေးဘူး မောင်ဟိန်းရဲ့။ မြရောင် ဘာလုပ်ရမလဲ မသိသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မြရောင်"

"ဟင်"

"ကိုယ် မြရောင်ကို စိတ်အနှောင့်အယှက် ပေးတာတော့ မဟုတ်ဘူးနော်။ ကိုယ် မြရောင်ကို တကယ်စိတ်ချမ်းသာစေချင်လို့ ပြောတာနော်။ ကိုယ့်ကို လက်မထပ်ရင်နေပါ။ သူ့ကိုတော့ မရွေးလိုက်ပါနဲ့။ မြရောင် တစ်သက်လုံးစိတ်ဆင်းရဲရလိမ့်မယ်"

ထိုစဉ်မှာပဲ မောင်ဟိန်းဖုန်းကို ထက်ပိုင်ထွဋ်က လှမ်းဆက်သည်။

"ဟိန်းကမ္ဘာ ... ခင်ဗျားနဲ့ မြရောင် ခြံထဲမှာ ထိုင်နေတာကို ကျွန်တော် တွေ့တယ်၊ ခင်ဗျား အခု သူ့ကိုခေါ်ခဲ့ပါ"

မောင်ဟိန်းက ညို့ကို ဘာမှပြန်မပြောသေးဘဲ ...

"သူ အပြင်မှာရောက်နေတယ် မြရောင်"

ခြံထောင့်နားမှာ သူ့ကားကို တွေ့ရသည်။





မြရောင် တဒင်္ဂအတွင်းမှာ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ကံကြမ္မာကိုပဲ မြရောင် ရွေးခိုင်းလိုက်တော့မယ်။

ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ကံကြမ္မာက ရွေးချယ်ပေးလိုက်တဲ့သူ့ကို မြရောင် လက်ထပ်မယ်။

"မြရောင် သူ့ကို သွားတွေ့မယ်။ မောင်ဟိန်းပါ လိုက်ခဲ့နော်။ ခဏစောင့်။ မြရောင် အဝတ်အစား သွားလဲလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မြရောင် ပြန်ဆင်းလာပြီး မောင်ဟိန်း ကားပေါ်တက်လိုက်သည်။

ပြီးမှ သတိရကာ ဘွားကိုနှုတ်ဆက်ဖို့ ပြန်ဆင်းလိုက်ပြီး အိမ်ထဲပြန်ဝင်ကာ ...

"ဘွား ... သမီး အပြင်ခဏ သွားလိုက်ဦးမယ်နော်"

ဘွားက မြရောင်ကို စိုက်ကြည့်နေခဲ့သည်။

"ဘွား"

"သွားလေ မြေး။ မြန်မြန်သွားပြီး မြန်မြန်ပြန်လာခဲ့"

ဘွားကို ဟုတ်ကဲ့လို့တောင် ပြန်မပြောနိုင်ပါဘူး။

အပြင်ပြန်ထွက်လာတော့ မှတ်မှတ်ရရ All Star အနီလေးစီးလိုက်တယ်၊ စကင်နီအနက်ကလေးကို တီရှပ်အနက်





ကလေးနဲ့ပဲ တွဲဝတ်ထားကာ ဘာလက်ဝတ်လက်စားမှ မပါဘဲ နားမှာ ဖန်စီနားကွင်းအနီလေး ဝတ်ထားရုံ။

ကားလည်းမပါဘူး။ မောင်ဟိန်း ကားနဲ့သွားမှာ။ ဖုန်းလည်း ထားခဲ့တယ်။

မြရောင်မှာ ပါ့တာဆိုလို့ အနီရောင်ကြိုးရှည် ဂျင်းလွယ်အိတ်ကလေးထဲမှာ မြရောင်မှာရှိသလောက် မုန့်ဖိုးပိုက်ဆံလေး သုံးသိန်းကျော်ရယ်၊ စာရွက်ကလေးတစ်ရွက်ရယ်ပဲပါ၏။

မောင်ဟိန်း ကားနဲ့ထွက်လာရင်း ခြံဝရောက်တော့ ငယ်စဉ်ကတည်းကနေခဲ့တဲ့ အိမ်ကြီးကို သမင်လည်ပြန် ငေးကြည့်မိသေးသည်။

မောင်ဟိန်းက မြရောင်ကို အကဲတခတ်ခတ်။

ကားကို ကန်တော်ကြီးကို မောင်းနိုင်းလိုက်၏။

နောက်မှ ညို့ကား ပါလာသည်။

ကန်ရေစပ်မှာ ကားလေးနှစ်စင်း ရှေ့ဆင့်နောက်ဆင့် ရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မြရောင် ကားပေါ်က ဆင်းလိုက်တာနဲ့ ညို့ကပြေးလာကာ မြရောင်လက်ကလေးကိုကိုင်ရင်း ...

"မြရောင်ချိုချို"

"ခဏလေး ညို့"

မြရောင်ကလက်ကိုဆွဲဖြုတ်လိုက်ပြီး ညို့နဲ့ မောင်ဟိန်းရဲ့အလယ်မှာ ဝင်ရပ်လိုက်သည်။

"မြရောင်ကို ဘာပြောချင်လို့လဲ ညို့"

"မြရောင် ... ကိုယ် မြရောင်ကို လက်ထပ်မယ်၊ ကိုယ့်နောက်လိုက်ခဲ့ပါ"

သူက မောင်ဟိန်းကို မမှုပဲ ပြောချလိုက်၏။ မြရောင် မျက်ခုံးပင့်သွားပြီး မောင်ဟိန်းကတော့ ...

"ဘာလို့ လိုက်ရမှာလဲ၊ မလိုက်ရဘူး"

မောင်ဟိန်း စကားကြောင့် ညို့က ရှုံ့ရှားဖြစ်သွားသည်။

"ခဏလေး ... ခဏလေး၊ မြရောင် ပြောပါရစေ"





သူတို့နှစ်ယောက်လုံး မြရောင်ကို ကြည့်နေကြ၏။ မြရောင်က အိတ်ထဲက စာရွက်ခေါက်ကလေးကိုထုတ်ပြီး လက်ထဲကျစ်ကျစ်ပါအောင် ဆုပ်ကုင်ထားလိုက်သည်။

"ညို့နဲ့ မောင်ဟိန်းတို့နှစ်ယောက်တည်းက တစ်ယောက်ယောက်နဲ့ မြရောင် လက်ထပ်မယ်၊ ဒါပေမဲ့ အဲဒီတစ်ယောက်ကို မြရောင်လည်း မရွေးဘူး"

သူတို့နှစ်ယောက်က မြရောင်ကို အံ့သြသလိုကြည့်နေကြသည်။

"ညို့နဲ့ မောင်ဟိန်းတို့ ကိုယ့်ဘာသာ ရွေးကြရမှာ"

မြရောင်က ပြောပြီးတော့ ဒူးထောက်ထိုင်ကာ သူမစီးလာသော All Star ဖိနပ်ကလေးကို ကြိုးတွေဖြေပြီး ချွတ်လိုက်သည်။

ဖိနပ်ကလေးနှစ်ဖက်လုံး မြက်ခင်းပေါ်မှာ။ မြရောင်က အနီးကကျောက်တုံးလေးပေါ်ထိုင်ပြီး ...

"မြရောင်ကို ဘယ်သူ ဖိနပ်စီးပေးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟင် …။ ယောကျ်ားနှစ်ယောက်လုံး မျက်နှာပျက်သွားသည်။ မြရောင်က လက်ထဲမှာကိုင်ထားတဲ့ စာရွက်ကလေးကို မြှောက်ပြပြီး …

"ဒီစာရွက်ထဲမှာ အဖြေတစ်ခုရှိတယ်။ တကယ်လို့ နှစ်ယောက်လုံးက စီးမပေးချင်ဘူး ဆိုရင်လည်း ရတယ်။ တစ်ယောက်က စီးပေးပြီး တစ်ယောက်က မစီးပေးဘူးဆိုရင်လည်း ရတယ်။ နှစ်ယောက်စလုံးက စီးပေးမယ်ဆိုရင်တော့ မရဘူး။ မဲနှိုက်ပြီး ပေါက်တဲ့လူကပဲ စီးပေးခွင့်ရှိမယ်။ အဲ … ပြီးရင်တော့ ဘယ်သူ့ကိုရွေးမလဲဆိုတဲ့အဖြေ ဒီစာရွက်ထဲမှာ ကြည့်လို့ရမယ်။ မြရောင် ဘက်မလိုက်ဘူး။ မြရောင်လည်း မရွေးဘူး။ မြရောင်ရဲ့ကံကြမ္မာကို ဒီစာရွက်ထဲ ထည့်ထားတယ်၊ ဘယ်လိုလဲ"

ယောကျ်ားနှစ်ယောက်လုံး မလှုပ်ကြ။

ညို့သည် ကိုယ့်ကို အမြဲဖိနပ်ကြိုးချည်ပေးတဲ့ မြရောင်က ဒီလိုလုပ်ခိုင်းတာကို မလုပ်ချင်။ အထူးသဖြင့် နှစ်ယောက်





တည်း ဆိုရင်တောင် လုပ်ပေးလိုက်ဦးမယ်။ မောင်ဟိန်း ရှေ့မှာမို့ ပိုပြီးမလုပ်ချင်တာပါ။

မောင်ဟိန်းသည် မြရောင်ရဲ့ဖိနပ်ကြိုးကို မကြာခဏ ချည်ပေးခဲ့ဖူးပါသည်။

သို့သော် အဲဒါက ချစ်လို့လုပ်ပေးတာဖြစ်ပြီး တခြားယောကျ်ားတစ်ယောက်နဲ့ ယှဉ်ပြိုင်အရွေးခံဖို့အတွက် မိန်းမတစ်ယောက်ကို ဖိနပ်ကြိုးချည်ပေးဖို့ကြတော့ …။

သူတို့သုံးယောက်ကြားမှာ စက္ကန့်တွေ၊ မိနစ်တွေ အများကြီး တိတ်ဆိတ်သွားကြသည်။

နောက်ဆုံး သည်းမခံနိုင်တော့တဲ့ မြရောင်ကပဲ …

"ကဲ … ရှင်တို့နှစ်ယောက် ဘာလုပ်မှာလဲ။ ရှင်တို့နှစ်ယောက်လုံး မလုပ်နိုင်ဘူးလို့ သတ်မှတ်လိုက်ရမလား"

ညို့က လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ …

"ကိုယ် စီးပေးမယ် မြရောင်ချိုချို"

"ကိုယ်ကတော့ စီးမပေးနိုင်ဘူး မြရောင်"



www.burmeseclassic.com

www.burmeseclassic.com



မောင်ဟိန်းက အံကိုတင်းတင်းကြိတ်ပြီး ခေါင်းခါသည်။ မြရောင်က ခေါင်းညိတ်ကာ ...

"မြရောင်က ဒီစာရွက်ထဲမှာ ရေးထားတာကို ရှင်တို့နှစ်ယောက် လက်ခံရမယ်နော်"

ပြောပြီး မြရောင်က ခြေထောက်ကလေးကို မြက်ခင်းရှေ့ထုတ်ကာ ချလိုက်သည်။

ညို့က မြရောင်ဖိနပ်လေးကိုယူပြီး မြရောင်ခြေထောက်မှာစွပ်ကာ ဖိနပ်ကြိုးကို ချည်ပေးရင်း ...

"ကိုယ့်ဘဝမှာ ဘယ်သူ့ကိုမှ ဖိနပ်မစီးပေးခဲ့ဖူးဘူး မြရောင်ချိုချို။ မြရောင်ချိုချိုကို ကိုယ် တကယ်ချစ်မိသွားလို့ စီးပေးဖို့ ဆုံးဖြတ်လိုက်တာပဲ"

မြရောင်သည် သူ့စကားကြားပြီး မျက်ရည်တွေကျလာသည်။ ဝမ်းသာလို့ ကျတာလား။ ဝမ်းနည်းလို့ ကျတာလား ဆိုတာတော့ မြရောင်ပဲ အသိဆုံးဖြစ်မှာပါ။

ဖိနပ်စီးပြီးတော့ မြရောင်သည် မောင်ဟိန်းနဲ့ ညို့ကြားမှာ ရပ်လိုက်ကာ ...





"ညို့"

"ပြောလေ မြရောင်ချိုချို"

"ညို့နဖူးကို မြရောင် နမ်းချင်တယ်"

"ဟာ"

ညို့မျက်နှာက ဝင်းထိန်သွားသည်။

"မောင်ဟိန်း"

"ပြော ... မြရောင်"

"ကိုယ်နဲ့ လက်ထပ်မယ့် မိန်းကလေးက ကိုယ့်ရှေ့မှာ သူ့ရဲ့ချစ်သူကို နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့ရော၊ ဖိနပ်စီးပေးခအတွက်ရော အနမ်းတစ်ပွင့်ပေးခဲ့ရင် မောင်ဟိန်း ကြည်ဖြူနိုင်မလားဟင်"

"ဟာ ... မြရောင်လေး"

မြရောင်သည် စာရွက်ကလေးကို သူတို့နှစ်ယောက် မြင်အောင် ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်တည်းက မြရောင်ကို ဖိနပ်မစီးပေးတဲ့သူနဲ့ မြရောင် လက်ထပ်မယ်၊ တကယ်လို့ နှစ်ယောက်လုံးက မစီးပေးဘူးဆိုရင်တော့ မြရောင် နှစ်ယောက်လုံးကို လက်မထပ်တော့ဘူး။ အဲဒါ မြရောင်အတွက် ကံကြမ္မာကစီရင်ပေးတဲ့ တရားပဲ"

စာရွက်ကိုဖတ်ပြီး ညို့က တောက်ခတ်သည်။ မောင်ဟိန်းက ထခုန်သည်။

"မြရောင် နမ်းရမလား ညို့"

"တော်တော့ မြရောင်ချိုချို၊ မင်း တော်လိုက်တော့။ မင်း နှလုံးသားကံစမ်းမဲရဲ့ နှစ်သိမ့်ဆုကို ငါမလိုချင်ဘူး"

ညို့က ကားပေါ်တက်ကာ တရကြမ်း မောင်းထွက်သွား၏။

မောင်ဟိန်းက မြရောင်ကို နွေးထွေးသောလက်တစ်စုံဖြင့် ထွေးပွေ့လာ၏။



BURMESE CLASSIC .com



"ညို့ပြောသလိုဆို ကိုယ်က နှလုံးသားကံစမ်းမဲမှာ ပထမဆု ရခဲ့တာပေါ့နော်"

"မဟုတ်ဘူး၊ ကံကြမ္မာကပေးတဲ့ဆုကို ရတာ"

မောင်ဟိန်းရဲ့အနမ်းတစ်ပွင့် မြရောင်ပါးပေါ်လာနားတဲ့အချိန် ဘာလို့များ မျက်ရည်ကျမိပါလိမ့်။ တကယ်ချစ်ခဲ့ပါတယ် ညို့ရယ် ဟူသော အသံတိုးတိုးလေးကို မောင်ဟိန်းကြားရင် ခွင့်လွှတ်မှာပါနော်။

"အိမ်ပြန်ရအောင် မောင်ဟိန်း၊ အဘွားက မြန်မြန်ပြန်လာဖို့ မှာလိုက်တယ်"

ကားလေးက လေးညို့ပမာ ကန်တော်ကြီးကို ကျောခိုင်းလိုက်တယ်။

ကားလေးခြံထဲကွေ့ဝင်လာတော့ ဘွားက ပေါ်တီကိုအောက်မှာ ရပ်စောင့်နေတယ်။

မြရောင် ကားပေါ်ကဆင်းပြီး ဘွားရင်ခွင်ထဲ ပြေးဝင်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘွားက မြရောင်ဆံပင်ကလေးတွေကို သပ်ပေး

ရင်း ...

"မြရောင် ပြန်လာမယ်မှန်းသိလို့ ဘွား ထွက်စောင့်နေတာ"

တဲ့ ...။

**မွေးမြေလန်းဆန်း ဘာဝပန်းကို**

**ထာဝရ မန်ဆင်နိုင်ကြပါစေ**

ရွှန်းရမီမိုး

13.8.2011

(Sat)

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများ ပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဇေယျာဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com